
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်- ၁၀၂၃/၂၀၀၁(၇)
အဖုံးခွင့်ပြုချက်အမှတ်- ၉၉၂/၂၀၀၁(၁၂)
အကြိမ် - ပထမအကြိမ်
ဇန်နဝါရီလ၊ ၂၀၀၂-ခုနှစ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - (၃၀၀)ကျပ်
ထုတ်ဝေသူ - ဦးထွန်းလှိုင်(ပ၅၄၃)
ချစ်စရာစာပေ
၇၅၊ ဝေပုလ္လ ၂-လမ်း၊
ဃ-ရပ်ကွက်၊ မ/ဥက္ကလာ။
အတွင်းရိုက် - ဦးဝင်းနိုင်(၀၅၃၅၁)
ဝေယံပုံနှိပ်တိုက်၊
အမှတ်-၂၅/၂၇၊
တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဆရာစံရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်ကြွေ(၀၄၇၀၀)
ရတနာမဥ္ဇူပုံနှိပ်တိုက်
အမှတ် ၂၀၇၊ ဝေဇယန္တာလမ်း၊
၁၆/၂-ရပ်ကွက်၊ သယ်ိန်းကျွန်း။
ဖြန့်ချိရေး - အောင်မြင်စာပေ၊
၂၉-ဃ၊ သီတာလမ်း၊
ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

## ဤစာအုပ်လမ်းတွင် ပါဝင်သောအခန်းစဉ်များ


၁။ အိမ်တွင်းပုန်းသော ယောက်ျားတစ်ဦး
၂။ ဆေးမိလေသလား
၃။ ငယ်အိပ်မက်
၄။ ကမ္ဘာသစ်ကလေးတစ်ခု
၅။ အိပ်လွန်းသူ
၆။ လက်စွပ်သက်သေ
၇။ လူမျိုးအခန်းထဲမှ မိန်းမအသံ
၈။ လူနှင့် တူလွန်းသူ
၉။ စက်ရုပ်နှင့် တူသောလူ
၁၀။ အရင်ဘဝက လင်မယား
၁၁။ မှတ်မိလွန်းသော အိပ်မက်တစ်ခု
၁၂။ ကြံကြီးစည်ရာ
၁၃။ ဆရာပဲ ထွက်ပြေးခြင်း
၁၄။ အဖြေမထွက်သည့်ပုစ္ဆာ
၁၅။ နားမလည်နိုင်သော ဇာတ်လမ်းတစ်ပုဒ်
၁၆။ ချစ်သူခေါ်ရာ
၁၇။ ဘဝတစ်ခု အသိုင်းအဝိုင်းတစ်ခု
၁၈။ မလိုလားအပ်သည်များကို မေ့ပစ်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### အိမ်တွင်းပုန်းသော ယောကျာ်းတစ်ဦး

နွဲ့လေးမူက မိန်းမစီး စက်ဘီးကလေးကို ခြေနင်းမှန်မှန် နင်းလာရင်းက ယူကလစ်မြိုင်ခြံကြီးရှေ့သို့ ရောက်ရှိလျှင် ဘရိတ်အုပ်ပြီး ရပ်လိုက်လေ၏။

ထုံးစံအတိုင်း ယူကလစ်မြိုင်ခြံသည် သော့ခတ်မထားဘဲ စေ့ရုံသာ စေ့ထားလေ၏။

ဤခြံမြေနှင့် ဤအိမ်ကြီးသည် နွဲ့လေးမူအတွက် သူ့လက်သူ့ခြေဖြစ်၏။ အချိန်မရွေး ဝင်လိုဝင် ထွက်လိုထွက် ဖြစ်၍ ဘယ်သူ့ကိုမှ ခွင့်တောင်းနေစရာမလို။

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးပေါ်မှ ခုန်ဆင်းပြီး နွဲ့လေးမှုသည် စက်ဘီးကို တွန်းယူလာကာ ခြံတံခါးနှစ်ချပ်ကိုဆွဲပိတ်ထားသည့် သံပတ်ပြားကြီး ချိတ်ကြီးကို ဆွဲဖွင့်လိုက်၏။

'ကျွီ…'ခနဲ မြည်ကာ တံခါးကြီး ပွင့်သွားသည်။

နွဲ့လေးမှုက စက်ဘီးကိုတွန်းသွားရင်း လက်တစ်ဖက်က စက်ဘီးဘဲလ်ကို နှိပ်သွားလေ၏။

"ကလင်…ကလင်"

နွဲ့လေးမှု၏ စက်ဘီး ဘဲလ်သံကြောင့် ယူကလစ်မြိုင်ရှိ အိမ်ဖော်မလေး နန်းစိန်က အပြေးအလွှားရောက်လာပြီး သံဘာဂျာတံခါးကို ဆွဲဖွင့်ပေးလေသည်။

"လာ…မမနွဲ့လာ၊ ကြီးကြီးမေရော အစ်ကိုလေးတို့ရော ရှိတယ်၊ ကြီးမေရေ…ဟောဒီမှာ မမနွဲ့ လာနေတယ်"

အိမ်ဖော်မလေးနန်းစိန်၏ သွက်လက်ချက်ချာ ဖော်ရွေသော လေသံက နှစ်ထပ်တိုက်ကြီးထဲတွင် ဟိန်းထွက်သွားလေ၏။

နန်းစိန်အသံကြောင့် အိပ်ရာထဲတွင် လှဲပြီး ပုတီးစိပ်နေသော ဒေါ်ခင်မေကြီး ပုတီးစိပ်ရပ်လိုက်ပြီး ပုတီးကို ခေါင်း



အုံးအောက်ထဲတွင်ထည့်လိုက်ကာ ဧည့်ခန်းဘက်သို့ လျှောက်လာလေသည်။

နွဲ့လေးမှုလည်း စက်ဘီးကလေးကို ဆင်ဝင်အောက်တွင် ရပ်ထားခဲ့ပြီးနောက် အိမ်ထဲသို့ တန်းဝင်လာခဲ့လေ၏။

ခမ်းနားလွန်းလှသော ယူကလစ်မြိုင်အိမ်ကြီးအတွင်းသို့ နွဲ့လေးမှု ပထမဆုံး ခြေချခဲ့ရသည့် အခါကမူ ဤအိမ်ခန်း အတွင်းသို့ ချက်ချင်းမဝင်ရဲခဲ့ပေ။

ခြေလှမ်းတုံ့လျက် တောင်ကြည့် မြောက်ကြည့်ဖြင့် မဝံ့ မရဲ ဖြစ်ခဲ့ရသေးသည်။

နွဲ့လေးမှု မရဲတရဲဖြစ်မည်ဆိုလျှင်လည်း ဖြစ်စရာကောင်း သည်။ ယူကလစ်မြိုင်အိမ်ကြီးက လွန်စွာ ခမ်းနား၏။

သာမန် အိမ်တစ်လုံးနှင့်ယှဉ်လျှင် အများကြီးပို၍ ကြီး၏။

ယူကလစ်မြိုင် အိမ်ကြီးသည် အိမ်ကြီးတစ်လုံးနှင့်မတူဘဲ ရဲတိုက်ကြီးတစ်ခုနှင့် တူသည်ဟု နွဲ့လေးမှု ထင်မိသည်။

နံရံတွင် ချိတ်ဆွဲထားသည့် ရှေးဟောင်း ဆေးရေးပန်း ချီကားကြီးများကစ၍ ကြမ်းပြင်ပေါ်တွင် ခင်းထားသည့် ခိုင်းလုံး ကော်ဇောကြီးများက အစ နွဲ့လေးမှု အနားတွင်

www.burmeseclassic.com



အားလုံး ကြည့်ချင်စရာ စိတ်ဝင်စားချင်စရာတွေချည်း ဖြစ်နေ လေ၏။

ညှော်ခန်းအလယ်တည့်တည့်ရှိ ကျွန်းသား နာရီအိုကြီးက ပင် စိတ်ဝင်စားစရာ။

သည်နာရီအိုကြီးက ရှေးကျသော အနောက်တိုင်း လက် ရာ ပန်းပုရုပ်တုများ ပန်းခက်ပန်းနွယ်များဖြင့် တန်ဆာဆင် ထားသော်လည်း နာရီစက်ကမူ တိတိကျကျပြလျက်ရှိသည်။

ဆယ့်ငါးမိနစ် တစ်ကြိမ် ငှက်ကလေးတစ်ကောင် ထွက် လာပြီး အော်မြည်သည်ကလည်း စိတ်ဝင်စားစရာ ကောင်း လှ၏။

ယခု ဆယ်နှစ်ကျော်အထိလည်း နာရီအိုကြီးက ဘာမှ ဖြစ်ပုံမရသေး။ 'တစ်ကအောက်၊ တစ်ကအောက်' မြည်လျက် သွားနေဆဲ၊ ဆယ့်ငါးမိနစ် တစ်ကြိမ်ကျ ငှက်ကလေးက ထွက်ပြီး အော်မြည်ဆဲ....။

"ဥဩ....ဥဩ....ဥဩ"

နွဲ့လေးမူက ဆက်တီပေါ် ထိုင်လိုက်သည်။ နာရီပေါ်မှ ငှက်ကလေးက နှုတ်ဆက်သလိုလို ဘာလိုလို အသံမြည်လိုက် သည်။



"ဟော....သမီးလေး နွဲ့လေးမူ ရောက်နေပါလား....ဘယ့် နှယ်လဲဟေ့ နောက်ဆုံးနှစ်စာမေးပွဲ ဖြေနိုင်ရဲ့လား"

ဒေါ်ခင်မေကြီးက ပြေမလျော့နေသည့် ဆံပင်ကို ရစ်ပတ် ဆုံးနှောင်လျက် ဆက်တီမှာဝင်ထိုင်ရင်း မေးလိုက်သည်။

' ဖြေနိုင်ပါတယ် ကြီးမေ၊ ဒါနဲ့ ကိုကိုရောဟင်"

နွဲ့လေးမူက ဟန်ပင်မဆောင်နိုင်တော့ဘဲ သူတွေ့လိုသည့် သူကို တန်း၍မေးလိုက်၏။

"ညည်း ကိုကိုလား....ရှိတယ်သမီး၊ သူက သမီးထက် ဆယ်ရက်စောပြီး မြို့ကိုပြန်ရောက်ဘယ်၊ သူတို့က စော စော ဖြေရတယ်မဟုတ်လား"

"ဟုတ်တယ် ကြီးမေ၊ နွဲ့လေးက မြို့ကိုအတူတူပြန်ကြရ အောင် စောင့်ပါဦး ကိုကိုရယ်လို့ပြောတာတောင် ကြီးမေ သားက အားနာပါးနာနဲ့ မစောင့်ဘူးလေ၊ မြို့ကို ချက်ချင်း ပြန်ချလာခဲ့တာ၊ တကတဲ.... မရောက်ဖူးတဲ့အရပ် ကျနေ သလား"

"မပြောတတ်ပါဘူး သမီးရယ်၊ သားမောင်မျိုးဆော်ကတော့ ဒီအတိုင်းချည်းပါပဲ၊ သူ့စိတ်နဲ့မထင်ရင် မထင်သလို လုပ်တတ်တာ သမီးလဲ သိသားနဲ့"

www.burmeseclassic.com



"ဟုတ်တယ် ကြီးမေ၊ သမီးလဲ စဉ်းစားပါသေးတယ်၊ ဒီရောက်ပြီး သူ့ကို ချက်ချင်းလာမတွေ့ဘဲ လေး ငါး ဆယ်ရက်လောက် စိတ်ကောက်နေလိုက်ဦးမယ် ဆိုပြီးတော့...."

"နို့....အခု ဘာဖြစ်လို့ မကောက်တော့တာလဲ သမီးရဲ့"

ဒေါ်ခင်မေကြီး၏ အမေးကြောင့် နွဲ့လေးမှု ပြုံးဖြဲဖြဲ လုပ်လိုက်၏။

"ဟိုသင်း....သမီး ကြာကြာ စိတ်မကောက်နိုင်ဘူးကြီးမေရဲ့၊ ကျောင်းမှာ သူငယ်ချင်းတွေ အများကြီးနဲ့ နောက်လား ပြောင်လား နေခဲ့တာဆိုတော့ ဒီမြို့မှာ သိပ်ပျင်းတာပဲ၊ ကိုကိုနဲ့မှ လာမတွေ့ဘဲ စကားမပြောရဘူးဆိုရင် သမီး ပျင်းတာနဲ့ သေမှာ"

"အမယ်လေး....ဒီလောက်တောင်ပဲလား သမီးရယ်"

"ဒီထက်တောင် ဆိုသေးတယ်၊ ကြီးမေပဲ စဉ်းစားကြည့်လေ၊ ဒီမြို့မှာ ဘယ်သွားစရာရှိလို့လဲ၊ တစ်နေ့တစ်နေ့ အိမ်တွင်းပုန်း လုပ်လုပ်နေရတာနဲ့ပဲ ပျင်းစရာ ကြီးမေရယ်"

"ရေပူစမ်းဘက် သွားလည်ပါလား နွဲ့လေးမှုရဲ့"

နွဲ့လေးမှုက ခေါင်းဆတ်ညိတ်လိုက်၏။



"ဟုတ်တယ် ကြီးမေ၊ နွဲ့လေးလဲ ရေပူစမ်းဘက် သွားမလားလို့ ကိုကို့ကိုလာပြီး အဖော်စပ်တာ"

"ကောင်းသားပဲ၊ ညည်းကိုကိုလဲ တစ်နေ့တစ်နေ့ ဘယ်မှ မသွားဘဲ တကုပ်ကုပ်နဲ့ သူ့အခန်းထဲမှာပဲ စာဖတ်လိုက်၊ အိပ်လိုက်လုပ်နေတာ တော်ကြာ အညောင်းမိနေမှာတောင် ကြောက်ရသေးတယ်"

"ဟုတ်တယ် ကြီးမေရဲ့၊ ကိုကိုမျိုးဆွေ ဒီလို ဘယ်ကိုမှ မသွားဘဲ အိမ်တွင်းပုန်း လုပ်နေတာတော့ မကောင်းပါဘူးနော်"

"ကဲ....ကဲ....သမီးကိုယ်တိုင်ပဲ သူ့အခန်းသွားပြီး ခေါ်ချေတော့"

"ဟုတ်ကဲ့ ကြီးမေ၊ ရေပူစမ်းကိုတော့ မနက်မှပဲ သွားပါမယ်၊ နေ့ခင်းဘက်ဆို နေပူတယ် ကြီးမေရဲ့၊ စောစော သွား ညနေစောင်းမှ ပြန်လာတာ အကောင်းဆုံးပဲ"

"ဟုတ်တာပေါ့ကွယ်"

"နွဲ့လေးလား"

နွဲ့လေးမှုအသံက ကျယ်သလောက် အတွင်းမှ တုံ့ပြန်သံ နွဲ့လေးလား ဆိုသော အသံက တိုးညင်းလွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမျိုးဆွေ ဘာဖြစ်နေတာလဲ၊ စဉ်းစားရင်း တုံ့ပြန်လိုက်၏။

"ဟုတ်တယ်၊ နွဲ့လေးမူပါ"

"တံခါးချက်ကို လှည့်ဖွင့်လိုက်လေ၊ သော့မခတ်ထားပါဘူး"

မျိုးဆွေ၏ စကားကြောင့် နွဲ့လေးမူက အခန်းတံခါး လက်ကိုင်ဖုကို လှည့်ဖွင့်လိုက်သောအခါ "ကလစ်" ခနဲ မြည်ပြီး တံခါးပွင့်သွား၏။

မျိုးဆွေက စာရေးစားပွဲပေါ်တွင် တစ်ခုခု ရေးမှတ်နေပုံမျိုး ရှိပြီး သူဝင်လာသည်နှင့် စာအုပ်တစ်အုပ်ကို အဖုံးပိတ်ကာ ခပ်လှမ်းလှမ်းတွင် တင်ထားလိုက်၏။

ထို့နောက် ဖြည်းညင်းစွာလှည့်ရင်း နွဲ့လေးမူကို မျက်နှာချင်း ဆိုင်သည်။

"နွဲ့လေးမူ ရောက်တာကြာပြီလား"

"တစ်ကမ္ဘာလောက်ရှိပြီ၊ အောက်မှာ ကြီးမေနဲ့ စကားပြောနေတာ"



"ဟုတ်လား"

"ဟုတ်လား လုပ်မနေနဲ့ ကိုကိုမျိုးဆွေ၊ နွဲ့လေးက နွဲ့လေး စာမေးပွဲပြီးအောင် စောင့်ပါဦးဆိုတာ ဘာဖြစ်လို့ မစောင့်နိုင်ဘဲ ဘယ်အဆက်နဲ့ ချိန်းထားလို့ မြို့ကို အစောကြီး ပြန်ချလာရတာလဲ"

မျိုးဆွေက နှုတ်ခမ်းတွန့်၍ ပြုံးလိုက်၏။

"ဩော်.... နွဲ့လေးက ကိုယ့်ကို လာရန်တွေ့တာလား"

"လာရန်တွေ့တယ်လို့တော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ဘယ်ကျေနပ်ပါ့မလဲ၊ သေသေချာချာ ပြောထားရဲ့သားနဲ့"

"ကိုယ် ရန်ကုန်မှာ ကြာကြာကြီး အလကား ထိုင်စောင့်မနေနိုင်ဘူး၊ မျက်စိရှုပ် နားရှုပ်နဲ့ ကိုယ် မနေတတ်ဘူး၊ ကိုယ့်မြို့ ကိုယ့်ဒေသမှာပဲ နေချင်တယ်"

"ဟုတ်ပါ့တော်၊ ခုမှ ကိုမြို့ခင်ကြီးနဲ့လာတွေ့နေရတာပဲ၊ ဒီအတွက် ကျွန်မက အများကြီး ဂုဏ်ယူပါသတဲ့ရှင်၊ ထဲပါ ဒီလိုချည်းပဲ အိမ်ထဲကုပ်မနေနဲ့၊ တော်ကြာ ချည့်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချည့်သွားတော့လဲ အေးရော၊လမ်းလျှောက်ရသက်သာသွားတာပေါ့"

"ဩော်.... ဟုတ်လား၊ ဒုက္ခိတ ဖြစ်မှာတော့ မကြောက်ဘူးလား"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။

"နေစမ်းပါဦး ကိုကို၊ ကိုကို့ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"ကိုကို နေလို့ရော ကောင်းရဲ့လား"

"ကောင်းပါတယ်"

နွဲ့လေးမှုက ပြောပြောဆိုဆို နဖူးကို စမ်းသပ်ကြည့်လိုက်၏။

"ကိုယ်တော့ မပူပါဘူး"

"ဘယ်ဖူမလဲ၊ ကိုယ် နေကောင်းပါတယ်"

"နေကောင်းတယ်ဆိုပေမယ့် ကိုကို့ကို ကြည့်ရတာ တစ်ခုခု လိုနေသလိုပဲ၊ ငိုင်တိငိုင်တိုင်နဲ့၊ ဘာလဲ ကိုကို၊ ကျောင်း



မှာ ဘယ်ကောင်မလေးကို စွဲလမ်းပြီး ရည်းစားပွဲမိလာတာလဲ"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်ပြန်၏။

"ဒါပဲနော် ကိုကို၊ ရှုပ်ရှုပ်ယှက်ယှက်တွေတော့ မလုပ်နဲ့၊ နွဲ့လေးက သည်းခံမှာမဟုတ်ဘူး"

ပိုင်စိုးပိုင်နင်း ပြောနေသည့် နွဲ့လေးမှုကို ကြည့်ရင်း မျိုးဆွေက သက်ပြင်းရှိုက်လိုက်၏။

"ကဲပါ အဲဒါတွေထားလိုက်တော့၊ နွဲ့လေးလေ ရေပူစမ်းမှာ အပန်းသွားဖြေချင်လို့၊ အဲဒါ ကိုကို့ကိုလာခေါ်တာ၊ လိုက်မယ်မဟုတ်လားဟင် ကိုကို"

"ရေပူစမ်းကို...."

မျိုးဆွေက ကြောင်အအ အမူအရာဖြင့် မေးခွန်းပြန်ထုတ်လိုက်၏။

"ဟုတ်တယ်လေ၊ ရေပူစမ်းကို သွားမယ်လေ ကိုကိုရဲ့၊ ဟိုကျရင် ရေပူစမ်းထဲမှာ ဆင်းစိမ်မယ်၊ ဒါမှ စာမေးပွဲတုန်းက စာကြည့်ခဲ့ရလို့ ညောင်းညာခဲ့ရတဲ့ အကြောတွေ အားလုံး ပြေပြီး နေလို့ထိုင်လို့ကောင်းမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမှ အကြောမတက်တာ"

မျိုးဆွေက နွဲ့လေးမူကို စေ့စေ့စွေစွေ ကြည့်ရင်းက ပြန်ပြောလိုက်၏။

"ကိုကို အကြောမတက်ပေမယ့် နွဲ့လေးကတော့ တက်တယ်ရှင့်၊ ဒါကြောင့် နွဲ့လေးတော့ ရေပူစမ်းရေမှာ သွားစိမ်မှကို ဖြစ်မှာ"

"ကိုကို မလိုက်လို့ မဖြစ်ဘူးလား"

"ဟာ...."

နွဲ့လေးမူက ခုတင်စောင်းတွင် ထိုင်နေရာမှ ခုန်ထလိုက်သည်။

မျိုးဆွေက သူ့ကို ငေးစိုက်ကြည့်နေသည်။

"ဘာပြောတယ် ကိုကို၊ နွဲ့လေးကို ကိုကို လိုက်မပို့ချင်ဘူးလား"

"လိုက်မပို့ချင်လို့ ပြောတာမဟုတ်ဘူး၊ ကိုကိုသွားရမှာ ပျင်းလို့"

"ဩော်...အပျင်းပြေအောင် ရေပူစမ်း သွားပါ့မယ်ဆိုမှ သူက သွားဖို့ကို ပျင်းနေတယ်၊ နေစမ်းပါဦး ကိုကို၊ ကိုကိုက



သူများနဲ့ မသွားချင်ရင် ဘယ်သူနဲ့များ သွားချင်နေသေးလို့လဲ...."

"အဲလိုလဲ မဟုတ်ပါဘူး နွဲ့လေးရယ်"

"အဲလို မဟုတ်ရင် ကိုကို နွဲ့လေးကို လိုက်ပို့ရမှာပဲ၊ မရဘူး....မရဘူး"

နွဲ့လေးမူက ကလေးဆိုးကြီး တစ်ယောက်လို မျိုးဆွေ၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းရင်းက ပြောလိုက်သည်။

မျိုးဆွေ မငြင်းသာတော့....

"ကဲပါ နွဲ့လေးရယ်....ကိုကိုလိုက်ပို့ပါ့မယ်"

"ဟေး....ဒါမှ တို့ကိုကိုကွ"

နွဲ့လေးမူက ကလေးတစ်ယောက်လိုပင် လက်ခုပ် လက်ဝါးတီးကာ ပျော်ရွှင်သွားလေ၏။

"ဘယ်တော့သွားမှာလဲ နွဲ့လေး"

"မနက်ဖြန် မနက်စောစော နေမပူခင် သွားချင်တယ် ထင်တို့၊ တို့မှာစားဖို့သောက်ဖို့ နွဲ့လေးအားလုံးစီစဉ်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ကြီး မိုးဦးကိုပါ ခေါ်သွားရင် ကောင်းမလား"

"ကောင်းတာပေါ့ ကိုကို"

အခုမှပင် နွဲ့လေးမူ၏ မျက်နှာသည် တိမ်မြူ ကင်းစင်သည့် လမင်းကဲ့သို့ပင် ဝင်းပသွားလေတော့၏။

မျိုးဆွေကမူ နွဲ့လေးမူ မသိအောင် သက်ပြင်းတစ်ချက် ချိုးရှိုက်လိုက်မိ၏။

★

အခန်း (၂)

ဆေးမိလေသလား

နောက်နေ့ နံနက်စောစော ရေပူစမ်းသို့ သွားကြသည့်အခါ မျိုးဆွေက နွဲ့လေးမူကို ဝင်ခေါ်ပြီး နောက်သူငယ်ချင်းဖြစ်သူ ဆရာဝန်ပေါက်စ မိုးဦးကိုဝင်၍ ခေါ်ခြင်း၏။

မိုးဦးကလည်း အားနေသည့် ရက်ပိုင်းဖြစ်သောကြောင့် အလွယ်တကူပင် လိုက်ပါလာခဲ့လေ၏။

ထင်းရှူးပင်တန်းများကြားတွင် တသွင်သွင်စီးဆင်းနေသော ရေပူစမ်းကလေးဖြစ်သောကြောင့် အရိပ်အာဝါသ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီး သာယာလွမ်းမောဖွယ် ကောင်းသည့် နေရာတစ်နေရာ ဖြစ်၏။

တောအုပ်ညိုညိုထဲတွင် နေထိုင်ကျက်စားနေကြသော ငှက်မျိုးစုံတို့၏ အော်မြည်သံသည် ချောင်းရေစီးသံ တသွင်သွင်ကို ထိုးဖောက်ပြီး ထွက်ပေါ်နေ၏။

မျိုးဆွေသည် ကားကလေးကို ကားရပ်နားရန် စခန်းဆီသို့ မောင်းသွားလိုက်ပြီးမှ သုံးဦးသား ရေပူစမ်း စမ်းချောင်းဘက်သို့ ထွက်ခဲ့ကြသည်။

"စားစရာ ဆွဲခြင်း ငါ့ကို ပေးပါကွာ၊ မင်းတို့ သမီးရည်းစားနှစ်ယောက် ရှေ့က လွတ်လွတ်လပ်လပ် လျှောက်စမ်းပါ"

မိုးဦးက ပြောပြောဆိုဆို မျိုးဆွေ၏လက်ထဲမှ တြိမ်ခြင်းတောင်းကို လှမ်းယူလိုက်သည်။

"အင်း....ဆရာဝန်ကြီးလဲ နွဲ့လေးတို့နဲ့ ပေါင်းမှပဲ ခြင်းကိုင်ကြီး ဖြစ်တော့တယ်နော်....ဟီဟိ"

"ခြင်းကိုင်ကြီးလို့ မခေါ်ရဘူး နွဲ့လေးရဲ့၊ ကုလားထိုးခြင်းဆွဲလို့ ခေါ်တယ် သိလား၊ ဟားဟား ဟားဟား"



ပျော်တတ်သော မိုးဦးက သူ့စကားနှင့်သူ ပြောရင်းဟားဟား ရယ်လိုက်၏။

သူတို့နှစ်ယောက်သား ရယ်မော ပြောဆိုနေကြသော်လည်း မရယ်နိုင် မပြုံးနိုင် တိတ်ဆိတ်နေသူက မျိုးဆွေဖြစ်၏။

မျိုးဆွေက လူကသာ ရေပူစမ်းသို့ လိုက်ပါခဲ့ပြီး စိတ်ကတခြားသို့ လွင့်ပျံ့ရောက်ရှိနေပုံရ၏။

သစ်ပင်ရိပ်ကောင်းကောင်း ကုန်းစောင်း တစ်နေရာသို့ ရောက်သောအခါ မိုးဦးသည် ခြေစုံရပ်လိုက်၏။ ထို့နောက် ခြင်းတောင်းကို မြက်ခင်းပေါ် ချလိုက်၏။

"ဒီနေရာမှာ စတည်းချမယ်ဟော့၊ အရိပ်လဲကောင်း၊ မြက်ခင်းလဲ ကောင်း၊ ရေပူစမ်းချောင်းနဲ့လဲ နီးတယ်၊ ဘယ့်နှယ်လဲ"

"ကောင်းသားပဲ ကိုမိုးဦး"

မိုးဦး၏ အဆိုကို နွဲ့လေးမှုက ထောက်ခံစကားဆို၏။

www.burmeseclassic.com



မျိုးဆွေကမူ အင်းမလုပ် အဲမလုပ်၊ တစ်ချိန်လုံး အရုပ်တစ်ရုပ်လိုပင် လိုက်ပါလာနေသည်။

မိုးဦးနှင့် နွဲ့လေးမူတို့က ခြင်းထဲထွင်ပါလာသည့် မိုးရေတာ ဖျာကို ဆွဲထုတ်ယူကာ အခင်း ခင်းလိုက်သည်။

ထို့နောက် နွဲ့လေးမူက ခြင်းထဲတွင် အသင့်ယူဆောင်လာသည့် ဓာတ်ဘူးနှင့် စားစရာ သောက်စရာများကို အစီအရီ ထုတ်ယူချထားသည်။

"မဆာကြသေးဘူး မဟုတ်လား၊ နွဲ့လေးတော့ ရေအရင်စိမ်လိုက်ဦးမယ်၊ ကိုကိုကော ရေမချိုးသေးဘူးလားဟင်"

မျိုးဆွေက ခေါင်းယမ်းပြ၏။

"အင်းလေ.... ခဏနေမှ ချိုးပေါ့"

နွဲ့လေးမူက ပြောပြောဆိုဆို ချုံလယ်တစ်ခုသို့ သွားသည်၊ အဝတ်အစားလဲသည်။

ကြားရက် ဖြစ်သောကြောင့် ရေပူစမ်းတွင် လူမများသဖြင့် နွဲ့လေးမူက လွတ်လပ်စွာ အဝတ်လဲလှယ်ခွင့်ရသည်။



မကြာခင် ခပ်လှမ်းလှမ်းရှိ ရေပူစမ်းထဲသို့ နွဲ့လေးမူ ရောက်ရှိနေပြီဖြစ်သည်။

စမ်းချောင်းရေ အငွေ့တထောင်းထောင်းထဲတွင် နွဲ့လေးတာ ဒေါင်းမလေးလို ကြော့ကြော့မော့မော့ကလေး လှုပ်ရှားနေသည်။

ထင်းရှူးပင်တန်းများကို ဖြတ်သန်းစီးဆင်း ရောက်ရှိလာသည့် နေရောင်ခြည်တန်းများက နွဲ့လေးမူ၏ ခန္ဓာကိုယ်အပေါ်ပိုင်းကို ထိတွေ့ပွေ့ဖက်ထားလေ၏။

နွဲ့လေးမူ ရေပူစမ်းထဲတွင် ရေစိမ်နေသော နေရာသည် မျိုးဆွေတို့ထိုင်နေကြသော သစ်ပင်ရိပ် ကုန်းစောင်းနှင့် အတန်ငယ် အလှမ်းဝေး၏။

တောစံပယ်ချုံနွယ်များနှင့်လည်း အကွယ်အကာ ဖြစ်နေသဖြင့် နွဲ့လေးမူ ရေချိုးနေသည်ကို ပီပီပြင်ပြင် မမြင်ရချေ။

ဖြူဖြူဖွေးနေသော တောစံပယ်ပန်းတို့၏ ဝတ်ဆံရုပ်ကလေးများသည် လေပြည်ထဲတွင် လွင့်ပျံ့ပါလာကာ သင်းသင်း မွှေးလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေသည် ပန်းရနံ့များ မွှေးပျံ့နေသည်ကို လည်းကောင်း၊ ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်၏ သာယာလှပနေမှုကို လည်းကောင်း ခံစားပျော်ရွှင်နေပုံ မရချေ။

မျိုးဆွေ၏ ခန္ဓာကိုယ်ကြီးသည် ရေပူစမ်းနံဘေးတွင် ရှိနေပါလျက် သူ၏စိတ်အလျဉ်သည် တိုး အဝေးကြီးဆီသို့ လွင့်ပျံ့မျောပါနေသကဲ့သို့ ရှိ၏။

မိုးဦးသည် သူငယ်ချင်းဖြစ်သူ မျိုးဆွေ၏ ငိုင်တိငိုင်တိုင် အမူအရာကိုကြည့်ရင်း အားမလိုအားမရ ဖြစ်မိလေ၏။

"ဟေ့ကောင် မျိုးဆွေ၊ မင်း ဘာတွေတွေးပြီး ငေးနေရတာတုံး၊ ငါတို့နဲ့ ပျော်ပျော်ရွှင်ရွှင် ပျော်ပွဲစားထွက်လာတာ မပျော်ဘူးလား"

မိုးဦးက မျိုးဆွေ၏ လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းရင်း မေးလိုက်၏။

"ပျော်ပါတယ်ကွာ"

"ပျော်တယ်သာဆိုတယ် မင်းကိုကြည့်ရတာ ငိုင်တိငိုင်တိုင်နဲ့၊ ဘာလဲ ရည်းစားပူမိနေတာလား၊ နွဲ့လေးမူအပြင် မင်းမှာ တခြားရည်းစားများ ရှိနေလို့လား"



မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။

"ဒါဖြင့်လဲကွာ အခုလို နွဲ့လေးမူနဲ့လာတုန်းအခိုက်မှာ ပျော်ပျော်ပါးပါး နေပါလား၊ မင်းက ခုလိုကြီးလုပ်နေတော့ နွဲ့လေးမူက ပျော်နိုင်ပါ့မလား၊ ပြီးတော့ ငါကိုယ်တိုင်လဲ အနေရအထိုင်ရ ခက်တယ်ကွ၊ ကဲပါကွာ...မင်းလဲ စမ်းချောင်းထဲ ရေသွားချိုးစမ်းပါ၊ နွဲ့လေးမူ တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"ရပါတယ်ကွာ"

"ရပါတယ်ကွာ လုပ်မနေနဲ့၊ သွား ဟေ့ကောင်၊ သူ့ခမျာ မျှော်နေမှာ သေချာတယ်"

မိုးဦးက ပြောပြောဆိုဆို တိုက်တိုက်တွန်းတွန်း လုပ်လိုက်သဖြင့် မျိုးဆွေက နေရာမှ မထချင်ထချင် ထသည်။ အင်္ကျီလုံချည်များ ချွတ်ကာ ရေကူးဘောင်းဘီဖြင့် ခပ်လေးလေးပင် ကုန်းစောင်းဘက် ဆင်းသွားခဲ့သည်။

မျိုးဆွေ ရေပူစမ်းထဲ ဆင်းသွားပြီး မကြာခင်မှာပင် အဝတ်အစားများလဲလှယ်ပြီး နွဲ့လေးမူ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"တင်— နွဲ့လေးမူ ရေချိုးပြီးပြီလား၊ ဟိုကောင်ကြီး ကော"

"ကိုမိုးဦးသူငယ်ချင်းတစ်ယောက်တော့ ရေပူစမ်းထဲမှာ ကျွဲကြီးတစ်ကောင်လို ရေစိမ်ပြီး ကျန်ခဲ့ပါတယ်"

"ကျွဲကြီးတစ်ကောင်လို ဟုတ်လား၊ ဖှား.... ဟား.... ဟား.... ဟား.... ကျွဲကြီးဆိုရင်တော့ မျိုးဆွေ အသားဖြူတဲ့ အတွက် ကျွဲဖြူကြီးပဲ ဖြစ်ရမယ်"

"ဟုတ်တယ် ကိုမိုးဦး၊ ရှင့်ရဲ့သူငယ်ချင်း ကျွဲဖြူကြီးက ကျွန်မကို ဘာစကားမှလဲ မပြောဘဲနဲ့ သူ့ဘာသာ ရေစိမ် နေတယ်လေ၊ လူကသာ ရေပူစမ်းထဲမှာရှိနေတာ သူ့ရဲ့ စိတ်က တခြားကိုရောက်နေသလိုပဲ"

"ဟုတ်တယ် နွဲ့လေးမူ၊ ကျွန်တော်လဲ ဒီကောင်ကြီးကို သတိထားမိတယ်၊ သူ့စိတ်တွေက တခြားကို ရောက်နေ သလိုပဲ"

"ရှင့်သူငယ်ချင်းကိုလဲ အချင်းချင်း သေချာမေးမြန်း ကြည့်ပါဦးနော်၊ တော်ကြာ တခြား ချစ်သူတွေ ဘာတွေ များ ကျွန်မတို့မသိဘဲ ရှိနေသလား မပြောတတ်ဘူး"



"ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး နွဲ့လေးမူရယ်၊ ကျွန် တော့် သူငယ်ချင်းက ဒီလောက်တောင် သစ္စာမဲ့မယ် မထင် ပါဘူး"

"ဒါတော့ ကျွန်မ မပြောတတ်ဘူးလေ၊ ဖြစ်နေတဲ့ပုံစံ ကတော့ ရည်းစားပူမိနေတဲ့အတိုင်းပဲ၊ မဟုတ်ဘူးလား"

မိုးဦးက ခေါင်းတစ်ချက်ဆတ်၍ ညိတ်လိုက်၏။

"အင်းလေ.... ဘာပဲဖြစ်ဖြစ် သူ ဘာဖြစ်နေသလဲဆိုတာ ကိုတော့ ကျွန်တော် ရအောင် စုံစမ်းကြည့်ပေးပါ့မယ်၊ ရောဂါတွေဘာတွေများ ဖြစ်နေသလားလဲ မပြောတတ်ဘူး"

"ခေတ်အမီဆုံးရောဂါဝေဒနာတော့ မဟုတ်တန်ကောင်း ပါဘူးနော် ကိုမိုးဦး"

"ကြံကြီးစည်ရာ နွဲ့လေးမူရယ်၊ ဒါတော့ မဖြစ်နိုင်ပါ ဘူး၊ တခြားရောဂါတစ်ခုခုကို ဆိုလိုတာပါ"

"မြန်မြန်စုံစမ်းပေးပါ ကိုမိုးဦးရယ်၊ တော်ကြာ မဖြစ် သင့်တာတွေ ဖြစ်နေပါဦးမယ်၊ ပြီးတော့ ရိုးရိုးရဲ့လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးမူ၏စကားကြောင့် မိုးဦး အံ့သြသလိုဖြစ်သွားပြီး လှမ်းကြည့်သည်။

"ဘာကိုလဲ၊ ဘာ့ကို ရိုးမှရိုးရဲ့လားလို့ ပြောတာလဲ"

"ဟိုလေ....လူကြီးတွေပြောတဲ့ ပယောဂဆိုလား၊ ဘာဆိုလား၊ လူပြုစားတာဆိုလား၊ အဲဒါ.... အဲဒါမျိုး ဖြစ်နေမလားလို့ ပြောတာ"

မိုးဦးက ခေါင်းကို ယမ်းခါလိုက်၏။

"ပြီးတော့ ဆေးမိတာတို့၊ ဆေးခတ်တာတို့ကော ဖြစ်နေနိုင်မလား"

မိုးဦးက ခေါင်းကို ထပ်မံယမ်းခါပစ်လိုက်ပြန်၏။

"နွဲ့လေးမူကလဲလေ ခေတ်ပညာတတ် မိန်းကလေးတစ်ယောက် လုပ်နေပြီး ဒီခေတ်ဟောင်း ခေတ်ဆွေးက အတွေးအခေါ်တွေကို ဘာဖြစ်လို့ ခေါင်းထဲထည့်ထားရတာလဲ၊ ထုတ်ပစ်လိုက်စမ်းပါ၊ နှစ်ဆယ့်တစ်ရာစုခေတ်ကြီးနဲ့ အမီလိုက်ပြီး အတွေးအခေါ် အဟောင်းအမျှင်းတွေကို လက်ခံ ထားမနေစမ်းပါနဲ့၊ တခြား တစ်ခုခု အဖြေရှိမှာပါ၊



ကျွန်တော် သေသေချာချာ စုံစမ်းပါမယ်၊ ဟဲ.... ကျွန်တော်လဲ သူ့နောက်လိုက်ပြီး ရေချိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုမိုးဦး"

ပြောပြောဆိုဆို မိုးဦးလည်း မျိုးဆွေ ရေချိုးနေရာသို့ အပြေးအလွှား ဆင်းသွားလေတော့၏။

ထိုအခါ နွဲ့လေးမူလည်း နေ့လယ်စာ စားသောက်ရန် အစားအသောက်များကို ပြင်ဆင်နေလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ယော်ဆိပ်ခက်

နောက်တစ်နေ့ မနက်စောစော မှာပင် မိုးဦးသည် မျိုးဆွေရှိရာ ယူကလစ်မြို့သို့ ဆိုင်ကယ်ဖြင့် ရောက်လာခဲ့သည်။

ဧည့်ခန်းတွင် ဒေါ်ခင်မေကြီးနှင့် အရင်တွေ့ရ၏။

မျိုးဆွေ အပေါ်ထပ်ရှိ သူ့အခန်းထဲမှာပဲ ရှိနေသည် ဟူသောကြောင့် မိုးဦးလည်း ကျွန်းသားပွတ်လုံး လက်ရန်းများဖြင့် ခမ်းနားလှသော လှေကားကြီးမှ တစ်ဆင့် အပေါ်သို့ တက်ခဲ့ရ၏။



မျိုးဆွေ့အခန်းက သော့မခတ်ထားသောကြောင့် အလွယ်တကူပင် ဝင်လာနိုင်ခဲ့သည်။

အခန်းထဲတွင် မျိုးဆွေ ရှိနေသော်လည်း စာဖတ်မနေပါ။

ခုတင်ပေါ်တွင် လှဲလျက် မျက်လုံးများက ဖွင့်ထားလျက်ရှိသည်။ ခြင်ထောင်အမိုးကို စိုက်ကြည့်ရင်း စိတ်က အဝေးသို့ လွင့်ပျံနေသည့် အနေအထားမျိုးပင် ဖြစ်၏။

"မျိုးဆွေ"

မိုးဦးက အခန်းတွင်းသို့ ဝင်ဝင်ချင်း နာမည်ခေါ်ပြီး အသံပြုလိုက်သော်လည်း မျိုးဆွေက ကြားပုံမပေါ်။

သူ့အာရုံထဲမှာပင် နစ်မျောနေဟန်ရှိသည်။

"မျိုးဆွေ"

မိုးဦးက အခန်းထဲသို့ လျှောက်လှမ်းဝင်လာပြီး ဒုတိယအကြိမ် ထပ်ခေါ်လိုက်ပြန်၏။

သည်တော့မှ ကြားသွားပြီး မျိုးဆွေက ခေါင်းထောင်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေရာမှလည်း ထ၍ထိုင်လိုက်သည်။

"မိုးဦးပါလား လာကွာ၊ စောစောစီးစီး ဘာကိစ္စရှိလို့လဲ"

မိုးဦးက ခုတင်စွန်းတွင် ဝင်ထိုင်လိုက်၏။

"ကိစ္စကို ပြောရမယ်ဆိုရင်တော့ မင်း အခုလို ငူငူငိုင်ငိုင်ကြီး ဖြစ်နေတဲ့အကြောင်း သိချင်လို့ လာခဲ့တာပဲကွ"

မျိုးဆွေက ဘာမျှ တုံ့ပြန်စကားမပြောဘဲ ငြိမ်နေလိုက်သည်။

"မင်း နေကောင်းရဲ့လားမျိုးဆွေ"

"ကောင်းပါတယ်"

"ကောင်းပါတယ်သာဆိုတယ် မင်းကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ မင်းပုံစံကိုကြည့်ပြီး နွဲ့လေးမှုကတော့ တောင်ထင်မြောက်ထင် ထင်နေတယ်"

"ဘယ်လိုထင်တာလဲ"

"ဘယ်လိုထင်ရမလဲ၊ ငါထင်သလို ထင်တာပဲပေါ့၊ သူ့အပြင် တခြား ရည်းစားတွေဘာတွေများ ရှိနေပြီလား



တွေးတာပေါ့၊ ပြီးတော့ ဆေးတွေဘာတွေ မိနေသလား၊ မှူးစားခံရသလားလို့တောင် သူက ထင်နေတာ"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။

"မင်းမှာ ဘာပြဿနာရှိနေသလဲ မျိုးဆွေ၊ မင်းမှာ တခြား မထွေးသာ မအန်သာ ကိစ္စတွေများ ရှိနေတယ်ဆိုရင် ငါ့ကို မကွယ်မဝှက်ဘဲ ထုတ်ပြောပါလား၊ မင်းနဲ့ ငါနဲ့က ငယ်သူငယ်ချင်းတွေပဲ၊ မင်း ငါ့ကိုမပြောလို့ ဘယ်သူ့ကို သွားပြီး ပြောရမှာလဲ"

မျိုးဆွေက လေးလံသော သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကဲ.... ဘယ့်နှယ်လဲ မျိုးဆွေ၊ မင်း ငါ့ကိုပြောမယ် မဟုတ်လား"

"ငါပြောတဲ့အကြောင်းတွေ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ မင်း ကတိပေးနိုင်မလား"

မျိုးဆွေက မိုးဦးကို အကဲခတ်ကြည့် ကြည့်ရင်း ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေထံမှ အကြောင်းအရာတစ်ခု ရတော့မည် ဖြစ်သောကြောင့် မိုးဦး အားတက်သွားသည်။

"တခြားလူ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ လွယ်လွယ်နဲ့ ကတိမပေးချင်ဘူး သူငယ်ချင်း၊ ဘာဖြစ်လို့လဲဆိုတော့ ခုပဲကြည့်၊ နွဲ့လေးမူဆိုရင် မင်း ဘာတွေဖြစ်နေသလဲဆိုတာ သိပ်ပြီး သိချင်နေရှာတယ်၊ စိုးလဲ စိုးရိမ်နေထယ်၊ တစ်ခုခုတော့ နှစ်သိမ့်စရာပြောနိုင်မှ စိတ်ချမ်းသာမှာ၊ ပြီးတော့ မင်းအမေကြီးလဲ မင်း ခုလို ငူငူငိုင်ငိုင် ဖြစ်နေတာကို သိချင်မှာပဲ၊ မဟုတ်ဘူးလား"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။

"ငါ မင်းကိုပြောပြမယ့် အကြောင်းအရာတွေကို တခြားလူကို ပြောလို့တော့ မဖြစ်ဘူး မိုးဦး၊ ဘာလို့လဲဆိုတော့ ငါပြောမယ့် အကြောင်းအရာတွေကို ကြားရရင် တခြားလူ မဟုတ်ဘူး မင်းတောင်မှ တစ်မျိုးဖြစ်သွားနိုင်တယ်"

"ဘာလို့လဲ"

"ငါပြောမယ့် အကြောင်းအရာ တွေက မင်းအတွက် အထူးအဆန်းတွေ ဖြစ်နေလိမ့်မယ်၊ မယုံသင်္ကာ ဖြစ်နိုင်



တယ်၊ ယုန်ထင် ကြောင်ထင် ထင်နိုင်တယ်လေကွာ၊ ဒါကြောင့် ဒီအကြောင်းတွေကို ငါ ဘယ်သူ့ကိုမှ မပြောဘဲထားတာ၊ မင်းကိုပြောပြမယ်ဆိုတာတောင် ငါ့အဖို့ အများကြီး စွန့်စားရဦးမှာ"

"အေးလေ.... မင်းက ပြန်မပြောပါနဲ့ ဆိုတော့လဲ မပြောဘဲ နေရမှာပေါ့၊ ဒါပေမယ့် မင်းရဲ့ ကိုယ်ရေးကိုယ်တာကို မထိခိုက်မယ့် အနေအထားမျိုးက သူတို့တွေ မစိုးရိမ်အောင်တော့ နှစ်သိမ့်စကားမျိုးပြောသင့်ရင် ပြောရတာပေါ့၊ မဟုတ်ဘူးလား"

"ဒါတော့ မင်းသဘောပဲ၊ ငါကတော့ ဒီအကြောင်းအရာတွေကို ဘယ်သူ့ကိုမှတောင် ပြောပြချင်တာမဟုတ်ဘူးကွ မိုးဦးရ"

"ဘာပဲဖြစ်ဖြစ် ငါ့ကိုတော့ မင်း ပြောပြသင့်ပါတယ်လေ"

"အင်းလေ.... ပြောပြပါဆိုတော့လဲ ပြောပြရတော့မှာပေါ့ကွာ၊ မင်း စိတ်ရှည်ရှည်ထားပြီး နားထောင်နိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေ၏ စကားကြောင့် မိုးဦးက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"ငါက ဆရာဝန်တစ်ယောက်မို့ မျိုးဆွေရာ၊ မင်းလို အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ပြောမယ့် စကားကို မပြောနဲ့ ကိုယ်နဲ့ တစ်ခါမှမမြင်ဖူးတဲ့ လူနာတွေရဲ့ စကားကိုတောင် ခရေစေ့တွင်းကျ နားထောင်ရတဲ့အလုပ်၊ တစ်ဖက်သား စကားကို စိတ်ရှည်လက်ရှည် နားထောင်ရတဲ့အလုပ်ဟာ ငါ့အဖို့ အဆန်းမဟုတ်တော့ပါဘူး၊ ပြောမှာသာ ပြောစမ်းပါ၊ မင်းကို ဒီကနေ့ ငါ တစ်နေကုန် အချိန်ပေးနိုင်ပါတယ် မျိုးဆွေရာ"

"ဒါဖြင့်လဲ ပြီးရော၊ ငါပြောမယ်၊ ဒါပေမဲ့... ပြောမယ်ဆိုတော့ ဘယ်ကနေ ဘယ်လိုစပြီး ပြောရမှန်းတောင် မသိဘူး"

"စချင်တဲ့နေရာကစ၊ ပြောချင်တဲ့နေရာက ပြော၊ ငါ့မှာ နားထောင်ရမယ့်တာဝန်ရှိတယ်၊ အေး.... ဒီလိုပဲ မင်းကလဲ ငါ့ကို မကွယ်မဝှက် အစအဆုံးပြောရမယ့်တာဝန် ရှိတယ်နော် မျိုးဆွေ"



"အေးပါကွာ ငါပြောပြပါ့မယ်....၊ ဒီအကြောင်းတွေ မပြောခင် မင်းကို အရင်မေးထားရဦးမယ်"

"ဘာများလဲ"

"မင်း ဥစ္စာစောင့်ဆိုတာတွေဘာတွေ ယုံသလား"

မိုးဦးက ခေါင်းယမ်းခါလိုက်၏။

"ငါတော့ မမြင်ဖူးလို့ မယုံဘူးကွာ"

"မြင်ဖူးရင်တော့ ယုံမယ်ဆိုပါတော့"

"အင်း....တကယ်လို့မြင်ဖူးမယ်ဆိုရင်တောင် အမှန်ဟုတ်ရဲ့လား၊ စိတ်အစွဲအလမ်းလား ဘာလဲဆိုတာကို လေ့လာရဦးမှာပေါ့"

မျိုးဆွေက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကဲ....ဒါဆိုရင် ထားပါတော့ကွာ၊ အခုငါပြောမယ့် အကြောင်းအရာတွေကိုလဲ မင်းယုံမှာမဟုတ်ပါဘူး၊ အေး.... ယုံတာမယုံတာက မင်းကိစ္စပါ"

"ဒါပေါ့သူငယ်ချင်း၊ ပြောရမှာက မင်းတာဝန်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ....၊ ငါ့အခုလိုတွေဝေဝေးပိုင်နေရတဲ့အကြောင်းအရာတွေရဲ့ အစောဆုံးကာလကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ငါ ဆယ့်ငါးနှစ်သားအရွယ် လူပျိုပေါက်လောက်က စခဲ့တာပဲ"

"ဆယ့်ငါးနှစ်သားအရွယ်က"

"ဟုတ်တယ်၊ ငါသေသေချာချာ မှတ်မိနေတယ်၊ အဲဒီအချိန်က ရွှေကျောင်းကြီး ပိတ်ထားတဲ့အချိန်၊ ငါနဲ့ကုလားကြီးနဲ့ ရွှေနဒီလျှိုကြီးဘက်ကို ငှက်ပစ်သွားကြတယ်"

"ရွှေနဒီဘက်ကိုဟုတ်လား"

"ဟုတ်တယ်....၊ မင်းမေ့သွားလို့၊ ငါနဲ့ကုလားကြီး မင်းကိုတောင် လာခေါ်ကြသေးတယ်၊ မင်းက မလိုက်ချင်ပါဘူးကွာ သူများအသက် သတ်တဲ့အလုပ် မလုပ်ချင်ဘူးကွာ၊ ငါက သူများအသက်ကယ်တဲ့အလုပ်ကိုပဲ လုပ်ချင်တာဆိုပြီး ငြင်းလွှတ်လိုက်တယ်လေ"

"သြော်....အေး....ဟုတ်ပြီ၊ ငါမှတ်မိပြီ၊ ပြောစမ်းပါဦး အဲဒီနေ့က ဘာဖြစ်ကြတာလဲ"



"ငါလဲ ကုလားကြီးခေါ်လို့သာ လိုက်သွားခဲ့ရတာပါကွာ၊ တကယ်တော့ ငှက်ပစ်တာတွေ ကြက်ပစ်တာတွေ အလုပ်ကို ငါလဲဝါသနာမပါပါဘူး၊ လက်လဲသူ့လိုမဖြောင့်ပါဘူး၊ မင်းသိတဲ့အတိုင်းကုလားကြီးကတော့ လောက်လေးခွ လက်တည့်တဲ့နေရာမှာ နှစ်ယောက်မရှိဘူးလေ"

"ဟုတ်ပါတယ်၊ ဒေါ်ဘုမ သရက်သီးတွေ သွားပစ်ချမိလို့ ကုလားကြီး ဆော်ပလော် အတီးခံရတာ ငါမှတ်မိပါတယ်"

"အေး....ဟုတ်တယ်၊ ငါက ငှက်ပစ်တာ ဝါသနာမပါပေမယ့် တောလည်တွက်တာတော့ ဝါသနာပါတယ်၊ တောထဲတောင်ထဲလှည့်ပြီး သွားနေရရင်စိတ်ကြည်နူးသာယ်၊ အဲဒါကြောင့်မို့လို့ ကုလားကြီးခေါ်တဲ့နောက်ကို လျှောက်လိုက်သွားတာ"

"နေပါဦး....အဲဒီနေ့က ရွှေနဒီလျှိုအထိ ရောက်အောင်သွားကြတယ် ဟုတ်လား"

"အေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေနဒီလျှိုက တောတော်တော်နက်နေပြီပဲမျိုးဆွေရဲ့၊ လူကြီးတွေဆောင် အဲဒီနေရာထိ သိပ်ပြီးသွားကြတာမဟုတ်ဘူး၊ တောကောင်ကြီးတွေ ကျက်စားတဲ့နေရာဆိုပြီး ရှောင်ကြတဲ့နေရာ မဟုတ်လား"

"ဟုတ်တယ်လေကွာ၊ ကုလားကြီး ကတော့ မင်းသိတဲ့အတိုင်းပဲ ဘာမှကြောက်တဲ့ကောင် မဟုတ်ဘူး၊ ရွှေနဒီလျှိုဘက်မှာ ဒေါင်းတွေ ပေါတယ်ဆိုပြီး သွားတာ သူက ဒေါင်းကို အရှင်ရအောင် ဖမ်းပြမယ်ဆိုပြီး ငါ့ကို ခေါ်သွားတာလေ"

"တော်တော်ဟုတ်တဲ့ ကုလားကြီးပဲ၊ မင်းကလဲ ဘုမသိဘမသိနဲ့ လိုက်သွားတာပဲလား"

"အေးလေကွာ၊ ဒါပေမယ့် သူခေါ်လို့သာ လိုက်သွားရတာ ကြောက်နေတယ်ကွ၊ ကြောက်တယ်ဆိုတာက တခြားမဟုတ်ဘူး၊ ကျားတွေဆင်တွေနဲ့တွေ့မှာကြောက်တာ"

"ဘာကောင်တွေ တွေ့သေးလဲ"

"အဲဒီနေ့က ကျားလို ကျားသစ်လို အကောင်မျိုးတော့ မတွေ့ပါဘူး၊ ဒရယ်ဖို့နဲ့ ဒရယ်မတစ်စုံကိုတော့ တွေ့ရတယ်၊ ပျော်လို့မြူးလို့ပဲ"



"မင်းကုလားကြီးက ဒရယ်ကို မပစ်ဘူးလားကွ"

"သူ့မှာက လေးခွပဲပါတာ၊ ဒရယ်ကို ဘယ်လိုလုပ် ပစ်ရမှာလဲ"

"အဲဒါနဲ့ ပြောပါဦး"

"သွားရင်း သွားရင်းနဲ့ ရွှေနဒီလျှိုထဲမှာကို အတော်ဝေးဝေးကြီး ရောက်သွားတယ်၊ ဒီအချိန်မှာအိပ်ပျော်နေတဲ့ ဇီးကွက်ကြီးကို အရှင်ဖမ်းမယ်ဆိုပြီး သစ်ပင်ပေါ် တက်ဖမ်းတယ်၊ ဇီးကွက်ကြီးက အကောင် တော်တော် ကြီးတော့ လွယ်လွယ်နဲ့အဖမ်းမခံဘူး၊ အတင်းရုန်းတယ်၊ ကုလားကြီးလဲ အလျှော့မပေးဘူး အတင်းပြန်ဖမ်းတယ်၊ ဇီးကွက်ကြီးကလဲ တွင်တွင်ရုန်းနေတယ်၊ ဒီမှာတင် ကုလားကြီး ဒေါသထွက်လာပြီး ဇီးကွက်ကြီးကို ဖုန်းခနဲ တစ်ချက်ပစ်ရိုက်လိုက်တယ်"

"တော်တော် ဆိုးတဲ့ကောင်"

"အဲသလို ဇီးကွက်ကြီးကို ရိုက်လိုက်တဲ့အချိန်မှာကုလားကြီးဟာ သစ်ကိုင်းပေါ်မှာ ဟန်ချက် ပျက်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အောက်ကို ပြုတ်ကျတော့မလို ဖြစ်သွားတယ်၊ အဲဒါနဲ့ လက်ထဲမှာဖမ်းထားတဲ့ ဇီးကွက်ကြီးကို လွှတ်ပေးလိုက်ပြီး သစ်ဝင်ပင်စည်ကို မနည်း ကုတ်ဖက်ထားလိုက်ရတယ်၊ ကံကောင်းလို့ အောက်ပြုတ်မကျတာပေါ့"

"ဇီးကွက်ကြီးကရော"

"ဇီးကွက်ကြီးလဲ ကုလားကြီးထုတဲ့ ဒဏ်ကြောင့် ဝေးဝေး မပျံနိုင်ဘူး၊ တောင်ပံတဖျပ်ဖျပ်ခတ်ရင်း ချုံပုတ်တစ်ခုထဲကို စိုက်ဆင်းသွားတယ်၊ အဲဒါကိုမြင်တဲ့ကုလားကြီးဟာ ဇီးကွက်ကြီး ကျသွားတဲ့နောက်ကို ဆင်းပြေးပြီး လိုက်တယ်၊ ချုံပုတ်ထဲက ဇီးကွက်ကြီးကလဲ ကြောက်အား လန့်အားနဲ့ ထပျံတယ်....

"ဒါပေမယ့် စောစောတုန်းကလို ဝေးဝေးမပျံနိုင်ဘဲ ခဏပျံပြီး ထိုးကျသွားပြန်တယ်၊ ကုလားကြီးကလဲ ဆက်လိုက်တာပဲ....

"အဲဒီအချိန်မှာ ဇီးကွက်ဖမ်းတဲ့နောက် လျှောက်မလိုက်တော့ဘဲ ရွှေနဒီလျှိုကြီးထဲက ကတွတ်ပင်တစ်ပင်အောက်မှာ ကတွတ်သီးတွေခူးစားရင်း စောင့်ကျန်နေခဲ့လိုက်တယ်၊ ကတွတ်သီးတွေ တစ်လုံးပြီးတစ်လုံး ခူးစားလိုက်တာ ဗိုက်ကြီး ဖောင်းကားသွားတဲ့အထိပဲ"



"ကတွတ်သီးက မွှေးတေးတေးနဲ့ စားလို့ကောင်းတာကိုးကွ၊ ငါလဲ ကတွတ်သီး ကြိုက်တယ်၊ ကတွတ်ယိုဆို ပိုပြီးတောင် ကြိုက်သေး"

"ဟုတ်တယ်၊ ကတွတ်သီးထဲမှာပါတဲ့ အစေ့သေးသေးလေးတွေကိုဝါးရတာ အရသာတစ်မျိုးရှိတယ်၊ တဖောက်ဖောက်နဲ့မြည်ပြီး တော်တော် ဆိမ့်တယ်ကွ၊ အဲ....ငါလဲ ကတွတ်သီးမှည့်တွေ တစ်လုံးပြီးတစ်လုံးခူးစားရင်း ကုလားကြီးပြန်ရောက်အလာကို စောင့်နေလိုက်တယ်"

မိုးဦးက မျိုးဆွေပြောပြသမျှ စိတ်ဝင်စားစွာ နားထောင်နေသည်။

မျိုးဆွေကလည်း ပြောရင်းပြောရင်း စိတ်ပါဝင်စားလာသည်။ မနေ့တစ်နေ့က အဖြစ်အပျက်တွေကို ပြန်ပြောနေရသလိုမျိုး စေ့စေ့စပ်စပ်ရှိသည်။

"ဒါပေမယ့် ကုလားကြီးက တော်တော်နဲ့ ပြန်ရောက်မလာဘူး၊ ငါလဲ လေမလာကြာတိုင်းကောင်းဆိုတဲ့ စကားလို ကုလားကြီး ပြန်မလာသေးလဲ အရေးမကြီးဘူး၊ ကတွတ်

www.burmeseclassic.com

www.burmeseclassic.com



သီးမှည့်တွေက မွှေးလဲမွှေး ချိုလဲချို ဆိမ့်လဲဆိမ့် ဆိုတော့ စားလို့ကောင်းပြီး ဗိုက်ကားအောင် တီးပစ်လိုက်တယ်၊ ပြီးတော့ စမ်းချောင်းကရေကို လက်ခုပ်နဲ့ ခပ်ပြီးသောက်တယ်၊ ပြီးတော့ ကတ္တတ်ပင်ခြေရင်း မြစ်ပျဉ်းခွေထဲမှာ ဗိုက်လေးလေးနဲ့ လှဲအိပ်နေလိုက်တယ်၊ မေ့မေ့....မေ့မေ့နဲ့ ဖြစ်နေတုန်း နားထဲမှာ ငှါနာမည်ကို ခေါ်သံကြားလိုက်ရတယ်"

★

အခန်း (၄)

ကမ္ဘာသစ်လေး တစ်ခု

"မောင်မျိုးဆွေ....မောင်မျိုးဆွေ....မောင်မျိုးဆွေ"

နာမည်ကို ခေါ်နေသံသည် ဟိုး အဝေးကြီးမှ တဖြည်းဖြည်း နီးကပ်လာသလို ခံစားရသည်။

တိုးရာမှ တဖြည်းဖြည်း ကျယ်လာသည့် ခေါ်သံမျိုး ဖြစ်သည်။

သည့်အတွက် ငိုက်မျဉ်းနေသည့် မျိုးဆွေမှာ မျက်ခွံကို ဖြည်းလေးစွာ ဖြည်းဖြည်းချင်း ပင့်တင်ရင်း ဖွင့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံတစ်ဝက်ယောက်ပွင့်လာသည့်အချိန်မှာ သူ့အမြင်အာရုံ၌ လူတစ်ယောက်၏ သဏ္ဌာန်သည် မပီဝိုးတဝါး ရိုးတိုး ရိပ်တိပ် ပေါ်၍လာ၏။

အသွင်သဏ္ဌာန် မှုန်ဝါးဝါး ပေါ်လာသည့် အချိန်မှာ မည်သည့်ရနံ့ဟု ဖော်ပြရန် မစွမ်းသာသည့် လွန်စွာမွှေးပျံ့သော ရနံ့တစ်မျိုးကို ရှူရှိုက်မိလေ၏။

ပန်းရနံ့လော၊ နံ့သာတို့၏ရနံ့လော ဝေခွဲမရနိုင်သည့် တစ်သက်တွင် တစ်ကြိမ်မျှ မရဖူးသေးသည့် ထူးထူးကဲကဲ ရနံ့တစ်မျိုး ဖြစ်၏။

သင်းပျံ့ပျံ့ မှူးရီရီကလေးဖြစ်၍ အလွန်တရာ နှစ်ခြိုက်စွဲလမ်းဖွယ်ရာ ကောင်းသော ရနံ့တစ်မျိုးပင် ဖြစ်၏။

"မောင်မျိုးဆွေ"

ယခုတစ်ကြိမ် ခေါ်လိုက်သည့်အသံသည် လက်တစ်ကမ်းအလိုမှ ကပ်၍ခေါ်လိုက်သံ ဖြစ်သောကြောင့် မျက်လုံး တစ်ဝက်ခန့်သာ ပွင့်နေဆဲဖြစ်သည့် မျိုးဆွေသည် ဖျတ်ခနဲ



မျက်လုံးပွင့်သွားမိပြီး လူတစ်ကိုယ်လုံးလည်း ဝေါက်ခနဲ ထထိုင်မိလျက်သား ဖြစ်သွား၏။

မျက်စိထဲတွင် ဖြူဖြူအငွေ့များလိုလို ဘာလိုလို မြင်ယောင် နေမိရာမှ မြင်ကွင်းသည် တဖြည်းဖြည်း ပီပြင် ပြတ်သား ထင်ရှားလာလေသည်။

အဖြူရောင် ဝတ်စုံနှင့် အရွယ်ရောက်စ မိန်းကလေး တစ်ဦး....။

အဖြူရောင် ဝတ်စုံဟု ဆိုရသော်လည်း သာမန် မြန်မာအမျိုးသမီးတစ်ယောက်၏ ဝတ်စားဆင်ယင်ပုံမျိုး မဟုတ်ဘဲ အိန္ဒိယတိုင်းရင်းသူ တစ်ယောက် ဆာရီ ဝတ်ဆင်ထားပုံမျိုး ဖြစ်သည်။

အဖြူရောင်ဝတ်စုံကိုသာ ဆင်မြန်းထားသော်လည်း ခန္ဓာကိုယ် အနှံ့အပြားတွင်မူ သရဖူ ဘယက်၊ လက်ကောက်၊ လက်ကြုပ်၊ ခြေကျင်း စသည့် ရတနာများကိုမူ စုံလင်များပြားစွာ ဝတ်ဆင်ထား၏။

ထူးခြားသည်မှာ သရဖူသည် နဂါးခေါင်းပုံဖြင့်လုပ်ထား၍ လည်ဆွဲတန်ဆာမှာလည်း နဂါးနှစ်ကောင် ခေါင်းချင်း

www.burmeseclassic.com



ဆိုင်ထားသည့် ရွှေထည်များ ဖြစ်၏။ ထိုမျှသာ မကသေး၊ လက်မောင်းတွင် နဂါးတစ်ကောင် ရစ်ပတ်နေဟန် ရွှေထည် ရွှေရုပ်များရှိ၍ လက်ကောက်များမှာလည်း နဂါးများ ခွေနေဟန် ဖြစ်ကြ၏။

ခြေကျင်း နှစ်ဖက်သည်လည်း ထိုနည်း လည်းကောင်း ဖြစ်၏။ နဂါးများ ရစ်ခွေနေဟန်ပင် ဖြစ်၏။

လက်ချောင်း၊ ခြေချောင်းများအစုံ့တွင်လည်း နဂါးပုံသဏ္ဌာန် ရွှေကျင်းကလေးများ အပြည့်ဖြစ်နေသည်။

မျိုးဆွေသည် မိမိရှေ့တွင် ရပ်လာနေသော ထူးထူးဆန်းဆန်း အသွင်သဏ္ဌာန်ရှိသည့် မိန်းကလေးကိုကြည့်ရင်း လွန်စွာ အံ့သြနေမိ၏။

မိန်းကလေး တစ်ယောက် အမှန်တကယ်ပင် မိမိရှေ့မှောက်သို့ ရောက်နေသလော၊ သို့တည်းမဟုတ် အိပ်မက်ပင် မက်နေသလော ဟူ၍ မဝေခွဲတတ်ချေ။

မိန်းကလေးကို တွေ့ရခြင်းနှင့်အတူ ထူးခြားသည့် မွှေးရနံ့ ကလေးတွေကလည်း တသင်းသင်းနှင့် ရှိနေသော



ကြောင့် မျိုးဆွေ၏ နှလုံးသားကို လှိုက်ဖို ကြည်နူးစေပါသည်။

"မောင်မျိုးဆွေ.... မောင်မျိုးဆွေ....၊ အာဖြစ်လို့ ဒီလောက် စိုက်ကြည့်နေရတာလဲ၊ မမလေးကို မမှတ်မိတော့ဘူးလား၊ အေးလေ ဘဝချင်းက ခြားနေကြပြီ ဆိုတော့ မောင်မျိုးဆွေ မမလေးကို ဟယ်မှတ်မိတော့မှာလဲလေ"

"မမလေး....မမလေး....မမလေး"

မျိုးဆွေက ရင်ထဲမှာ ပဲ့တင်ထပ်အောင် ခေါ်ငင်နေမိသည်။

မမလေး ဆိုသော အသုံးအနှုန်းသည် သူနှင့်မစိမ်းသည့် စကားလုံး အဖြစ် နားလည်နေသည်။

"မမလေး....မမလေး"

မျိုးဆွေ နှုတ်မှ ဖွဖွရွတ်လိုက်မိ၏။

"ဟုတ်တယ် မောင်မျိုးဆွေ၊ မမလေးလေ....မမလေး"

"မမလေး၊ မမငယ်၊ မမကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်ကြောင့်မသိ။

မောင်မျိုးဆွေ နှုတ်ဖျားမှ မမလေး၊ မမငယ်၊ မမကြီး ဟူ၍ ဆက်တိုက်ရေရွတ် လိုက်မိသည်။

သူ့အသံကို သူ ပြန်ကြားနေရသော်လည်း ဘာကြောင့် ဤကဲ့သို့ ရေရွတ်မိသည်ကို မစဉ်းစားတတ်။

အလိုအလျောက် နှုတ်ဖျားမှ ပွင့်ထွက်ခြင်းမျိုးသာဖြစ်၏။

ထိုသို့ ရေရွတ်လိုက်မိသည်နှင့်....

မိန်းကလေး၏ မျက်နှာသည် လပြည့်ဝန်းကြီးကဲ့သို့ ရွှန်းရွှန်းပပကြီး ဖြစ်သွား၏။ ပြုံးပြုံးရွှင်ရွှင် အားရ ကျေနပ်သွားပုံ ရ၏။

"မောင်မျိုးဆွေ၊ မောင်မျိုးဆွေ မမလေးကို မှတ်မိတယ် နော်၊ မမကြီးနဲ့ မမငယ်တို့ကိုပါ မှတ်မိလာပြီနော်"

သူက အားတက်သရော ပြောသည်။

"မမလေး၊ မမငယ်၊ မမကြီး"ဟူ၍ နှုတ်မှ လွှတ်ခနဲ ပြော လိုက်မိသည် မှန်သော်လည်း အမှန်စင်စစ်တွင်မူ မျိုးဆွေ ဘာကိုမှ မည်မည်ရရ မှတ်မိခြင်း မဟုတ်။



"မောင်မျိုးဆွေ ခုလိုသတိရတာကိုသိရရင် မမငယ်တို့၊ မမကြီးတို့ သိပ်ပြီးဝမ်းသာကြမှာပဲ၊ မမကြီး၊ မမငယ်၊ မမ လေးတို့ရဲ့ နာမည်တွေကိုရော သတိရသေးရဲ့လား မောင် မျိုးဆွေ"

"နာမည်တွေ"

"ဟုတ်တယ်လေ၊ ကဲ.... မမလေးနာမည်ကို အရင်ပြော"

မောင်မျိုးဆွေ ခေါင်းထဲတွင် မည်သည့်အမည်မျှ ရှိ မနေပါ။

"ပြောလေ မောင်မျိုးဆွေ၊ မမလေးရဲ့ နာမည် ဘယ် သူလဲ"

မိန်းကလေးက သူ့ရင်ဘတ်ကို သူ ပုတ်ပြီး ပြုံးရွှင်စွာ မေးလိုက်၏။

ထိုကဲ့သို့ မေးခွန်းမေးရင်း ပြုံးရွှင်သွားသော မမလေး၏ မျက်နှာကလေးကို ကြည့်ရသည်မှာ ယွန်းစွာချစ်ခင်ဖွယ်သက် မြတ်နိုးဖွယ် ကောင်းလှသည်ဟု မျိုးဆွေထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေက မမလေး၏ အလှထဲတွင် နစ်မြုပ်နေဆဲ၊ မမလေးက ထပ်မေးလိုက်ပြန်၏။

"ပြောလေ ဘယ်သူလဲ၊ စဉ်းစားလို့မရဘူးလား"

မျိုးဆွေက ခေါင်းကို ယမ်းခါပစ်လိုက်၏။

မမလေးက သက်ပြင်းကလေး တစ်ချက် ရှိုက်လိုက်၏။

ထိုအချိန်တွင် မောင်မျိုးဆွေသည် ကတွတ်ပင်ခြေတွင် လှဲအိပ်နေရာမှ မတ်တတ်ထကာ မမလေးနှင့် မျက်နှာချင်းဆိုင် ရပ်လျက် ရှိနေပြီဖြစ်၏။

ထိုအခါတွင် မွှေးပျံ့သော သင်းရနံ့များကို ပိုမိုရှူရှိုက်မိနေ၏။

"ကဲ.... ကဲပါ၊ မောင်မျိုးဆွေ ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေပါနဲ့တော့၊ မမလေးကပဲ ပြောပါတော့မယ်၊ ဟောဒီ မမလေးရဲ့ နာမည်က စောနန်းရှင်လေ၊ စောနန်းရှင်တဲ့"

"ကဲ.... မှတ်မိပြီလား"



မျိုးဆွေ ယောင်ယမ်းပြီး ခေါင်းဆတ်ညိတ်လိုက်မိသည်။

"မမငယ်ရဲ့ နာမည်က စောနန်းခင်တဲ့၊ မမကြီးရဲ့နာမည်က စောနန်းနွယ်၊ တုတ်ပြီလား"

မျိုးဆွေက နောက်တစ်ကြိမ် ခေါင်းဆတ်ညိတ်ပြလိုက်မိပြန်၏။

စိတ်ထဲတွင်ကား စောနန်းရှင်၊ စောနန်းခင်၊ စောနန်းနွယ် ဟူသော နာမည်သုံးခုက ရက္ကန်းရက်သကဲ့သို့ အပြန်ပြန် အလှန်လှန် ပေါ်လာနေသည်။

အကြီးဆုံးက စောနန်းနွယ်၊

အလယ်က စောနန်းခင်၊

အငယ်ဆုံးက စောနန်းရှင်။

သည်နာမည် သုံးခုစလုံး တစ်ကြိမ်တစ်ခါက ရင်းနှီးဖူးသလိုလို စိတ်ထဲမှာ ထင်နေမိ၏။

"နောက်တစ်ယောက်ရဲ့ နာမည်ကိုတော့ မောင်မျိုးဆွေ မှတ်မိဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ကိုကို မင်းရန်နောင်"

"မင်းရန်နောင်၊ မင်းရန်နောင်၊ မင်းရန်နောင်"

မျိုးဆွေ ပဲ့တင်ထပ်၍ ရွတ်လိုက်မိ၏။

သူသည် သည်နာမည်ကိုလည်း ကြားဖူးသလိုလို ခံစားရသည်။

ကြားဖူးသလိုသာ ရှိသော်လည်း သေသေချာချာသိသည်တော့ မဟုတ်။

'မောင်မျိုးဆွေ၊ မမလေးနဲ့လိုက်ခဲ့ရင် မမငယ်တို့၊ မမကြီးတို့နဲ့လဲ တွေ့ရမယ်၊ ကိုကို မင်းရန်နောင်နဲ့လဲ တွေ့ရမယ်၊ ပြီးတော့ သိုက်ချုပ်ဘိုးဘိုးနဲ့လဲ တွေ့ရမယ်၊ အဲ... ဒါပေမယ့် ဘိုးဘိုးကတော့ အဓိဋ္ဌာန်ဝင်နေလို့ တွေ့ရမှာ မဟုတ်ဘူး"

စောနန်းရှင် ဘာတွေပြောနေမှန်း မျိုးဆွေ သေသေချာချာ မသိချေ။



သူနားလည်သည်က စောနန်းရှင်ဆိုသော မိန်းကလေးချောချောနှင့် တွေ့ရသည့်အတွက် သူ့စိတ်ထဲမှာ ပျော်နေမိသည်။

ကြည်နူးနေမိသည်။

"ဘယ့်နှယ်လဲ မောင်မျိုးဆွေ၊ မမလေးနဲ့ လိုက်ခဲ့မယ်မဟုတ်လား"

"လိုက်ခဲ့ရမယ်"

"အင်းလေ.... လိုက်ခဲ့မှ မမကြီးတို့၊ မမငယ်တို့နဲ့ တွေ့ရမှာပေါ့"

မျိုးဆွေ လိုက်ရအခက်၊ မလိုက်ရအခက် ဖြစ်နေမိသည်။

လိုက်ရမည်ကို စိုးရိမ်ကြောက်ရွံ့သလို ခံစားရသည်။

မလိုက်ဘဲနေရန်ကလည်း စောနန်းရှင်၏ အပြုံးအရယ်၊ ဆွဲဆောင်မှုတို့က မငြင်းပယ်ချင်အောင် ရှိနေသည်။

"ဘယ့်နှယ်လဲ မောင်မျိုးဆွေ၊ မမလေးနဲ့ လိုက်ခဲ့မယ်မဟုတ်လား၊ လိုက်ခဲ့နော်"

စောနန်းရှင်က ထပ်ပြီး မေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်တွင်မူ မျိုးဆွေသည် ခေါင်းအလိုလိုညိတ်ပြီးသား ဖြစ်သွားမိသည်။

“ကဲ.... လိုက်မယ်ဆို လာ”

ပြောပြောဆိုဆို စောနန်းရှင်က သူမ၏ညာလက်ကလေးကို လှမ်း၍ ကမ်းပေးလိုက်လေ၏။

မျိုးဆွေလည်း ဘာကိုမျှ စဉ်းစားမနေတော့ဘဲ စောနန်းရှင်၏ လက်ကို ဖျတ်ခနဲ လှမ်း၍ဆွဲလိုက်မိ၏။

ထိုသို့ စောနန်းရှင်၏လက်ကို ဖမ်းဆုပ်ဆွဲကိုင်မိသည်နှင့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသကဲ့သို့ ခံစားရလေ၏။

ပထမတွင် ကြောက်ရွံ့သလိုလိုရှိသော်လည်း ယောကျာ်းပဲကွာ၊ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ဘာကြောက်စရာရှိလို့လဲဟု ကိုယ့်ကိုယ်ကို အားပေး၏။

“သွားကြစို့ မောင်မျိုးဆွေ”

စောနန်းရှင်က ပြောပြောဆိုဆို မျိုးဆွေ၏ရှေ့မှလျှောက်၏။ သူ့လက်ကိုင်ဆွဲလျက်က လျှောက်လှမ်းနေခြင်း ဖြစ်သော



ကြောင့် မျိုးဆွေလည်း နောက်နားဆီမှ ထက်ကြပ်မကွာ လိုက်ပါလာမိလေ၏။

စောနန်းရှင်သည် ရှေ့မှလျှောက်နေသည်ဟုဆိုရသော်လည်း လမ်းလျှောက်နေသည့် ပုံစံမျိုးနှင့်မတူဘဲ လေထဲတွင် လျှောတိုက်ပြေးလွှားနေသည့် ပုံစံမျိုးဖြစ်နေ၏။

နောက်မှ လိုက်ပါလာရသည့် မောင်မျိုးဆွေ မှာလည်း ထိုအတိုင်းပင် ဖြစ်၏။

လေထဲတွင် အလိုက်သင့် မျောပါလွင့်မျောနေသကဲ့သို့ လိုက်ပါလာရခြင်း ဖြစ်လေ၏။

နဒီလှိုဏ်အတွင်းမှ ကွေ့ကွေ့ ကောက်ကောက် ဝေ့ဝေ့ ဝိုက်ဝိုက် လွင့်မျောသွားမိသောအခါ ဂူကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားသကဲ့သို့ ခံစားရ၏။

ဂူကြီးဟု ဆိုသော်လည်း မှောင်မည်းနေသော နေရာမဟုတ်ချေ။

တစ်ဖက်ဂူပေါက်မှ ထွက်လိုက်သောအခါ နေရာအသစ်တစ်ခုသို့ ရောက်ရှိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသစ်သည် အမှန်တကယ် အသစ်အဆန်း နေရာတစ်မျိုးဖြစ်လေသည်။

ထိုနေရာတွင် ပေါက်ရောက်နေသော သစ်ပင်များသည် မျိုးဆွေ တစ်သက်ဖြင့် တစ်ကိုယ် မတွေ့ဖူးသော သစ်ပင်များ ဖြစ်နေ၏။

မြက်ပင်များပင် တစ်မူထူးခြား၏။

မြက်ခင်းအစိမ်းရောင်သည် သာမန် မြက်ခင်းစိမ်းကဲ့သို့ မဟုတ်၊ မြစိမ်းရောင် ကြည်စိမ်းစိမ်း ဖြစ်၏။

ထိုမြက်များထဲတွင် ပေါက်နေကြသည့် မြက်ပန်းလေးများမှာလည်း ပြာပြာ၊ ဝါဝါ၊ နီနီ၊ ရွှေရွှေ အရောင်အဆင်း မျိုးစုံဖြစ်၏။

ထိုနေရာတွင် ပေါက်နေကြသည့် အုန်း၊ ပိန္နဲ၊ ငှက်ပျော၊ သရက် စသည့် အပင်ကြီးမျိုးများသည် များစွာမကြီးကြချေ။

အလွန်ဆုံး လူတစ်ရပ်သာသာခန့်သာရှိကြ၏။ အုန်းသီးတွေလည်း ပြွတ်ခဲနေ၏။ သရက်သီးများလည်း မြင်မကောင်းအောင် ပင်လုံးညွတ်မျှ သီးကြ၏။



သရက်သီးအချို့သည် စိမ်း၏၊ အချို့သည် ဝမ်းရောင်ဖြစ်၏၊ အချို့မှာ ယခုပင် ခူးဆွတ်၍စားနိုင်သည့် ဝင်းဝင်းမှည့်နေသော အနေအထားမျိုးဖြစ်၏။

ပိန္နဲသီးများလည်း ထိုအတိုင်းဖြစ်၏။ အချို့သည်စိမ်း၏၊ အချို့သည် ဝမ်းရောင်ဖြစ်၏။ အချို့သည် ဝင်းမှည့်နေ၏။

သြဇာ၊ မာလကာ၊ လိမ္မော် စသည့် အသီးများသည်လည်း ထိုအတိုင်းပင် ဖြစ်ကြ၏။

ထူးဆန်းသည်မှာ ထိုအသီးများ အားလုံးသည် မျိုးဆွေ မြင်ဖူးနေကျ သရက်၊ ပိန္နဲ၊ မာလကာ စသည့် သာမန် အသီးများထက် များစွာကြီးမားကြလေ၏။

သရက်သီးတစ်လုံး၏ ကြီးမားမှု အနေအထားမှာ တစ်လုံးစားရသည်နှင့် ထမင်းတစ်နပ်စာ လွတ်လောက်သော အနေအထားမျိုး ဖြစ်၏။

ထိုသစ်သီးတို့၏ မွှေးပျံ့ ကြိုင်လှိုင်သော ရနံ့များသည် စူးစူးရှားရှား မဟုတ်၊ သင်းပျံ့ပျံ့ကလေး မွှေးနေသောကြောင့် ထိုနေရာရှိ လေကိုရှူရှိုက်၍ ပိုကောင်းသည်ဟု မျိုးဆွေ ထင်မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်ကိုရောက်လာတာလဲ"

မျိုးဆွေက နန်းစောရှင်ကို မေးလိုက်လေ၏။

နန်းစောရှင်က အစိပ္ပာယ်ပါပါ ပြုံးလျက်....

"မင်း....ကမ္ဘာသစ်တစ်ခုကို ရောက်လာတာပေါ့ မောင်မျိုးဆွေရယ်"

ဟု ပြန်ဖြေလိုက်လေ၏။

ကမ္ဘာသစ် မြေသို့ ခြေချပြီးသောအခါ မျိုးဆွေသည် လေထဲတွင် လျှောတိုက်လွင့်မျောနေရသည့် ပွံသကျာန်မျိုး မဟုတ်တော့ဘဲ သာမန်လမ်းလျှောက်သည့် အနေအထားမျိုး ဖြစ်သွားလေ၏။

သို့သော်လည်း မြေကိုနင်းရသည်မှာ မာကျောသည့် အရာကို နင်းရသည်နှင့်မတူဘဲ ဝါဂွမ်းစိုင်များကို နင်းနေရသကဲ့သို့ နူးညံ့သော အတွေ့အထိကို သတိပြုမိရလေ၏။

"ဘယ့်နှယ်လဲ မောင်မျိုးဆွေ၊ မမလေးတို့ရဲ့ ကမ္ဘာသစ်ကလေးက ပျော်စရာ မကောင်းဘူးလား"

"ပျော်စရာ သိပ်ကောင်းပါတယ် မမလေး"



"မမကြီးတို့ မမငယ်တို့နဲ့တွေ့ရရင် မောင်မျိုးဆွေ ပိုပြီးပျော်မှာ၊ ဟောဟိုရှေ့က စံပယ်ခြံလေးတွေကိုကျော်လိုက်ရင် မမကြီးတို့ဆီ ရောက်ပြီ"

စောနန်းရှင် ပြောသည့်အတိုင်း လှပ်စွာ မွှေးပျံ့သည့် စံပယ်ပန်းချုံများကို ကျော်ဖြတ်ပြီးသောအခါ စမ်းချောင်းကလေးတစ်ခု ရစ်ခွေစီးဆင်းနေသည့် နေရာသို့ ရောက်လာသည်။

ထိုနေရာတွင် ကံ့ကော်ပင်များ၊ အကျော် ကာရမတ်ပင်များနှင့်အတူ မျိုးဆွေ အမည်မသိသည့် ပန်းများဝေဆာနေသည့် သစ်ပင်များကို တွေ့ရသည်။

ရင်သပ်ရှုမောဖွယ်ရာ ကောင်းလောက်အောင် လှပသော ပန်းခင်းများကား သစ်ပင်ကြီးများ၏ ပင်စည်တွင် ကပ်၍ ပေါက်ရောက်နေကြသော သစ်ကပ်ပန်း(သစ်ခွပန်း)များပင် ဖြစ်ကြသည်။

မျိုးဆွေ ဘဝ တစ်သက်တာတွင် ဤမျှများပြား၍ ဤမျှ လှပသော သစ်ကပ်ပန်းများကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးချေ။

မကြာခင်မှာပင် ကံ့ကော်ဝင်၏ သစ်ကိုင်းများတွင် နွယ်ကြိုးများဖြင့် ဆင်ထားသော ဒန်းကိုစီးနေကြသည့် လှပ်စွာ

www.burmeseclassic.com



ချောမောလှပသည့် မိန်းကလေးနှစ်ယောက်ကို တွေ့ရလေသည်။

"မမကြီးနဲ့ မမငယ်များလား...."

ဟု မျိုးဆွေ တွေးနေမိဆဲမှာပင် စောနန်းရှင်က....

"အဲဒါ မမကြီးနဲ့ မမငယ်ပဲ မောင်မျိုးဆွေ"

ဟူ၍ ပြောလိုက်လေ၏။

★

အခန်း (၅)

အိပ်လွန်းဆူ

မမကြီးနှင့် မမငယ်တို့လည်း မျိုးဆွေကို တွေ့လိုက်သည်နှင့် တကျွံကျွံနှင့် လွဲနေသော နှုတ်ခွန်းကို ရပ်လိုက်ကြ၏။

ထို့နောက် မျိုးဆွေကို အံ့ဩသော အမူအရာဖြင့် ကြည့်နေကြလေ၏။

"ဟင်.... မမလေး၊ နင်သူ့ကိုခေါ်လာတယ် ဟုတ်လား"

စောနန်းနှယ်ခေါ် မမကြီးက အံ့ဩတကြီးဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်၊ ရွှေနဒီလှိုင်းအစပ်မှာ သူ့ကိုတွေ့လို့ ခေါ်လာခဲ့တယ်”

“ဘိုးဘိုးသိရင် နင့်ကို ဆူလိမ့်မယ် စောနန်းရှင်”

“ဘိုးဘိုး အခု အဓိဋ္ဌာန်ဝင်နေတယ်မဟုတ်လား မမကြီးရဲ့”

“အေး.... ဟုတ်တယ်၊ ဘိုးဘိုး အဓိဋ္ဌာန်ဝင်နေလို့သာပေါ့၊ မဟုတ်ရင်တော့ နင် အဆူခံရမှာ သေချာတယ်”

“စောနန်းရှင် သူ့ကိုတွေ့တော့ မနေနိုင်ဘူး မကြီးရယ်၊ ခေါ်လာခဲ့မိတယ်”

“နင်က အရင်ကလိုမှတ်နေတာကိုး စောနန်းရှင်၊ သူက ဘဝချင်းမတူတော့ဘူးလေ”

မမကြီး စောနန်းနွယ်၏ စကားကြောင့် စောနန်းရှင်မှာ မျက်နှာကလေး ညှိုးကျသွားလေ၏။

“အေးလေ.... ပေါ်လာခဲ့မှတော့ မထူးပါဘူး၊ ခဏတော့ နေပါစေပေါ့၊ ဒါပေမယ့် ဘိုးဘိုး အဓိဋ္ဌာန်မပြီးခင်တော့ သူ့ကို နင်ပြန်ပို့မှ ဖြစ်မယ်နော်”



“ဟုတ်ကဲ့ပါ မမကြီး”

မမငယ်ခေါ် စောနန်းခင်ကမူ သူတို့နှစ်ယောက်ကြားတွင် ဘာမှဝင်မပြောဘဲ မျိုးဆွေကိုသာ ခပ်စိမ်းစိမ်း ကြည့်နေလေ၏။

စောနန်းခင်က ထိုကဲ့သို့စိုက်ကြည့်နေသောအခါ မျိုးဆွေ အနေနှင့် လွန်စွာအနေရခက်လေသည်။

စောနန်းနွယ်ရော စောနန်းခင်ပါ နှစ်ဦးစလုံး နတ်သမီးတမျှ ချောမောလှပကြသူများ ဖြစ်ကြ၏။

သူတို့နှစ်ဦးသည်လည်း စောနန်းရှင်ကဲ့သို့ ဝတ်စားထားကြပြီး လည်ဆွဲတန်ဆာ ဒွါဒရာတို့ဖြင့် ပြိုးပြိုးပြက်ပြက် အရောင်တွေထွက်နေကြ၏။

သို့သော်လည်း မျိုးဆွေ၏စိတ်ထဲ၌မူ ထိုညီအစ်မသုံးဖော်တွင် အငယ်ဆုံးဖြစ်သည့် မမလေး စောနန်းရှင်ကသာ အချောဆုံး အလှဆုံးဖြစ်သည်ဟု ခံစားနေမိ၏။

“ကဲ.... မောင်မျိုးဆွေ၊ မမလေးနဲ့အတူတူ နွယ်ဒန်းစီးကြရအောင် လာ”

www.burmeseclassic.com

www.burmeseclassic.com



မမလေး စောနန်းရှင်က ဖိတ်ခေါ်လိုက်သည့် အတွက် မျိုးဆွေလည်း နွယ်ဒန်းစီးချင်စိတ် ပေါ်လာပြီး ဒန်းပေါ် တက်ထိုင်လိုက်၏။

ထိုအခါ စောနန်းရှင်ကလည်း သူ့နံဘေး ဝင်၍ထိုင် လိုက်၏။

ထိုအခါ မျိုးဆွေပခုံးနှင့် စောနန်းရှင်တို့ ပခုံးချင်း ထိခတ်မိကြပြီး ကြက်သီးမွေးညင်းများ ထသွားသည်အထိ ခံစားရမိလေ၏။

သူတို့နှစ်ယောက် နွယ်ဒန်းပေါ် ရောက်သွားသည်နှင့် မမကြီးစောနန်းနွယ်နှင့် မမငယ် စောနန်းခင်တို့က နွယ် ဒန်းကို လွှဲပေးကြ၏။

ပထမတွင် ဖြည်းဖြည်းချင်း လွှဲကြရာမှ တဖြည်းဖြည်း မြန်မြန်လွှဲပေးကြ၏။ နွယ်ဒန်းသည် ဟိုး.... အမြင့်ကြီးဆီသို့ မြောက်၍ မြောက်၍ သွား၏။

မျိုးဆွေ ရင်ထဲတွင် တလှပ်လှပ် ခံစားရပြီးနောက် ကြောက်ရွံ့သလို ဝေဒနာမျိုး ပေါ်လာသောကြောင့် စော နန်းရှင်၏ ခါးကလေးကို ဖက်တွယ်ထားလိုက်မိလေ၏။



ထိုအခါ စောနန်းရှင်ကလည်း သူ့ကို ပြန်၍ဖက်တွယ် ထားလေရာ မျိုးဆွေ၏ တစ်သက်တွင် ဤမျှပျော်ရွှင်ကြည်နူး ဖွယ် ကောင်းသည့် ကာလမျိုးကို မကြုံဖူးသေးချေ။

စောနန်းရှင်နှင့် ခန္ဓာကိုယ်ချင်း ထိကပ်နေရသည့် ခံစား မှုသည် မည်သည့် ခံစားမှုနှင့်မျှ မတူကြောင်း မျိုးဆွေ ကောင်းကောင်းကြီး အမှတ်ပြုမိသည်။

မမကြီး စောနန်းနွယ်နှင့် မမငယ် စောနန်းခင်တို့ ဒန်း လွှဲပေးနေသည့် လက်များကို မရပ်လိုက်ကြပါစေနှင့်၊ နွယ် ဒန်းပေါ်က မဆင်းရပါစေနှင့်ဟု မျိုးဆွေရင်ထဲက ကျိတ်ပြီး ဆုတောင်းနေမိ၏။

အတန်ကြာသောအခါ ကြောက်ရွံ့ ထိတ်လန့်စိတ်များ လုံးဝမရှိတော့ဘဲ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ကာ ပြောမပြ တတ်သည့် ကြည်နူးရွှင်ပျရသည့် ရသကိုသာ ခံစားနေရ လေတော့၏။

ဒန်းနွယ်ကလေး ရပ်မသွားပါစေနဲ့ဟု ဆုတောင်းနေသော် ငြားပင် မမကြီး စောနန်းနွယ်တို့က နွယ်ဒန်းလွှဲခြင်းကို ရပ် ဆိုင်း လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ပူးကပ်နေမိကြသော မျိုးဆွေနှင့်စောနန်း ရှင်တို့ ခန္ဓာကိုယ် နှစ်ခုမှာလည်း အလိုလို ခွာပြီးသားဖြစ်သွား၏။

မျိုးဆွေရင်ထဲမှာ လစ်ဟာသွားမိသည်။

မှန်တာပြောရလျှင် မျိုးဆွေတစ်ယောက် စောနန်းရှင်ကို ယခုကဲ့သို့ပင် မလွှတ်တမ်းဖက်တွယ်ထားချင်စိတ်တွေ တဖွားဖွား ပေါ်နေလေ၏။

"ကိုကို မင်းရန်နောင် ပြန်ရောက်လာပြီ စောနန်းရှင်"

မကြီး စောနန်းနွယ်က ပြောလိုက်သောကြောင့် စောနန်းရှင်ရော မျိုးဆွေပါ အာရုံစိုက် ကြည့်မိသည်။

မြင်းခွာသံ တခွပ်ခွပ် ကြားနေရသည်၊ မြင်းနှင့်လူကို မတွေ့ရသေး....။

ခဏနေမှ သစ်ပင်ဝါးပင်များကြားထဲမှ ဖြတ်သန်း စီးနင်းလာနေသည့် မြင်းတစ်စီးနှင့် လူတစ်ယောက်ကို တွေ့ရလေသည်။



မြင်းကြီးသည် ဝါဂွမ်းစိုင်ကဲ့သို့ ဖွေးဖွေးဖြူနေသကဲ့သို့ မြင်းပေါ်မှလူ၏ အဝတ်အစားများတလည်း အဖြူရောင်ပင် ဖြစ်၏။

ထို့ပြင် ဝတ်ရုံဖြူဖြူကြီးကိုပါ ဝတ်ဆင်ထားလေရာ လေထဲတွင် တလွင့်လွင့်နှင့်ဝဲနေသောကြောင့် လွန်စွာကြည့်၍ကောင်းလေသည်။

ကိုကိုမင်းရန်နောင် မြင်းကို စိုင်းနှင်လာသည်ကို ကြည့်ရသည်မှာ တိမ်ဖြူဖြူတွေကြား အဆုပ်လိုက် အဆုပ်လိုက် လွင့်ပျံလာနေသလိုမျိုး ဖြစ်သည်။

မြင်းခွာသံ တခွပ်ခွပ်ကြားနေရသော်လည်း မြင်း၏ခြေလေးဖက်သည် မြေပေါ်သို့ ထိသည်ဟု မထင်ရချေ။

မကြာခင် ကိုကို မင်းရန်နောင်သည် သူတို့ အပါးသို့ရောက်လာ၏။

မြင်းဇက်ကြိုးကို တုံ့ခနဲဆွဲ၍ သတ်လိုက်၏။

"ဟီး....ဟီး....ဟီး....ဟီး"

မြင်းဖြူကြီး၏ ဟီသံသည် တောတောင်ယံနှင့် ရိုက်ခတ်၍ ပဲ့တင်ထပ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းရန်နောင်သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် မြင်းဇက်ကြိုးကို နီးစပ်ရာကုက္ကိုပင်၏အကိုင်းတွင် ချည်နှောင်ထားလိုက်၏။

ထို့နောက် သူတို့ရှိရာသို့ ဖြည်းဖြည်းချင်း လျှောက်လာသည်။

မျိုးဆွေကို စေ့စေ့စူးစူး ကြည့်သည်။

"သူက ဘယ်သူလဲ"

အနားသို့ ရောက်လာသောအခါ မင်းရန်နောင်က မေးလိုက်၏။

"မမှတ်မိဘူးလား ကိုကိုမင်းရန်နောင်၊ သူက မောင်မျိုးဆွေလေ"

"ဪ....မောင်မျိုးဆွေလား၊ ယောက်ဖတော်လေးကိုး၊ ဘယ့်နှယ်လဲ ဘဝသစ်မှာ ပျော်နေပြီလား"

မင်းရန်နောင်၏ အမေးကို မျိုးဆွေမည်သို့ ဖြေရမည်မသိချေ။



မျိုးဆွေက တိတ်တိတ်သာ နေသောကြောင့် မင်းရန်နောင်သည် သူ့စကားကို သူ့ဘာသာ ဆက်ပြောလေ၏။

"အေးလေ...သတ္တဝါဆိုတာ ဒီလိုပါပဲ၊ ရောက်ရာ ဘုံဘဝမှာ ပျော်ကြရတာပါပဲ၊ နတ်ဖြစ်ဖြစ် နတ်ဖြစ်ရင်လဲ နတ်ဘဝမှာပျော်၊ လူဖြစ်ရင်လဲလူ့ဘဝမှာပျော်၊ တိရစ္ဆာန်ဖြစ်ရင်တောင်မှ တိရစ္ဆာန်ဘုံဘဝကို ပျော်နေကြတာပါပဲ၊ ပျော်သလောက်တော့ နေဦးပေါ့ မောင်မျိုးဆွေရယ်၊ ဘယ်ဘဝရောက်ရောက် ရတနာ သုံးပါးတော့ မမေ့နဲ့ကွယ့်.... ကြားလား"

"ဟုတ်ကဲ့ပါ ကိုကို"

မင်းရန်နောင်၏ စကားသံများက မျိုးဆွေ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ချုပ်နှောင်လိုက်သကဲ့သို့ အင်အားအပြည့်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"ဂိုင်း....မောင်မျိုးဆွေ၊ ရောက်တုန်းရောက်ခိုက် ငါ့မြင်းကြီး ဘိန္နကကို တစ်ခေါက်လောက် စီးကြည့်ပါဦးလား"

"ခင်ဗျာ...."

www.burmeseclassic.com

www.burmeseclassic.com



မင်းရန်နောင်၏ စကားကြောင့် မျိုးဆွေ အံ့အားသြ
ဖြစ်သွားမိ၏။

စိတ်ထဲတွင် စိုးထိတ်သလိုလည်း ခံစားရ၏။

မျိုးဆွေ တစ်သက်နှင့်တစ်ကိုယ် မြင်းကို တစ်ကြိမ်မျှမစီး
ဖူးသောကြောင့်လည်း ဖြစ်သည်။

“ဘာလဲ မောင်မျိုးဆွေ၊ မင်း မြင်းစီးရမှာ ကြောက်
သွားပြီလား၊ အင်း....ကာလတစ်ခု လွန်မြောက်သွားတာ
ရဲရင့်ခြင်းကနေ အကြောက်တရားဆီကို ကူးပြောင်းသွား
တတ်တာပဲကိုး၊ ဘာပဲဖြစ်ဖြစ် ဘိန္နကကို မကြောက်ပါနဲ့
မောင်မျိုးဆွေ၊ သူက သာမန် တိရစ္ဆာန်မြင်းမျိုးမဟုတ်ဘူး
လူလောက် အသိဉာဏ်ကြွယ်ဝတဲ့ သတ္တဝါပါကွာ၊ သူမင်းကို
ဒုက္ခပေးမှာမဟုတ်ပါဘူး၊ ကဲ....စီးကြည့်လေ.... စီးကြည့်ပါ
ကွ၊ ဟိုအရင် ကာလတွေတုန်းကတော့ မင်းဟာ မြင်းကြီး
ဘိန္နကကိုစီးရင် သိပ်ပျော်ခဲ့တာလေ”

မျိုးဆွေသည် မင်းရန်နောင် ပြောသမျှ ပါးစပ်လေး
ဟကာ နားထောင်ပြီးနောက် ခေါင်းဆတ်ညိတ်ကာ မြင်း
ဖြူကြီးနားသို့ တိုးကပ်သွားမိသည်။



မြင်းဖြူကြီးသည် မင်းရန်နောင် ပြောသလိုပင် အမှန်
တကယ် အသိဉာဏ် ကြွယ်ဝသည့် မြင်းတစ်ကောင် ဖြစ်၏။

မျိုးဆွေအနားသို့ ရောက်သွားသည်နှင့်‘ဟီး’ခနဲတစ်ချက်
မြည်ကာ ခေါင်းကလေး တခါခါဖြင့် နှုတ်ဆက် လေတော့
သည်။

သူ့အမူအရာက မျိုးဆွေကို သိကျွမ်းနေသည့် ပုံစံမျိုး
ပေါက်နေ၏။

“မင်းက ငါ့ကိုသိလို့လားကွ”

ခင်မင် ကျွမ်းဝင်နေပုံမျိုး ပြသနေသည့် မြင်းဖြူကြီး
ဘိန္နကကို မျိုးဆွေ မကြောက်တော့ဘဲ အနားသို့ ရပ်ရဲသွား
သည်။

မြင်းဖြူကြီးကလည်း မျိုးဆွေမေးသည့် မေးခွန်းကို နား
လည်သည့်အလား ခေါင်းထဆတ်ဆတ်ညိတ်ပြလေ၏။

မျိုးဆွေက သူ့ကို လုံးဝမကြောက်တော့ဘဲ ကံ့ကော်ပင်
ခိုင်းနှင့် ချည်နှောင်ထားသော ဇက်ကြိုးကို ဖြုတ်ယူကာ
မြင်းပေါ်သို့ တက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ ယဉ်ကျေးသော မြင်းကြီးဖြစ်၍ မျိုးဆွေ သူ့အပေါ်တက်သည်ကို ကြည်ဖြူစွာပင် ငြိမ်ခံနေသည်။

"ကဲ....မောင်မျိုးဆွေ၊ မင်း ဘိန္နကကြီးကို စီးပေတော့၊ မင်းပြန်ချင်တဲ့အချိန်ကျရင် သူ့နားနားကပ်ပြီး တို့တစ်တွေ 'နန်း'ကို ပြန်ကြရအောင် ဘိန္နကကြီးရေလို့ ပြောလိုက်ပေတော့"

"ဟုတ်ကဲ့ ကိုကိုမင်းရန်နောင်"

"သတိထားလဲ သွားဦးနော် မောင်မျိုးဆွေ"

မမလေး စောနန်းရှင်က စိုးရိမ်စိတ်ဖြင့် လှမ်း၍ ပြောလိုက်၏။

"အမယ်လေး....စောနန်းရှင်ရယ်၊ နင်ကလဲ ပူစရာ မရှိဟာကို ကြံဖန်ပြီး ပူနေပြန်ပါပြီ၊ မောင်မျိုးဆွေက တစ်ခုခု ဖြစ်ချင်ပါတယ် ဆိုရင်တောင် ပေါ့မြင်းကြီးက သူ့ကို ဘာမှ အဖြစ်ခံမှာမဟုတ်ဘူး၊ မှဲ့တစ်ပေါက် မစွန်းစေရဘဲ တို့နန်းကို သေသေချာချာ ပြန်ပို့မှာပါ"



မင်းရန်နောင်က ရဲရဲဝံ့ဝံ့ အာမခံချက် ပေးနေသဖြင့် စောနန်းရှင်လည်း ဘာမျှ မပြောတော့ဘဲ နောက်သို့ ဆုတ်ခွာပေးလိုက်၏။

စောနန်းနွယ်နှင့်စောနန်းခင်တို့ကား ဘာမျှဝင်မပြောဘဲ ပြုံးလျက် ကြည့်နေကြလေ၏။

မောင်မျိုးဆွေလည်း မြင်းပေါ်ရောက်သည်နှင့် ဇက်ကြိုးကို ကိုင်ပြီး ဖနောင့်နှင့် ဝမ်းဗိုက်တို့ကို ထိပေးလိုက်သည်နှင့် မြင်းဖြူကြီးသည် အသော့သား စိုင်းနှင်လေတော့၏။

မြင်းခွာသံတခွပ်ခွပ် ကြားနေရ သော်လည်း မြင်း၏ ခြေထောက်များက မြေကြီးကိုထိသည်ဟု မထင်ရချေ။

အတန်ကြာ သွားမိသောအခါ မြင်းကြီးသည် မြေပြင်မှ ခွာ၍ လေထဲတွင် စိုင်းနှင်နေသလိုမျိုး ခံစားရသည်။

နံဘေးပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းမန်တို့က တရိပ်ရိပ်ဖြင့် ကျန်ရစ်နေခဲ့ကြသည်။

တိမ်လွှာအဆုပ်အခဲများ နံဘေးဆီတွင် ရိပ်ခနဲ ရိပ်ခနဲဖြင့် ကျန်ရစ်နေခဲ့ကြသည်ကို တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီး ကောင်းကင်ထဲမှာ ပျံနေပါရောလား။

ဒါဟာ အိပ်မက်လား။

တကယ်ပဲလား။

မျိုးဆွေ၏ရင်ထဲတွင် အံ့ဩခြင်းကြီးစွာဖြင့် စိုင်းနှင်နေမိသည်။

မြင်းဖြူကြီးကို စီးနေရသည့်အတွက် ပျော်လည်းပျော်၏။ ကြောက်လည်းကြောက်၏။

အတန်ကြာအောင် စီးပြီးသောအခါ မျိုးဆွေသည် ပြန်လှည့်ချင်လာ၏။ စောနန်းရှင်ကလေးနှင့် ပြန်တွေ့ချင်လာသည်။

သူ့မျက်နှာလှလှကလေးကိုသာ ကြည့်ပြီး ငေးချင်နေမိ၏။

သို့ဖြစ်၍ မျိုးဆွေသည် မြင်းဖြူကြီးနားနားကပ်ကာ တို့တွေ နန်းကိုပြန်ကြရအောင် ဘိန္ဒကကြီးရေ ဟု ပြောလိုက်လေ၏။



ထိုအခါ မြင်းဖြူကြီးသည် လူစကားကို နားလည်သည့်အလား ဟီးခနဲ တစ်ချက်ဟီလိုက်ပြီး နောက်သို့ပြန်ကွေ့ကာ နောက်ဘက် တောတန်းဆီသို့ တဖြည်းဖြည်း နိမ့်ဆင်းသွားလေသည်။

ထိုအချိန်တွင် မျိုးဆွေ၏ရင်ထဲ၌ တလှပ်လှပ်ခံစားရင်း အသံတစ်သံ နားထဲသို့ တဖြည်းဖြည်းတိုးဝင်လာလေ၏။

"မျိုးဆွေ၊ မျိုးဆွေ၊ မျိုးဆွေ"

သူ့နာမည်ကို ခေါ်သံသည် ဟိုးအဝေးကြီးမှ ခေါ်ရာက တဖြည်းဖြည်း နီးကပ်လာသကဲ့သို့ ခံစားရ၏။

"မျိုးဆွေ၊ မျိုးဆွေ"

အသံကြားရရုံမက ခန္ဓာကိုယ်ကိုပါ ခပ်ကြမ်းကြမ်း လှုပ်နှိုးခံရသလို ခံစားရသောကြောင့် မျိုးဆွေက လူးလဲထပြီး ကြည့်မိ၏။

"အိပ်ပုပ်ကြီးလိုက်တာ မျိုးဆွေရာ၊ မနည်းနှိုးရတယ်၊ ထ... ထ... ညနေစောင်းနေပြီ၊ အိမ်ပြန်ကြစို့ ငါလဲ ဒီဟောင်ကြီးကို မနည်းလိုက်ဖမ်းနေတာနဲ့ ကြာသွားတယ်'

www.burmeseclassic.com



ကုလားကြီးက လက်ထဲတွင်ကိုင်လာသည့် ဇီးကွက်သေကြီးကို မြှောက်ပြရင်း ပြောလိုက်၏။

"စောနန်းရှင်၊ စောနန်းရှင်၊ စောနန်းရှင်"

မျိုးဆွေက အိပ်မှုန်စုံမွှားဖြင့် ယောင်ယမ်းလိုက်၏။

"ဘာကွ... ဘာပြောတယ် မျိုးဆွေ၊ စောနန်းရှင် ဟုတ်လား၊ သေသေချာချာကြည့်စမ်းပါဦး မျိုးဆွေရယ်၊ ငါကွ၊ ကုလားကြီးပါ၊ ဘယ်ကလာ စောနန်းရှင်ရမှာလဲ၊ မင်းအိပ်မက်မက်ပြီး ယောင်နေပြီထင်တယ်"

"အိပ်မက် ဟုတ်လား"

"အေးလေကွာ၊ ကတွတ်ပင်ခြေရင်းမှာ ခွေခွေကလေး အိပ်နေတဲ့ မင်းက အိပ်မက်မဟုတ်ရင် ဘာဖြစ်ရမှာလဲ၊ ဘယ်က စောနန်းရှင်လဲ၊ ဒီရွှေနဒီလျှိုထဲက ဥစ္စာစောင့်လား၊ ပြောစမ်းပါဦး"

"မသိပါဘူးကွာ"

မျိုးဆွေက မျက်စိနှလုံးကိုပွတ်ရင်း ပြောလိုက်၏။



"ကဲ.... ကဲ၊ သိတာမသိတာ နောက်ထား၊ အချိန်မရှိတော့ဘူး၊ ခပ်သုတ်သုတ်ပြန်မှ မိုးမချုပ်ခင် အိမ်ပြန်ရောက်မှာကွ"

ကုလားကြီးက မျိုးဆွေကိုဆွဲထူ၍ ပြော၏။

မျိုးဆွေလည်း အိပ်နေရာမှ လူးလဲထရင်း ဖုတ်ခါကာ အိမ်ပြန်ခဲ့ကြရလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

### လဏ်စွဲသတ်သေ

"အဲဒါ ငါ့ဘဝမှာ ပထမဦးဆုံး ထူးထူးဆန်းဆန်း ကြုံခဲ့ရတာပဲ မိုးဦး"

"နောက်ထပ်ကော မင်း အဲဒီ ရွှေနဒီလျှို ဘက်ကို ရောက်သေးလား"

မျိုးဆွေက ခေါင်းယမ်းပြလိုက်၏။

"ဟင့်အင်း၊ ကုလားကြီးနဲ့ ကြုံလို့ လိုက်သွားမိတဲ့ အဲဒီ တစ်ခေါက်ပဲ ရောက်တာပါကွာ၊ မင်းသိတဲ့အတိုင်း ရွှေနဒီ



လျှိုဘက်မှာ တောကြမ်းတယ်ဆိုပြီး ဘယ်သူမှ သိပ်ပြီး သွားကြတာမှ မဟုတ်တာ၊ ငါလဲ တစ်ယောက်တည်းတော့ ဘယ်သွားရဲမလဲ"

မိုးဦးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မင်းပြောတဲ့ စောနန်းရှင်ဆိုတဲ့ မိန်းကလေးကိုကော အမှတ်ရသေးလား"

မျိုးဆွေက မိုးဦး၏အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ ခပ်လှမ်းလှမ်းဆီသို့ ငေးကြည့်နေသည်။

"ဟေ့ ကောင် မျိုးဆွေ"

မိုးဦးက လက်မောင်းကို လှမ်းပုတ်လိုက်မှ သူ့ဘက်လှည့် ကြည့်သည်။

"ငါမေးနေတယ်ကွာ၊ မင်း စောနန်းရှင်ကို အမှတ်ရ သေးလားလို့"

"ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်သားလောက် အတွင်း မှာတော့ အမြဲလိုလို သတိရနေတာပေါ့ မိုးဦးရာ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကြာတော့လဲ မွှေမွှေပျောက်ပျောက် ဖြစ်ခဲ့ရတယ် တစ်ခါတလေ တိုက်ဆိုင်မှုရှိမှပဲ သတိရတော့တယ်”

မိုးဦးက ခေါင်းစာဆတ်ဆတ် ညိတ်လိုက်မြန်၏။

“ဒါနဲ့ ငါမေးပါဦးမယ် မျိုးဆွေ”

“မေးလေ”

“မင်း စောနန်းရှင်ကို အိပ်မက်တွေဘာဆွေ မမက်ဘူးလား”

“တစ်ခါတလေတော့ မက်ပါတယ်၊ ဒါပေမယ့် အခု ငါ ခံစားနေရတာက အိပ်မက်ထက်ဆိုးတယ် မိုးဦး”

“အိပ်မက်ထက်ဆိုးတယ် ဟုတ်လား”

မိုးဦးက အံ့ဩတကြီးဖြင့် ပြန်၍မေးလိုက်၏။

“ဟုတ်တယ် မိုးဦး၊ အိပ်မက် မက်တာ မဟုတ်ဘူး၊ စောနန်းရှင် ငါ့ဆီကို အရှင်လတ်လတ်ကြီး ရောက်လာတာ”

“ဟေ”

မိုးဦးက မျိုးဆွေကို စိုက်ကြည့်နေ၏။



“မင်း စိတ်စွဲလမ်းလို့များလား...”

မျိုးဆွေက ခေါင်းကို သွက်သွက်ကြီး ယမ်း[illegible]၏။

“စိတ်စွဲလမ်းလို့ ပြောရအောင် ငါသူ့ကို အမှတ်မရတာ ကြာပြီ၊ တက္ကသိုလ်တက်တဲ့ လေးနှစ်လုံးလုံးလဲ တစ်ခါမှ အိပ်မက် မမက်တော့ဘူး၊ ပြီးတော့ ငါ့မှာ အစားထိုးစရာ အဖြစ် နွဲ့လေးမူကလဲ ရှိလာတယ်လေ”

“ပြောပါဦး”

“ငါနောက်ဆုံးနှစ် စာမေးပွဲဖြေတဲ့ညမှာပဲ စောနန်းရှင် အိပ်မက်ပေးတယ်၊ အိပ်မက်ထဲမှာ သူ ငါ့ကို သတိရနေကြောင်း ပြောတယ်၊ ငါကတော့ ချစ်သူအသစ်နဲ့ ပျော်ပြီး သူ့ကိုမေ့နေတယ် မဟုတ်လားလို့ မေးတယ်”

“အိပ်မက်ထဲမှာ မင်းက ဘယ်လို ပြန်ပြီးဖြေလိုက်သလဲ”

“ငါက သူ့ကိုမမေ့ကြောင်းပြောတော့ သူက မယုံဘူးလို့ ပြောတယ်၊ ဒီအတိုင်းသာ နွဲ့လေးမူနဲ့ စခန်းဆက်ပြီး သွားနေမယ်ဆိုရင် သူ့ကိုအဆိုးမဆိုနဲ့၊ မကြာခင်မှာ နွဲ့လေး ဆီကို အဆက်ဖြတ်ပစ်လိုက်ပါလို့ ပြောသွားတယ်”

www.burmeseclassic.com



"ဩော်...ဒါကြောင့် မင်းက နွဲ့လေးမူကို ခပ်ရှောင်ရှောင် လုပ်နေခဲ့တာကိုး"

"ဟုတ်တယ်၊ အိပ်မက် မက်ပြီးကတည်းက နွဲ့လေးမူကို ခါတိုင်းလို သွားမတွေ့ရဲတော့ဘူး၊ သွားတွေ့မယ်ကြံတိုင်းလဲ တစ်ခုမဟုတ်တစ်ခု ဒုက္ခတွေ့တော့တာပဲ"

"ဘယ်လို ဒုက္ခတွေ့တာလဲ"

"အလကားနေရင်း ဘာမှအစားမမှားဘဲ အလိုလို ဗိုက်နာတာတို့ ခေါင်းမထူချင်အောင်ကို ခဲလာတာတို့ ဖြစ်တယ်လေကွာ"

"ဒါနဲ့ပဲ မင်းကလဲ မြို့ကို အတူတူပြန်ဖို့ နွဲ့လေးမူကိုတောင် မစောင့်နိုင်ဘဲ တစ်ယောက်တည်း ပြန်ချလာဘာဆိုပါတော့"

"ဟုတ်တယ် မိုးဦး၊ ငါ နွဲ့လေးမူနဲ့သာ အတူတူပြန်မယ်ဆိုရင် ဒီထက်ဆိုးတဲ့ ပြဿနာတွေ မပေါ်ဘူးလို့ မပြောနိုင်ဘူးလေ"

"ဟူး...."



မိုးဦးက သက်ပြင်းရှိုက်ထုတ်လိုက်၏။

"မင်းက အိပ်မက်ကို သိပ်ပြီး အစွဲအလမ်း ကြီးနေတာကိုး...."

"ငါ အိပ်မက်ကို အစွဲအလမ်း ကြီးနေတာ မဟုတ်ဘူး မိုးဦး၊ အဖြစ်အပျက်တွေက အမှန်တကယ်ကို ထူးဆန်းတိုက်ဆိုင်လွန်းလို့ ရှောင်ရတာ၊ တကယ်လို့များ ငါဖြစ်သလို သာမန် ခေါင်းကိုက်၊ ဗိုက်နာတာမျိုး မဟုတ်ဘဲ နွဲ့လေးမူမှာ တစ်ခုခု ကြီးမားတဲ့ပြဿနာ ဖြစ်သွားမှာကို စိုးရိမ်တယ်"

"မင်းလဲ ခေတ်ပညာတတ် တစ်ယောက်ပဲ မျိုးဆွေရာ.... ဒီလောက် အစွန်းမရောက်ချင်စမ်းပါနဲ့၊ ခေါင်းကိုက်တယ် ဗိုက်နာတယ် ဆိုတာမျိုးဟာ အချိန်မရွေး ဖြစ်နိုင်တဲ့ အလွယ်ကူ ရောဂါမျိုးတွေပဲကွ၊ မင်း အဲဒီလို ဝေဒနာတွေခံစားရတာဟာ မင်းရဲ့ အိပ်မက်ထဲက စောနန်းရှင်နဲ့ ပတ်သက်နေတယ်လို့ ငါတော့ မယူဆစေချင်ဘူး"

"ဟုတ်ပြီ၊ အိပ်မက်ကိုထားလိုက်တော့၊ စောနန်းရှင် ငါ့ဆီကို ကိုယ်တိုင်လာပြီး တွေ့တွေ့နေတာကျတော့ကော မင်းဘယ်လိုပြောမလဲ မိုးဦး"

www.burmeseclassic.com

www.burmeseclassic.com



"စောနန်းရှင် ကိုယ်တိုင် လာတွေ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်ကိုလာတွေ့တာလဲ၊ တက္ကသိုလ်အဆောင်ကို လာတာလား"

"ရန်ကုန်အထိတော့ သူလိုက်မလာနိုင်ပါဘူး၊ ငါဒီမြို့ကို ပြန်ရောက်မှ အိမ်ကို လာတွေ့တာ၊ ဟောဒီ အခန်းထဲကို ရောက်လာတာ"

"ဒီအခန်းထဲကို...."

"ဟုတ်တယ်"

မိုးဦး ရင်ထဲ ထိတ်ခနဲ စိုးရိမ်မိသွားသည်။

မျိုးဆွေ တစ်ယောက် ဘာတွေ ဖြစ်နေပြီနည်း၊ ဆိုက်ကိုဆစ်ခေါ် စိတ်ဝေဒနာရှင်တစ်ယောက် ဖြစ်နေပြီလော။

မျိုးဆွေစိတ်တွေ မှန်မှမှန်ပါလေစဟု စိတ်ထဲမှာတွေး ဖြစ်သည်။

မိုးဦး၏ စူးစမ်းသောအကြည့်ကို မျိုးဆွေ နားလည်၏။



သံသယမကင်းသော အငွေ့အသက်တွေ ပါနေကြောင်း မျိုးဆွေ ရိပ်မိသွားသည်။

"ဘာလဲ....မင်းက ငါ့ကို မယုံလို့လား၊ ငါကြောင်သလို ယောင်သလို ဖြစ်နေပြီလို့ ထင်နေတာလား၊ ဟင်.... ဟော့ကောင် ပြောစမ်းပါဦး"

"ဘာပဲဖြစ်ဖြစ် မင်း ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် ထိန်းသင့်တယ်၊ မင်းလဲ ခေတ်ပညာတတ် တစ်ယောက်ပဲ၊ စိတ်အားအလမ်းကြီးပြီး ထင်ကာတွေ လျှောက်မတွေးသင့်ဘူး"

မျိုးဆွေက ခေါင်းကို ယမ်းခါပစ်လိုက်၏။

"ငါ စိတ်ထင်တာတွေကို လျှောက်တွေးနေတာ မဟုတ်ဘူး၊ စောနန်းရှင် ငါ့ဆီကို တကယ်ရောက်လာတာ"

"မင်းဆီ စောနန်းရှင် တကယ်ရောက်လာတယ်ဆိုတာ မင်း ငါ့ကို သက်သေဘယ်လိုပြနိုင်မှာလဲ"

"သက်သေ ဟုတ်လား၊ ဟုတ်ပြီ.... မင်းပြောမှပဲ သက်သေပြစရာ ပစ္စည်းကို သတိရတော့တယ်၊ ခဏနေဦး"

မျိုးဆွေက ပြောပြောဆိုဆို ခုတင်ပေါ်တွင်ထိုင်နေရာမှ စားပွဲ ကြီးရှိရာသို့ ထသွားလိုက်ပြီး ဗီရိုတံခါးကို ဆွဲဖွင့်ကာ ဗီရိုအံဆွဲကို သော့ခတ်၍ဖွင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အံဆွဲတွင်းမှ အနီရောင် ရတနာဘူးကလေး တစ်ခုကို ထုတ်ယူလာခဲ့သည်။

ရတနာဘူးကလေးကို လက်ဝါးပေါ်တင်ပြီး ဖွင့်လိုက်သောအခါ လွန်စွာ အရည်အသွေး ကောင်းမွန်သည့် ကျောက်စိမ်းလက်စွပ်တစ်ကွင်းကို တွေ့ရလေတော့၏။

"အဲဒါ စောနန်းရှင် ငါ့ဆီ အမှန်တကယ် ရောက်လာပါတယ်ဆိုတဲ့ အနိုင်မာဆုံး သက်သေခံပစ္စည်းတစ်ခုပဲ မိုးဦး။ မင်းလဲ ရတနာတွေ အကြောင်း နားလည်သင့်သလောက် နားလည်တာပဲ မဟုတ်လား၊ ကြည့်.... ကြည့်လေ၊ ကျောက်စိမ်းကကော ဘယ်လောက် အရည်အသွေးကောင်းသလဲ၊ ရွှေကကော အခေါက်ရွှေအစစ် မဟုတ်လား၊ သေသေချာချာ လေ့လာကြည့်ပါဦးလေ"

မျိုးဆွေက လက်စွပ်ကလေးကို ကမ်းပေးလိုက်သောကြောင့် မိုးဦးလည်း လှမ်းယူကာ အသေအချာ ကြည့်ရှုလေတော့၏။

နေရောင်တွင် ထောင်ကြည့် လိုက်သောအခါ ကျောက်စိမ်းသည် ကရင်ဆိုဒါရောင် ပေါက်လျက် လွန်စွာ အရည်အသွေး ကောင်းသည်ကို တွေ့ရလေ၏။



ထို့အတူ ရွှေကလည်း အရည်ကောင်းလှ၏။ လက်စွပ်ကို လုပ်ထားသည့် ဝန်းထိမ်လက်ရာမှာလည်း ယခုခေတ်လက်ရာနှင့် လုံးဝမတူဘဲ ထုကြီးထည်ကြီး ခန့်ခန့်ညားညား ရှေးလက်ရာရွှေထည်မှန်း သိသာလှ၏။

"ဘယ့်နှယ်လဲ မိုးဦး"

"ဟုတ်တယ်၊ ကျောက်စိမ်းကော ရွှေကကော အရည်အသွေး ဘာမှပြောစရာမရှိဘူး၊ ရှေးဟောင်း လက်ရာဆိုတာလဲ ဟုတ်ပါတယ်"

"ဒါဆိုရင် ပြီးရောပေါ့၊ မင်း သံသယဘာဖြစ်စရာ လိုသေးလဲ"

"သံသယ ဟုတ်လား"

"ဟုတ်တယ်လေ"

"သံသယ်ဆိုတဲ့ နေရာမှာ တစ်ခုပဲ ပြောစရာရှိပါတယ် မျိုးဆွေ"

"ဘာကိုလဲ"

"မင်း ဒီလက်စွပ်ကို ရတယ်ဆိုတာ စောနန်းရှင်ဆီက သည်မဟုတ်ဆိုတဲ့ အချက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးဦး၏ စကားကြောင့် မျိုးဆွေ၏မျက်နှာမှာ တင်းခနဲ ဖြစ်သွား၏။

"ဘာလဲ မိုးဦး၊ မင်းက ငါပြောတာကို မယုံကြည်လို့လား၊ ငါက ဒီလက်စွပ်ကို ဖန်တီးပြီး ဇာတ်လမ်းဆင်နေတယ်လို့ စွပ်စွဲချင်တာလား"

မိုးဦး ပြန်ပြောရ ခက်သွား၏။

"မင်းယုံအောင် ငါ ကျိန်တွယ်ပြီးပြောရမှာလား မိုးဦး"

"ကျိန်စရာတော့ မလိုပါဘူး မျိုးဆွေရာ၊ မင်းက ဟုတ်တယ်ဆိုရင်လဲ ပြီးတာပါပဲ၊ ဒါပေမယ့် မင်းအနေနဲ့ စိတ်အစွဲအလမ်းတော့ သိပ်မကြီးသင့်ဘူးလို့ ငါထင်တယ်"

"ဪ.... ခုလောက်ထိ ပြောပြနေတာတောင်မှ မင်းက ငါ့ကို စိတ်စွဲပြီး ဖြစ်နေတာတွေချည်းပဲလို့ ထင်နေတာကိုး၊ ဒီမှာ မိုးဦး၊ ငါမင်းကို ဘာကိစ္စ ညာပြောစရာလိုမှာလဲ၊ မင်းကိုညာပြောလို့ ဘာအကျိုးထူးသွားမှာမို့လဲ"

မိုးဦးက ခေါင်းတဆတ်ဆတ်ညိတ်လျက် ကျောက်စိမ်းလက်စွပ် ပြန်ပေးလိုက်လေ၏။

မျိုးဆွေက သူ့လက်စွပ်ကို ပြန်ယူလိုက်ပြီးနောက် ရတနာဘူးကလေးထဲသို့ တယုတယ ပြန်၍ထည့်လိုက်၏။



ထို့နောက် အံဆွဲထဲသို့ ပြန်သွင်းကာ သော့ခတ်၏။ ဗီရိုကို ပြန်ပိတ်ပြီးနောက် မိုးဦးနားသို့ ပြန်လျှောက်လာသည်။

"ဪ.... ဒါနဲ့ မင်းဆီကို စောနန်းရှင် ရောက်လာတယ်ဆိုတဲ့အကြောင်း ပြောပြဦးလေ မျိုးဆွေရဲ့"

"ပြောပြတော့ကော မင်းက ယုံကြည်မှာမို့လို့လား မိုးဦးရဲ့"

"ယုံသင့်ရင်လဲ ယုံရမှာပေါ့ကွာ၊ ယုံတာမယုံတာ ငါ့အလုပ်ပါ၊ အဖြစ်အပျက်အမှန်ကို ပြောပြရမှာက မင်းရဲ့တာဝန်ပဲ၊ မင်းရဲ့အတွေးအခေါ် အတွေ့အကြုံ ခံစားချက်တွေကို မင်း ငါ့ကိုပြောမပြလို့ ဘယ်သူ့ကိုသွားပြီး ပြောပြမှာလဲ"

"အေးလေ၊ ဒါကြောင့်လဲ ငါ မင်းကိုပြောပြနေရတာပေါ့၊ မင်းလို ငယ်သူငယ်ချင်းကတောင် ဒီကိစ္စတွေကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေတာ၊ တခြားလူ တစ်ယောက်ကို ပြောပြရင် ငါ့ကို ချက်ချင်း စိတ်ရောဂါကုဆေးရုံ ပို့မစ်လိုက်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအထိတော့လဲ မဟုတ်သေးပါဘူးကွာ"

"မင်း အဲဒီလောက်အထိ နားလည်ပေးတာကို ကျေးဇူးတင်ပါတယ် မိုးဦး"

မျိုးဆွေက ပြောပြတော့မည်ဟု ဆုံးဖြတ်အားယူလိုက်စဉ် သူ့အာရုံများသည် အဝေးတစ်နေရာသို့ ပျံ့လွင့်သွားနေသည့်သဖွယ် ဖြစ်သည်ဟု မိုးဦး ထင်မှတ်မိလေ၏။

★

အခန်း (၇)

ထူမျှိုအခန်းထဲမှ မီန်းမသံ

မျိုးဆွေ တက္ကသိုလ်မှ မြို့သို့ပြန်ရောက်ပြီး နောက် တစ်နေ့ ညတွင်ဖြစ်၏။

ထိုညသည် လသာ၏၊ လမပြည့်တတ်သေး သော်လည်း ညဥ့်နက်လာသည်နှင့်အမျှ လ၊ အလင်းရောင်သည် လင်းလင်းချင်းကျင်း ရှိသည်။

မျိုးဆွေသည် ဘာရယ်မဟုတ်ဘဲ ညနာရီပြန် တစ်ချက်ထောက်တွင် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မျိုးဆွေ...မောင်မျိုးဆွေ"

ဟူသော ခေါ်သံများ ကြားရသည်။

ခေါ်သံများသည် ပထမတွင် ဟိုးအဝေးဆီမှ သဲ့သဲ့သာ ကြားရပြီး တဖြည်းဖြည်းနှင့် ခေါ်သံများ နီးကပ်လာကာ ယခင်က ရခဲ့ဖူးသော ထူးဆန်းသည့် မွှေးရနံ့များသည်လည်း သူ့အခန်းထဲတွင် သင်းပျံ့လျက်ရှိလေ၏။

"ဒါ...ဒါဟာ စောနန်းရှင်ရဲ့ ခေါ်သံပဲ"

မျိုးဆွေ စိတ်ထဲ၌ တွေးလိုက်မိ၏။

တွေးမိသည်နှင့် တစ်ပြိုင်တည်း အိပ်ရာပေါ်သို့ ဝေါက်ခနဲ ထ ထိုင်လိုက်သည်။

အခန်းထဲ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်သည်။

ခေါ်သံသည် အခန်းတံခါး အပြင်ဘက်လောက်နားဆီမှ ကပ်၍ ကြားရ၏။

မောင်မျိုးဆွေ နားစွင့်နေရာမှ အခန်းတံခါးဆီသို့ စေ့စေ့စူးစူး ကြည့်နေမိ၏။



မောင်မျိုးဆွေ၏ ခြင်ထောင်သည် အဖြူရောင် ဇာခြင်ထောင် ဖြစ်သောကြောင့် အပြင်သို့ ဖောက်၍ မြင်ရ၏။

ထိုအချိန်တွင် လွန်စွာမွှေးပျံ့သော ရနံ့များက ပို၍ ကြိုင်လှိုင်လာသည်။

"မောင်မျိုးဆွေ"

ခေါ်သံနှင့်အတူ တစ်စုံတစ်ဦးသည် မျိုးဆွေ၏ အခန်းမကြီးကို ဖြတ်သန်းဖောက်ထွင်း ဝင်ရောက်လာလေ၏။

ပထမတွင် အငွေ့ဖြူဖြူများကဲ့သို့ ဖြစ်ပြီး တဖြည်းဖြည်းနှင့် ရုပ်လုံးပီပြင်လာကာ လွန်ခဲ့သည့် ကာယ်နှစ်ကာလဆီက ရွှေနဒီလှိုဏ်ထဲတွင် တွေ့ခဲ့ရသည့် စောနန်းရှင်နှင့် တထေရာတည်း တူသော ရုပ်သွင်ကို တွေ့ရလေ၏။

"မမလေး...စောနန်းရှင်"

မျိုးဆွေ၏နှုတ်မှ လွှတ်ခနဲ ထွက်သွားမိသည်။

ထိုအခါ စောနန်းရှင်သည် ကျေနပ်စွာပြုံးလိုက်ပြီး...

"မောင်မျိုးဆွေ မမလေးကို မှတ်မိသေးပဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ရှေ့သို့လျှောက်လာ၏။ နံတင်ဆီသို့ ရောက်လာကာ ဇာခြင်ထောင်ထဲ အထိပင် ဖြတ်သန်း ဖောက်ထွင်း ဝင်ရောက်လာလေ၏။

ပြီးနောက် မျိုးဆွေ၏နားတွင် အတူယှဉ်တွဲ ထိုင်လေ၏။

စောနန်းရှင် အနား ရောက်လာသည်နှင့် မွှေးပျံ့သော ရနံ့များက မွှန်ထူနေအောင် သင်းပျံ့နေသည်။

ထိုရနံ့များကြောင့်ပင် မျိုးဆွေသည် ငိုက်မျဉ်းမူးရီတော့ မတတ်ပင် ဖြစ်မိ၏။

"မောင်မျိုးဆွေ မမလေးကို သတိမရဘူးလား ဟင်"

စောနန်းရှင်က ပြောပြောဆိုဆို မျိုးဆွေ၏ လက်ကို ဆွဲကိုင်လိုက်သောကြောင့် နူးညံ့ နွေးထွေးသည့် အာရုံသည် ခန္ဓာကိုယ်အနှံ့ ပျံ့သွားပြီး ကြက်သီးများ တဖြန်းဖြန်း ထမိသည်အထိ ခံစားရလေသည်။

"သတိရပါတယ် မမလေး စောနန်းရှင်ရယ်"

"သတိရတယ်သာ ပြောတယ်၊ တကျွဲသိုလ် တက်နေတဲ့ကာလတွေမှာ နွဲ့လေးမူဆိုတဲ့ မိန်းကလေးနဲ့လဲပဲ တပူးတွဲတွဲ



ရှိနေခဲ့တယ်မဟုတ်လား၊ အဲဒီမိန်းကလေးရဲ့ အရယ်အပြုံး အချွဲအနွဲ့တွေအပေါ်မှာ မင်းသာယာခဲ့တယ် မဟုတ်လား မောင်မျိုးဆွေ"

စောနန်းရှင်၏ စကားကြောင့် မျိုးဆွေ ဘာပြန်ပြောရမှန်းမသိအောင် ငေးကြောင်ကြောင် ဖြစ်သွားမိ၏။

"ပြောလေ....မောင်မျိုးဆွေ၊ မင်း နွဲ့လေးမူ အပေါ်မှာ သာယာနေခဲ့တယ် မဟုတ်လား"

"မှန်တာကို ပြောရရင်တော့ နွဲ့လေးမူကို ကျွန်တော် ဒီအချိန်ထိ ချစ်စကား ကြိုက်စကားလဲ တရားဝင် မပြောရသေးပါဘူး မမလေး၊ နှစ်ဖက်လူကြီးချင်း သဘောတူထားကြတဲ့ အခြေအနေပါ၊ အဲ....နွဲ့လေးမူ ဘက်ကတော့ ကျွန်တော့်အပေါ်မှာ အထော်လေး တိမ်းညွှတ်နေပါတယ်"

"ဒါက အရေးမကြီးဘူး၊ အရေးကြီးတာက မောင်မျိုးဆွေ မမလေး အပေါ်မှာ သစ္စာမဖောက်ဖို့ပဲ၊ မောင်မျိုးဆွေဟာ မမလေးစောနန်းရှင်ရဲ့ ချစ်သူဖြစ်ခဲ့တယ်၊ အခုလဲ ဖြစ်ရမယ်၊ အို....နောက်ဘဝ အဆက်ဆက်မှာလဲ စောနန်းရှင်ရဲ့ ချစ်သူဟာ မောင်မျိုးဆွေပဲ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေက ဘာမျှ ပြန်မပြောနိုင်ခင်မှာပင် စောနန်းရှင်သည် သူ့ခန္ဓာကိုယ်လေးကို မျိုးဆွေဘက်သို့ တိုးကပ်ပြီး ခေါင်းကလေးကို ပခုံးပေါ်သို့ စောင်းငဲ့ တင်လိုက်လေ၏။

ထိုအခါ မောင်မျိုးဆွေ၏ရင်သည် တဒိန်းဒိန်း ခုန်လှုပ်လာ၏။

"ဖက်ထားစမ်းပါ မောင်မျိုးဆွေရယ်.... မောင်မျိုးဆွေရဲ့ အကြင်နာယုယမှုတွေကို မမလေး မခံစားရတာ ကာလများစွာ ကြာခဲ့ပါပြီ"

ညို့ငင်စွမ်းအား ကြီးမားစွာဖြင့် ဖမ်းစား ညို့ငင်လေသောအခါ မျိုးဆွေ မည်သို့မျှ ဆောက်တည်ရာ မရနိုင်တော့ချေ။

စောနန်းရှင်အလိုကျ သူမ၏နွေးထွေးနူးညံ့သော ခန္ဓာကိုယ်ကလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်း ပွေ့ဖက်ထားလိုက်မိလေတော့၏။

"ဒေါက်....ဒေါက်....ဒေါက်"

တံခါးခေါက်သံကြောင့် မျိုးဆွေ ယောင်ယမ်းပြီး စောနန်းရှင်ကို လွှတ်ပေးလိုက်မိ၏။



စောနန်းရှင်လည်း အလန့်လန့်အဖျပ်ဖျပ်ဖြင့် ရင်ခွင်ထဲမှ ထူးလဲ၍ ထလိုက်၏။

"သား....သားရေ....မေမေပါ....တံခါးဖွင့်ပါဦးကွယ်"

ဒေါ်ခင်မေကြီး၏အသံကို ကြားရသည်နှင့် စောနန်းရှင်လည်း မျက်လုံးအဝိုင်းသားဖြစ်သွားပြီး ခြင်ထောင်အပြင်သို့ ထွက်ကာ အဖြူငွေ့အဖြစ် လွင့်ပျံ ပျောက်ကွယ် သွားလေတော့၏။

"ဟဲ့သား.... မေမေ ခေါ်နေတယ်လေ.... တံခါးဖွင့်ပါဦး"

ဒေါ်ခင်မေကြီးက ထပ်မံ ခေါ်ငင်နေပြန်သောကြောင့် မျိုးဆွေမှာ မနေသာတော့ဘဲ ခုတင်ပေါ်မှ ဆင်းကာ အခန်းတံခါးကို သွားရောက်ဖွင့်လိုက်ရ၏။

ဒေါ်ခင်မေကြီးသည် အခန်းထဲသို့ အလျင်စလိုဝင်ရောက်လာကာ ဟိုကြည့် သည်ကြည့်ဖြင့် တစ်စုံတစ်ရာကို ရှာဖွေနေလေ၏။

"မေမေ ဘာရှာနေတာလဲ"

www.burmeseclassic.com

"လူလူ....သားအခန်းထဲကလူသံကြားလို့၊ စကားပြော သံတွေ ကြားရတယ်၊ မိန်းကလေး တစ်ယောက် အသံလဲ ကြားရတယ်"

"ဗျာ...."
မျိုးဆွေ တအံ့တသြဖြစ်သွား၏။

"ဟုတ်တယ်သား၊ မင်း....ဘယ်က ကောင်မလေး တစ်ယောက်နဲ့ စကားပြောနေတာလဲ"

"ဟို.... ဟိုသင်း.... သားအိပ်မက်မက်ပြီး ယောင်နေတာ နေမှာပေါ့ မေမေရယ်"

ဒေါ်ခင်မေကြီးက ခေါင်းကို သွက်သွက်ယမ်းခါလိုက်၏။

"မဖြစ်နိုင်ဘူးသား၊ သားအိပ်မက်မက်ပြီးယောင်စကား ပြောတာဆိုရင် သားတစ်ယောက်တည်းရဲ့ အသံပဲ ဖြစ်ရမှာပေါ့၊ အခုတော့ မိန်းကလေးတစ်ယောက်ရဲ့ အသံကို သေသေချာချာကြီး ကြားရတာ"

"မေ့မေနားကြားလွဲလို့ ဖြစ်ပါလိမ့်မယ် မေမေရယ်"

"နားကြားလွဲလို့ ဟုတ်လား"

"ဒါပဲဖြစ်မှာပေါ့မေမေ"



"နားကြားလွဲတာ လုံးဝမဖြစ်နိုင်ဘူးသား၊ မေမေရဲ့ အမြင်အာရုံရော အကြားအာရုံပါ သား ပြောသလောက် လွဲချော်နိုင်ဘူး၊ ပြီးတော့ နားကောင်းတာ မျက်စိကောင်း တာ မေမေတစ်ယောက်တည်း မဟုတ်ဘူး၊ မေမေ့ အမေ ရော၊ အဘွားရော သေတဲ့အထိ မျက်စိမမှုန် နားမလေးကြ ဘူး သားရဲ့၊ မျိုးနဲ့ရိုးနဲ့ အာရုံကောင်းတာ"

မျိုးဆွေ ပြန်ပြောရ ခက်သွားသည်။

ဒေါ်ခင်မေကြီးကမူ သူနားနှင့် ဆတ်ဆတ်ကြားရသည့် ထို့အတွက် မကျေမနပ်ဖြင့် ဟိုဟိုသည်သည် လျှောက်ကြည့် နေဆဲ ဖြစ်သည်။

"ဒီလိုကော မဖြစ်နိုင်ဘူးလား မေမေ"

"ဘယ်လိုလဲ"

"မေမေအိပ်မက်မက်ပြီး အိပ်မက်ထဲမှာကြားရတဲ့ အသံ မျိုးတွေကော မဖြစ်နိုင်ဘူးလား မေမေ"

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ မေမေက တစ်သက်နဲ့ တစ်ကိုယ် ယောင်တတ်တဲ့မိန်းမမဟုတ်ဘူး၊ မေမေတင်မက ပါဘူး မေမေ့ရဲ့အမေရော မေမေရဲ့အဘွားပါ ဘယ်သူမှ ယောင်တတ်တာ မဟုတ်ဘူး၊ မျိုးနဲ့ရိုးနဲ့ မယောင်တတ် တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေကြီး မျိုးရိုးနှင့်ချီ၍ ငြင်းပယ်လိုက်ပြန်၏။

“ဒါဆိုရင်လဲ ထားပါတော့ မေမေရာ၊ သားကလဲ သားရည်းစားနဲ့ ချိန်းတွေ့တယ်ပဲ ထားလိုက်ပါတော့”

ဒေါ်ခင်မေကြီး မျက်မှောင်ကြုတ်လိုက်၏။

“သားရည်းစားနဲ့ ချိန်းတွေ့တယ်ဆိုရအောင်လဲ သားရည်းစား နွဲ့လေးမှုကို မေမေ မသိတာမှ မဟုတ်ဘဲ၊ အခုကြားရတဲ့စကားသံက နွဲ့လေးမှုအသံလဲ လုံးဝမဟုတ်ဘူး၊ တခြား သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ အသံမျိုး”

“နွဲ့လေးမှုက သားရည်းစားမှ မဟုတ်တာ၊ မေမေကလဲ”

“ဘာပဲဖြစ်ဖြစ် နွဲ့လေးမှုဟာ သားအတွက် နှစ်ဖက်မိဘက သဘောတူ ရည်ရွယ်ထားတဲ့ ရည်းစား ပဲကွယ့်၊ ရည်းစားဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကိုက ရည်ရွယ်ထားသူ ဆိုပြီး အဓိပ္ပာယ်ရတယ် မဟုတ်လား”

စကားတတ်လှသော ဒေါ်ခင်မေကြီးကို မျိုးဆွေ နိုင်အောင်ပြောဖို့ မလွယ်ချေ။

သည်အတွက် စကားလမ်းကြောင်း ပြောင်းရန် မနည်းကြိုးစားရ၏။



“ကဲ…မေမေ ညဉ့်နက်လှပြီ၊ ပြန်အိပ်တော့လေ၊ မေမေ အိပ်ရေး ပျက်နေပါဦးမယ်”

“ဟုတ်ကဲ့…. ကျွန်မ ခုပဲပြန်အိပ်တော့မလို့ပါရှင်၊ ကဲ…. မင်းလဲပြန်အိပ်တော့၊ ရှုပ်ရှုပ်ယှက်ယှက် ဘယ်ရည်းစားနဲ့မှ ချိန်းမတွေ့နဲ့တော့ နော်”

ဒေါ်ခင်မေကြီး၏ စကားကြောင့် မျိုးဆွေခမျာ ရယ်ရခက် ငိုရအခက် ဖြစ်သွားရလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

## လူနှင့်တူလွန်းသူ

“အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို မင်းမားသားကြီးက အခန်းတံခါး လာပြီး ခေါက်လိုက်တော့ စောနန်းရှင်လဲ လန့်ဖျပ်ပြီး ပြန်ပြေးသွားတာပေါ့နော်”

မိုးဦးက စကားထောက်ပြီး မေးလိုက်သည်။

“အေးပေါ့ကွာ”

“ဒါနဲ့....ငါမသိလို့မေးပါဦးမယ်.... မင်းရဲ့လက်ကို စောနန်းရှင်က လာကိုင်တယ်ဆိုတာ အိပ်မက်ထဲမှာ ကိုင်သလို



မျိုးလား၊ လူသားချင်း ထိတွေ့တဲ့အတွေ့အထိအာရုံခံစားမှု ရှိသလား”

“ဟယ့်နှယ်ပြောပါလိမ့်မိုးဦးရယ်....လူလူချင်း ကိုင်တွယ်ထိတွေ့ရသလိုပဲပေါ့၊ ဘယ်လိုမှ မခြားနားပါဘူး”

မိုးဦးက ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်ရင်းက မျိုးဆွေကို ကြည့်လိုက်၏။

“ဘာလဲမိုးဦး.... မင်းကငါပြောတာကို မယုံလို့လား”

“မယုံလို့ မဟုတ်ပါဘူး.... မင်းရဲ့ အဖြစ်အပျက်တွေက ထူးဆန်းလွန်း အားကြီးလို့ပါ မျိုးဆွေရယ်”

“ဒီထက် ထူးဆန်းတာက နောက်နေ့ညမှာ စောနန်းရှင် ရောက်လာပြန်တယ်”

“ဩော်....သူထပ်လာတယ်ပေါ့”

“ဟုတ်တယ်၊ သူထပ်ပြီး ရောက်လာတယ်၊ အဲဒီညမှာတော့ သူက ထူးထူးဆန်းဆန်း စကားတစ်ခွန်း ပြောတယ်”

“ဘာများလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ညကလို အနှောင့်အယှက် ထပ်မဖြစ်ရအောင် အိမ်သားတွေကို အိပ်မေ့ကျအောင် လုပ်ထားလိုက်တယ် တဲ့လေ"

"ဒီလိုလား"

"ဟုတ်တယ် သူငယ်ချင်း၊ အဲဒီ ညမှာတော့ သူ.... ငါ့အခန်းထဲမှာ အေးအေးဆေးဆေးနေတယ်၊ပြီးတော့...."

မျိုးဆွေက ဆက်ပြောရကောင်းနိုး မကောင်းနိုး ချိန်ဆရင်း စကားစကို ဖြတ်လိုက်၏။

"ပြီးတော့ဘာဖြစ်သလဲ....ပြောလေမျိုးဆွေ"

မျိုးဆွေက သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။

"မင်း ယုံမလားတော့ မပြောတတ်ဘူး၊ အဲဒီညမှာ စောနန်းရှင်နဲ့ ငါနဲ့ အချစ်နယ် ကျွံသွားကြတယ်"

"ဘာ...."

"ဟုတ်တယ် မိုးဦး၊ မင်းကို အမှန်အတိုင်း ပြောပြလိုက်တော့ မင်း မယုံကြည်ချင်ဘူး မဟုတ်လား"



မိုးဦးက ဘာမှမပြောတော့ဘဲ မျိုးဆွေမျက်နှာကိုသာ စေ့စေ့စိုက်ကြည့်နေသည်။

"ငါလဲ ဒီအကြောင်းတွေ မင်းကို ပြောသာပြောပြနေရတာ၊ တကယ်တော့ ပြောမပြချင်ပါဘူးကွာ၊ ငါ့ကို တစ်မျိုး တစ်မည် ဖြစ်နေပြီလို့ ထင်ချင်စရာကိုး ဒါပေမဲ့ ငါ ဘာလို့ ဒီလိုအမှန်အတိုင်း ပြောပြနေရသလဲဆိုတော့ ငါ့ဘဝမှာ စောနန်းရှင်ဟာ အရေးပါ အရာရောက်တဲ့နေရာမှာ ရောက်လာပြီ၊ သူ့ကို ငါ စည်းနှောင်မိသွားပြီ၊ အဲဒီတော့ မင်း စဉ်းစားကြည့်စမ်း၊ ငါ သူ့အပေါ်မှာ သစ္စာဖောက်လို့ ဖြစ်ပါ့မလား၊ နှလေးမှုနဲ့ ဆက်ပြီးစခန်းသွားလို့ ကောင်းပါ့မလား၊ ငါဟာ မျက်နှာများတဲ့လူတစ်ယောက် ဖြစ်မသွားဘူးလား"

မိုးဦးက ခေါင်းကို ယမ်းခါလိုက်၏။

"ဘာလဲ မိုးဦး၊ ဘာဖြစ်လို့ မင်း ခေါင်းခါရတာလဲ၊ ငါ ပြောတာတွေ မင်းက မယုံလို့လား၊ ငါ ရူးနေပြီလို့ ထင်လို့လား"

မိုးဦးက ခေါင်းထပ်ခါလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာတွေ မယုံလို့မဟုတ်ပါဘူး မျိုးဆွေရယ်၊ မင်းပြောတာတွေကို ငါ အတိုင်းအတာတစ်ခုထိတော့ ငါ လက်ခံပါတယ်၊ ဒါပေမယ့် မင်းပြောတဲ့ ပရလောကထဲက စောနန်းရှင် ဆိုတဲ့ မိန်းကလေးကြောင့် သက်ရှိထင်ရှား နွဲ့လေးမှုကို မင်းက ပစ်ပယ်ထားလိုက်မယ်ဆိုတဲ့ အချက်ကိုတော့ ငါ သဘောမကျချင်ဘူး"

မျိုးဆွေက မျက်မှောင်ကြုတ်လိုက်၏။

"မင်း ဆိုလိုတဲ့သဘောက စောနန်းရှင်ဟာ ငါ့ရဲ့ စိတ်ကူးယဉ် ဖန်တီးထားတဲ့ ဇာတ်ကောင်တစ်ကောင်လို့ မင်းက ဆိုလိုချင်တာလား၊ ဒါမှမဟုတ် ငါ့ရဲ့ စောနန်းရှင်ကို မင်းက အသိအမှတ် မပြုချင်တာလား"

"အသိအမှတ်မပြုတာ မဟုတ်ပါဘူးကွာ၊ ငါက ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောပြတာပါ"

"အင်းပေါ့"

"တကယ်တမ်း ဖြစ်သင့်ဖြစ်ထိုက်တာကို မှန်မှန်ကန်ကန် စဉ်းစားပေးမယ်ဆိုရင်တော့ မင်းဟာ စောနန်းရှင်ဘက်က တောင် ရပ်တည်ပေးသင့်တယ်"



"ဘာဖြစ်လို့လဲ မျိုးဆွေ"

"ဘာဖြစ်ရမှာလဲ၊ စောနန်းရှင်က ငါ့နှလုံးသားထဲမှာ ရောက်နေတဲ့ တရားဝင်ချစ်သူဖြစ်နေပြီ၊ ပြီးတော့ စည်းတွေ ဘောင်တွေလဲ ကျော်ပြီးနေကြပြီလေ မိုးဦးရဲ့"

မိုးဦး သူ့ကို ဘာပြန်ပြောရမည်မှန်း မသိတော့ချေ။

အပြောသင့်ဆုံးစကားကို စဉ်းစားကြည့်နေမိသည်။ ခဏနေမှ....

"မင်းဘက်ကနေ ပြောတော့လဲ ဟုတ်တာပေါ့ မျိုးဆွေရယ်၊ ဒါပေမယ့် နွဲ့လေးမှုဘက်က ကြည့်မယ်ဆိုရင်လဲ ဒီကိစ္စဟာ တော်တော်မလွယ်တဲ့ကိစ္စ ဖြစ်လိမ့်မယ်လို့ ငါ ထင်တယ်၊ မင်းနဲ့ သူနဲ့ လူကြီးမိဘချင်း သဘောတူထားတာ တို့ဘက်မြို့လုံး သိနေကြပြီ မဟုတ်လား"

ဟု ချိန်ချိန်ဆဆ ပြောလိုက်၏။

မိုးဦး၏စကား ဆုံးသောအခါ မျိုးဆွေက ခေါင်းရှိအပင်များကို ကုတ်ဖွလိုက်၏။ ပြီးနောက် သက်ပြင်းမောကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မိဘချင်း သဘောတူထားကြတာ တစ်မြို့လုံးကသိနေကြတာတွေကို ငါ မငြင်းပါဘူး၊ ဒါပေမယ့် နွဲ့လေးမူနဲ့ ငါနဲ့ဟာ တစ်ယောက်နဲ့တစ်ယောက် ဘာမှဖြစ်ကြသေးတာ မဟုတ်ဘူး၊ စောနန်းရှင်နဲ့က...."

မျိုးဆွေ စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်၏။

မိုးဦးလည်း ဘာဆက်ပြောရမည် မသိတော့။

ဆန့်ကျင်ဘက်တွေချည်း ပြောနေလျှင် သူငယ်ချင်းအချင်းချင်း စိတ်ဝမ်းကွဲရမည်ကို မလိုလားသောကြောင့် နှုတ်ဆိတ်နေလိုက်ခြင်းလည်း ဖြစ်၏။

အတန်ကြာသည့်ထိုင် တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ်ကြ။

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိကြ၏။

မျိုးဆွေကိုကြည့်ရသည်မှာ စိတ်နှင့်လူနှင့် ကပ်ပုံမရ။

လူက မိုးဦး၏ရှေ့တွင် ထိုင်နေသော်လည်း စိတ်ကမူ ဟိုး.... အဝေးတစ်နေရာဆီသို့ လွင့်မျောရောက်ရှိနေပုံမျိုး ပင် ဖြစ်၏။



"ဘာပဲဖြစ်ဖြစ်လေ ငါ အကောင်းဆုံးအကြံဉာဏ်တစ်ခုတော့ ပေးချင်တယ်"

မိုးဦးက အလျင် စကားပြန်စ၏။

"ဘယ်လိုအကြံလဲ"

"ဩော်.... စိတ်လိုလက်ရ ဘာကိုမှ မလုပ်ဖို့ပါ မျိုးဆွေရာ"

"ငါက ဘာလုပ်စရာရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ နွဲ့လေးမူနဲ့ ဆက်ဆံတဲ့အခါ သိပ်ပြီးမစိမ်းကားစေချင်ဘူး၊ ဘာလို့လဲဆိုတော့ သူ့ခမျာ မင်းကို သိပ်ပြီးချစ်ရှာတာကွ မျိုးဆွေရ"

"ငါ သဘောပေါက်ပါတယ်၊ အင်း.... ငါစိုးရိမ်နေတာ တစ်ခုတော့ရှိတယ် သိလား မိုးဦး"

"ဘာကို စိုးရိမ်တာလဲ"

"ဩော်.... ငါနဲ့ စောနန်းရှင်နဲ့ ကြားထဲမှာ နွဲ့လေးမူ ဟာ ခလုတ်ကန်သင်းတစ်ခုအနေနဲ့ ဖြစ်နေတယ်လို့ စော

www.burmeseclassic.com



နန်းရှင် ယူဆနေမှာကို စိုးရိမ်တာ၊ပြီးတော့ နွဲ့လေးမှုကို တစ်ခုခုလုပ်မှာ....”

“ဒီလောက်ထိလဲ အတွေးခေါင်ပြီး စိတ်ပူမနေစမ်းပါနဲ့ မျိုးဆွေရယ်၊ ဒါတွေက ကြားဖူးနားဝ ဇာတ်လမ်းဆန်ဆန် အဖြစ်အပျက်တွေပါ၊ တကယ့်တကယ်ကျတော့ ဒီလိုတွေဖြစ်လာဖို့ မလွယ်ပါဘူး၊ ဖြစ်လဲ မဖြစ်နိုင်ပါဘူး”

မိုးဦးစကားကြောင့် မျိုးဆွေ မျက်နှာ ကွက်ခနဲပျက်သွား၏။

“ဘာလဲ မိုးဦး၊ မင်းက ငါနဲ့ စောနန်းရှင်နဲ့ အကြောင်းအရာ အဖြစ်အပျက်ကို ဇာတ်လမ်းလို့ သဘောထားချင်တာလား၊ ငါက ရူးကြောင်ကြောင် ဖြစ်ပြီး စိတ်ကူးယဉ်သက်သက် လျှောက်ပြောနေတာလို့ မင်းယူဆလို့လား”

မျိုးဆွေလေသံက မာ၏။

မိုးဦးက ခေါင်းကို ယမ်းခါပြ၏။

“ငါဆိုလိုတာက ဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး၊ ပရလောက ကနေ သက်ရှိလူသားတစ်ယောက်ကို ဒုက္ခပေး



ဖို့ဆိုတာ တကယ်တော့ ထမင်းစားရေသောက်လို လွယ်ကူတဲ့ ကိစ္စမျိုး မဟုတ်ဘူးလို့ ပြောချင်တာပါ၊ နွဲ့လေးမှုတာသာ ရတနာသုံးပါး မြဲတဲ့သူဆိုရင် ဒုက္ခပေးလို့ မလွယ်နိုင်ပါဘူး”

“အင်း....မင်းပြောသလို နွဲ့လေးမှုကို ဒုက္ခ မပေးနိုင်ပါစေနဲ့လို့ ငါလဲ ဆုတောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် နွဲ့လေးမှုကို ဒုက္ခမရောက်စေချင်တာတော့ အမှန်ပဲ”

“ကဲ....မျိုးဆွေ၊ ငါ ဒီကိုရောက်နေတာ ကြာပြီ၊ အိမ်မှာ အလုပ်ကလေးတွေရှိလို့ ပြန်ဦးမယ်၊ ဆရာ လုပ်တာတော့ မဟုတ်ဘူးပေါ့ မျိုးဆွေရာ၊ ငါ မင်းကို စေတနာကောင်းနဲ့ ပြောတာပါ၊ စိတ်ကို စောနန်းရှင်ဆီကိုချည်းပဲ ပို့မထားနဲ့၊ အခြား စိတ်အပြောင်းအလဲ အာရုံလွှဲတဲ့ အလုပ်လဲ လုပ်ဦး.... ညနေ ညနေ တို့အိမ်ဘက်လာပြီး တင်းနစ်ရိုက်ပါလားကွ”

“အင်း....ငါ စိတ်ပါတဲ့အခါ လာရိုက်ပါ့မယ် မိုးဦးရာ”

“ဒါဆို ငါသွားမယ်နော် မျိုးဆွေ”

“အေး”

မျိုးဆွေက မိုးဦးကို အိမ်ပေါ် [illegible] လိုက်ပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဦးက သူ့မော်တော်ဆိုင်ကယ်ကလေးပေါ် တက်ရင်း လက်ပြနှုတ်ဆက်သွားပြီးမှ သူ့အိမ်ထဲ ပြန်ဝင်လာခဲ့သည်။

သူ့အခန်းထဲ ဝင်မည်အပြုတွင် ထူးဆန်းသော မွှေးရနံ့တစ်ခုကို ရှူရှိုက်လိုက်ရသည်။

စောနန်းရှင်နှင့် တွေ့တိုင်း သင်းသင်းလေး မွှေးနေတတ်သည့် ရနံ့မျိုး....။

★

BURMESE CLASSIC

## အခန်း (၉)

### စက်ချုပ်နှင့် ထူးသောလူ

မိုးဦးက မျိုးဆွေကို အိမ်ပြန်မည်ဟု ပြောခဲ့သော်လည်း အိမ်တန်း မပြန်ဖြစ်သေးဘဲ နွဲ့လေးမူတို့ အိမ်ဘက်သို့ ဆိုင်ကယ်ကို ဆက်စီးလာခဲ့သည်။

နွဲ့လေးမူ ခြံထဲမှာ ဇာပန်းထိုးနေသည်ကို တွေ့ရသဖြင့် ဆိုင်ကယ်ကိုအိမ်ဘက်သို့မသွားတော့ဘဲ ပန်းခြံထဲသို့ ဝင် လာခဲ့သည်။

"ဩော်....ကိုမိုးဦး၊ ဘယ်ကလှည့်လာတာလဲ၊ ထိုင်လေ"

www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးမူက ဆီးကြို ဖိတ်ခေါ်လိုက်၏။

မိုးဦးက ဆိုင်ကယ်ကို ခပ်လှမ်းလှမ်းတွင် ရပ်ထားလိုက်ပြီးနောက် နွဲ့လေးမူ နားသို့ လျှောက်လာသည်။

နွဲ့လေးမူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်သည်။

"ကျွန်တော် မျိုးဆွေတို့အိမ်ကနေ ဒီဘက်ကို လှည့်လာတာ နွဲ့လေးမူ"

"ကိုမျိုးဆွေဆီ သွားတယ်၊ ဟုတ်လား"

"ဟုတ်တယ် နွဲ့လေးမူ၊ နွဲ့လေးမူသိချင်တဲ့အကြောင်းကို သွားပြီး တီးခေါက်တာ ဆိုပါတော့"

နွဲ့လေးမူက အားတက်သရော ဖြစ်သွားသည်။

စိတ်ဝင်စားစရာ အကြောင်း ဖြစ်နေသောကြောင့် သူဇာပန်းထိုးနေသည့် သိုးမွေးချည်လုံးနှင့် ထိုးတံများကိုပင် နံဘေးသို့ ချထားလိုက်၏။

"ပြောပါဦး ကိုမိုးဦး၊ သူ...သူ... နောက် တစ်ယောက် တွေ့နေတာအမှန်ပဲလားဟင်၊ ရှင့်ကိုတော့ သူငယ်ချင်းချင်း ဆိုတော့ အမှန်အတိုင်း ပြောပြမှာပေါ့နော်"



မိုးဦးက ခေါင်းကိုယမ်းခါလိုက်၏။

"မဟုတ်ပါဘူးနွဲ့လေးမူ၊ ခင်ဗျားထင်ထားသလို နောက်တစ်ယောက် ထပ်တွေ့နေတာတော့ မဟုတ်ဘူး၊ အရင်ဘဝက တစ်ယောက်နဲ့ တွေ့နေတာတော့ ဟုတ်တယ်"

"ရှင်...."

မိုးဦး၏ စကားကြောင့် နွဲ့လေးမူ အံ့ဩ သွားသည်။ ဇဝေဇဝါလည်း ဖြစ်သွားသည်။

"ဘာ...ဘာ ပြောတယ် ကိုမိုးဦး၊ အရင်ဘဝက တစ်ယောက်နဲ့ တွေ့နေတယ်၊ ဘယ်လိုလဲ....ဘာတွေ ပြောတာလဲ၊ ကျွန်မတော့ နားမလည်တော့ဘူး"

"ပြောရမယ်ဆိုရင်တော့ မျိုးဆွေဟာ စိတ် ကယောင်ချောက်ချား ဖြစ်နေတယ်နဲ့တူတယ် နွဲ့လေးမူ၊ သူက ပရလောကသားတွေအကြောင်း လျှောက်ပြောနေတယ်၊ ရွှေနှင်းရှင်ဆိုတဲ့ မိန်းကလေးနဲ့သူနဲ့ ရည်ငံနေကြတဲ့အကြောင်း ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်....စောနန်းရှင် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်က စောနန်းရှင်လဲ၊ သူက ဘယ်သူလဲ၊တက္ကသိုလ် တက်တုန်းက တွေ့ခဲ့တာလား"

နွဲ့လေးမူက စိုးရိမ်တကြီးဖြင့် တောက်လျှောက်မေးခွန်းတွေ ထုတ်လိုက်၏။

မိုးဦးက ခေါင်းကို ယမ်းခါလိုက်သည်။

"စိတ်ကို အေးအေးထားပါ နွဲ့လေးမူ၊ နွဲ့လေးမူ ထင်သလို တက္ကသိုလ် ကျောင်းသူ တစ်ယောက်လဲ မဟုတ်ပါဘူး၊ ပြီးတော့ လူသာမန် မိန်းကလေးတစ်ယောက်လဲ မဟုတ်ဘူး"

နွဲ့လေးမူ မျက်မှောင်ကြုတ်လိုက်၏။

"လူသာမန် မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတော့ ကိုမိုးဦး ဘယ်လိုသဘောမျိုး ပြောချင်တာလဲ၊ ဥစ္စာစောင့်မနဲ့ တွေ့နေတယ်လို့ ပြောချင်တာလား"

မိုးဦးက ခေါင်းတစ်ချက် ဆတ်ညိတ်လိုက်၏။



"အဲသလို ပြောရတော့မှာပေါ့"

"ကိုမိုးဦးကပါ ဒါတွေ ယုံသလား၊ ခက်ပါတယ်ရှင်.... ဘာတွေမှန်းလဲ မသိဘူး၊ ကိုမျိုးဆွေက စိတ်မှကောင်းသေးရဲ့လား ကိုမိုးဦးရယ်"

"ကျွန်တော်လဲ အဲဒါ သေသေချာချာ စဉ်းစားနေတာပဲ နွဲ့လေးမူ၊ ဘာပဲဖြစ်ဖြစ် သူ့ စိတ်တွေ သိပ်ပြီး မလေအောင် နွဲ့လေးမူ မကြာခဏ သူ့ဆီသွားပေးပါ၊ စိတ်ပြောင်းစိတ်လွဲဖြစ်အောင် ကြိုးစားဖန်တီးပေးပါ၊ ကျွန်တော် ကိုယ်တိုင်လဲ သူ့ကို ခါတိုင်းထက် ပိုပြီး ထိတွေ့ပေးပါ့မယ်"

နွဲ့လေးမူက သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။

"ကိုမိုးဦး ပြောလို့သာ ကျွန်မကြားရတာ၊ ယုံတောင်မယုံချင်ဘူး၊ ကိုမျိုးဆွေက ခေတ်ပညာတတ် တစ်ယောက်ဖြစ်ပြီးတော့ ဒါမျိုးတွေ ဖြစ်နေသလား"

"ဟုတ်တယ်နွဲ့လေးမူ၊ကျွန်တော်လဲအဲဒါကိုအံ့ဩနေတာပဲ၊ သူပြောတာတော့ အဲဒီစောနန်းရှင်ဆိုတဲ့ အမျိုးသမီးဟာ ဒုက္ခမှ သူ့ကိုဆက်သွယ်တာ မဟုတ်ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်...."

"ဟုတ်တယ် နွဲ့လေးမူ၊ သူ့ဆယ့်ငါးနှစ်သား လောက်ကတည်းက အဆက်အသွယ်ရှိခဲ့ဖူးတယ် ပြောတာပဲ၊ ဆယ်နှစ်လောက် အဆက်ပြတ်သွားပြီး ခုမှ ပြန်ဆက်သွယ်တာလို့လဲ ပြောတယ်"

"ဒါနဲ့.... နေပါဦး ကိုမိုးဦး၊ အဲဒီ...ဇောနန်းရှင်ဆိုတဲ့ မိန်းမက ဘယ်ကလဲ"

"မျိုးဆွေ ပြောပြတာက ရွှေနဒီလျှိုဘက်မှာလို့ ပြောတာပဲ"

"ရွှေနဒီလျှို"

"ဟုတ်တယ်"

"လူကြီးတွေပြောသံ ကြားခဲ့ဖူးတာကတော့ အဲဒီလျှိုဘက်ကို လူတွေ သိပ်မသွားကြဘူးဆို.... တောကြမ်းလို့ဆို"

"ဟုတ်တယ်...၊ ရွှေနဒီလျှိုဘက်ကို လူသူ အရောက်အပေါက်နည်းတယ်"



"သူက ဘာဖြစ်လို့များ အဲဒီကို...ခြေရှည်ပြီး သွားခဲ့ပါလိမ့်"

"ဆယ့်ငါးနှစ်သားလောက်က ဆိုတော့ ငှက်ပစ်ရင်းနဲ့ ရောက်သွားခဲ့တာလို့ ပြောတာပဲ"

"ကျွန်မကတော့ ဒီစကားတွေ ကြားနေရတာ စိတ်ရှုပ်ပါတယ်ရှင်"

"စိတ်မရှုပ်ပါနဲ့ နွဲ့လေးမူ.... ဒီကောင်ကြီး စိတ်ပြန်လည်လာဖို့က နွဲ့လေးမူအပေါ်မှာ သိပ်ပြီး မူတည်နေတယ်၊ သူ့ကို လွှတ်ထားလို့လဲ မဖြစ်ဘူး"

"ကျွန်မ သူ့ဆီသွားမှာပါ"

"အခြေအနေ အကဲခတ်ပြီးမှလဲ ပြောသင့် သလောက်ပြောနော်...၊ အတင်းအကျပ်ကြီးတော့ ဆန့်ကျင်ဘက်တွေ လုပ်ပါနဲ့နွဲ့လေးမူ၊ အခြေအနေ သိပ်ပြီးဆိုးသွားမှာ စိုးလို့ပါ၊ သူ့ဟာ တကယ်ပဲလား.... စိတ်ဝေဒနာ ဖြစ်နေတာလား မပြောတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲလား...ဟုတ်လားကိုမိုးဦး၊ ရှင်က လောက မှာ ဥစ္စာစောင့်ရှိတယ်လို့ လက်ခံလို့လား"

"ပြောရခက်တယ်နွဲ့လေးမူ၊ နာမ်လောကဆိုတာ ရှိနေတော့...မဟုတ်ဘူးဟုတ်တယ် ငြင်းဖို့မလွယ်ဘူး၊ များသော အားဖြင့်တော့ စိတ်ကြောင့် ဖြစ်တာတွေရှိပါတယ်၊ ဘယ် လိုပဲဖြစ်ဖြစ် စောစောက ကျွန်တော်ပြောသလို နွဲ့လေးမူ မျိုးဆွေကို ပစ်မထားသင့်တာတော့ အမှန်ပဲ"

"စိတ်ချပါကိုမိုးဦး၊ကျွန်မလဲ ဒီစကားတွေကြားရတော့ ကိုမျိုးဆွေအတွက် စိုးရိမ်မိတယ်"

"သိပ်လဲမစိုးရိမ်ပါနဲ့ နွဲ့လေးမူရယ်...မျိုးဆွေလဲစဉ်းစား တွေးခေါ်ဉာဏ်ရှိတဲ့ ပညာတတ် တစ်ယောက်ပါပဲ"

အထက်ပါကဲ့သို့ အချီအချ ပြောဆို ပြီးကြသောအခါ မိုးဦးသည် နွဲ့လေးမူကို နှုတ်ဆက်ပြီး ပြန်သွားခဲ့လေ၏။

နွဲ့လေးမူသည် အတန်ကြာသည်အထိ ဆက်တီပေါ်တွင် ငေးငိုင်လျက် ကျန်ရစ်ခဲ့သည်။



ကိုမျိုးဆွေတစ်ယောက် စိတ်ဖောက်ပြန်သည့် ဝေဒနာ ဖြစ်နေပြီလား၊ သို့တည်းမဟုတ်.... အမှန်တကယ်ပင် ဥစ္စာ စောင့်မနှင့် တွေ့နေပြီလား၊အတွေးတွေ အမျှင်မပြတ် ဖြစ် ပေါ်နေမိသည်။

ရင်ထဲမှာလည်း စိုးရိမ်စိတ်တွေ တဖွားဖွားနှင့်....။

ကြာရှည် သည်းမခံနိုင်တော့သောအခါ နွဲ့လေးမူသည် မျိုးဆွေရှိရာသို့ အကျိုးအကြောင်းသိချင်စိတ်ဖြင့် ထွက်လာ ခဲ့မိလေတော့၏။

မျိုးဆွေကား စောနန်းရှင်နှင့် ပြန်လည် ဆက်စပ်ခဲ့မိ သည့်နောက်ပိုင်း ဘယ်မှ လည်ပတ်သည်ဟူ၍ မရှိတော့ဘဲ အိမ်သားများနှင့်လည်း စကားအပြောအဆို နည်းပါးသွား ခဲ့၏။

သို့ဖြစ်၍နွဲ့လေးမူရောက်သွားသည့်အခါတွင် အရန်သင့် ပင် တွေ့လေ၏။

နွဲ့လေးမူက ခရီးရောက်မဆိုက်သိချင်နေသည့်မေးဘဲ တောင်တောင်အီအီတွေ လျှောက်ပြောနေရသည်။

www.burmeseclassic.com



မျိုးဆွေသည် နွဲ့လေးမူ မေးမြန်းပြောဆို နေသည်ကို တစ်ခွန်းချင်း ပြန်၍ဖြေနေသော်လည်း အသက်မပါလှပေ။

ရှိတော့ခေါ် စက်ရုပ်ကြီးတစ်ရုပ်ကို အမေးအဖြေ လုပ်နေရသလိုမျိုးနှင့် တူနေသည်ဟု နွဲ့လေးမူထင်ပြီး စိတ်ညစ်လာသည်။

သို့ဖြစ်၍သူ့စိတ်ထဲတွင်မတင်မကျဖြစ်နေသည့်အကြောင်းအရာများကိုသာ မေးတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏။

"ကိုမိုးဦး မနေ့က နွဲ့လေးဆီ လာသွားတယ်"

"ဘာ....မိုးဦး....နွဲ့လေးဆီရောက်လာတယ် ဟုတ်လား"

မျိုးဆွေ အံ့အံ့သြသြ ဖြစ်သွားသည်။

ဒီအကြောင်းတွေကို ဘာဖြစ်လို့များ မိုးဦးက နွဲ့လေးမူဆီ သွားပြီး ပြောပြပါလိမ့်ဟု သူမကျေမနပ် စဉ်းစားမိသည်။

"ကိုမိုးဦး နွဲ့လေးဆီလာပြီး ပြောဆိုသွားတဲ့ ကိစ္စတွေအတွက် သူ့ကို အပြစ်မတင်ပါနဲ့ကိုကို.... နွဲ့လေးနဲ့သူနဲ့ တိုင်



ပင်ပြီး ခုလို....ကိုကိုတငိုင်ငိုင်ဖြစ်နေတာကို ဘာကြောင့် ဖြစ်နေတာလဲဆိုပြီး လှေလာခဲ့ကြတာ"

မျိုးဆွေ ဘာပြန်ပြောရမည်မသိ၊ အာစေး ထည့်ထားသလိုမျိုး ကြောင်ငေးငေး ပြန်ကြည့်နေမိသည်။

"ကဲ....ကိုကို၊ကိုကိုနဲ့စောနန်းရှင်ဆိုတဲ့ အမျိုးသမီးကိစ္စကို နွဲ့လေးကိုလဲ သေသေချာချာ ပြောပြစမ်းပါဦး"

နွဲ့လေးမူ၏စကားကြောင့် မျိုးဆွေရင်ထဲတွင် ဒိန်းခနဲ ခုန်လှုပ်သွားသည်။ ရှက်အမ်းအမ်းလည်း ဖြစ်သွားမိသည်။

"နွဲ့လေး ဘာတွေလာပြောနေတာလဲ"

နွဲ့လေးမူက အစိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"ကိုကိုရယ်.... တခြားလူတွေမှ မဟုတ်ဘာ၊ ဖုံးဖို့ဖိဖို့ ကြိုးစား မနေစမ်းပါနဲ့၊ နွဲ့လေးကိုသာ အမှန်အတိုင်း ပြောပြစမ်းပါကိုကို....နေလို့ကောင်းရဲ့လားဟင်"

"ကောင်းပါတယ်"

"တောင်မြင် တောမြင် ကိစ္စတွေကို စိတ်စွဲလမ်းမထားပါနဲ့ ကိုကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေဘာမျှပြန်မပြောဘဲအဓိပ္ပာယ်မဲ့စွာဖြင့် ခပ်လှမ်းလှမ်းရှိ စားပွဲတင် ပန်းအိုးကလေးဆီသို့အကြည့်ကို ပို့ထားလိုက်၏။

"အစွဲအလမ်းဆိုတာ အာရုံတွေပဲကိုကိုရယ်....အာရုံတွေ သိပ် များလွန်းရင် ဒုက္ခများတတ်တယ်၊ ကိုကိုလဲ ခေတ်ပညာတတ် တစ်ယောက်ပဲမဟုတ်လားကိုကို....၊ ဘာမဟုတ်တဲ့ စိတ်အစွဲအလမ်းတွေ.... ခေတ်နောက်ပြန်တွေးတဲ့အတွေးအခေါ်တွေကို စွန့်လွှတ် လိုက်စမ်းပါ၊ ကိုကို့ အနားမှာ နွဲ့လေးမှ ရှိနေပြီပဲကိုကိုရယ်.... ဘာများ လိုသေးလို့လဲ"

မျိုးဆွေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဒါတွေပြောမနေပါနဲ့တော့ နွဲ့လေး၊ ဒီအကြောင်းအရာတွေ ပြောနေလို့လဲ နွဲ့လေး စိတ်ချမ်းသာမှာမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် ကိုကို၊ အဲဒီ ဘာမှန်းမသိတဲ့ စောနန်းရှင်ဆိုတဲ့ မိန်းမကို မေ့ပစ်ရမယ်နော်"

"ဘာမှန်းမသိတဲ့ စောနန်းရှင် ဟုတ်လား"

"ဟုတ်တယ်လေ ကိုကိုရဲ့၊ ဥစ္စာစောင့်လိုလို၊ တစ်ဖက်ဘဝက ချစ်သူလိုလို၊ ဒါတွေဟာ တကယ်မဟုတ်နိုင်ပါဘူး၊



ရုပ်ရှင်ဇာတ်လမ်းတွေ၊ ဝတ္ထုတွေထဲမှာ ကြည့်ကောင်းအောင်၊ ဖတ်ကောင်းအောင် ဇာတ်လမ်းစဉ် စိတ်ကူးယဉ်ပြီး ရေးထားတတ်ကြတာတွေပါ၊ ကိုကိုဟာ ယောကျ်ား ရင့်မကြီး တစ်ယောက် ဖြစ်တဲ့အပြင် ပညာတတ်တစ်ယောက်လဲ ဖြစ်နေတော့ ဒါမျိုးတွေကို စိတ်ကူးမယဉ်ကောင်းပါဘူး"

"ကိုကို စိတ်ကူးယဉ်တာမဟုတ်ပါဘူး နွဲ့လေး၊ အေးလေ.... ဒါတွေပြောနေလို့လဲ နွဲ့လေးက ယုံကြည်မှာမဟုတ်တော့ ကိုကို ဘာမှမပြောချင်တော့ပါဘူး၊ မိုးဦးကလဲ ပြောပြီးသားနေမှာပါ"

"ဟုတ်တယ် ကိုကို၊ စိတ်ကူးယဉ်ဆန်ဆန် ဇာတ်လမ်းတွေကို နွဲ့လေး နားမထောင်ချင်ဘူး၊ ကဲပါ ကိုကိုရယ်၊ ဒီနေ့ အပြင်ထွက်ပြီး လျှောက်လည်ရအောင် နော်"

မျိုးဆွေက ခေါင်းကို သွက်သွက် ယမ်းခါလိုက်၏။

"ဟင်.... မသွားချင်ဘူး ဟုတ်လား"

"ဟုတ်တယ် နွဲ့လေး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ခေါင်း နည်းနည်းကိုက်ချင်သလို ဖြစ်နေလို့၊ နောက်ရက်တွေကျမှ သွားကြတာပေါ့နော်"

မျိုးဆွေ စကားကြောင့် နွဲ့လေးမူက နှုတ်ခမ်းစူပစ်လိုက်၏။

"ကိုကို့ကို ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဘယ်တော့မှ သွားချင်ပုံ ယ်လို့ကို မရှိဘူး"

"နောက်ရက်တွေကျရင် သွားတာပေါ့ နွဲ့လေးရယ်"

"တော်ပြီ၊ ကိုကိုနဲ့ စကားမပြောချင်တော့ဘူး၊ ကြီးမေနဲ့ပဲ သွားပြောတော့မယ်"

နွဲ့လေးမူက ပြောပြောဆိုဆို အောက်ထပ်သို့ ပြန်ဆင်းလာခဲ့၏။

ညှော်ခန်းတွင် ပုတီးစိပ်နေသော ဒေါ်ခင်မေကြီးကို တွေ့ရသဖြင့် ရှေ့တည့်တည့်ရှိ ဆက်တီခုံတွင် ဝင်ထိုင်လိုက်သည်။

"ညှော်... သမီး ဘယ်လိုလဲ၊ သားနဲ့ စကားပြောပြီးခဲ့ပြီလား"

ဒေါ်ခင်မေကြီးက ပုတီးစိပ်သည့် အလုပ်ကို ရပ်ဆိုင်းလိုက်ပြီးနောက် လှမ်းမေးလိုက်၏။



"ပြောခဲ့ပြီးပါပြီ ကြီးကြီးမေရယ်၊ ဒါပေမယ့်...."

နွဲ့လေးမူ စကားကို ရပ်ဆိုင်းထားလိုက်သောကြောင့် ဒေါ်ခင်မေကြီး မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ သမီး၊ ဆက်ပြောလေ"

"သူ့ကိုကြည့်ရတာ အားမရဘူး ကြီးမေ၊ သူ နွဲ့လေးကို စိတ်မဝင်စားတော့သလိုပဲ"

"ဘာ"

ဒေါ်ခင်မေကြီးက မကျေမနပ်ဖြင့် အာမေဋိတ်သံ ပြုလိုက်၏။

"သူက ဘာဖြစ်လို့ သမီးကို စိတ်မဝင်စားရတော့မှာလဲ၊ သမီးအပြင် တခြားစိတ်ဝင်စားစရာတွေ ဘာတွေများ ရှိနေလို့လဲ"

"မပြောတတ်ပါဘူး ကြီးမေရယ်"

"အို...ဒီလို ဆောင်လိုလို မြောက်လိုလို လုပ်နေမယ်ဆိုရင် ကြီးမေတော့ သူ့ကို သည်းညည်းမခံနိုင်တော့ဘူး၊ သမီးနဲ့ ကိစ္စကို မြန်မြန်စီစဉ်ပစ်လိုက်တာပဲ အေးလိမ့်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါမလား ကြီးမေ၊ ကိုကိုက ဒီကိစ္စကို သဘောတူပါမလား"

"ဘာဖြစ်လို့ သဘောမတူရမှာလဲ သမီးရဲ့၊ သမီးနဲ့ သူနဲ့ကို ကြီးမေတို့ သဘောတူထားတာ မနေ့တစ်နေ့ကမှ မဟုတ်တာ၊ သမီးတို့ ဆယ်တန်းအောင်ပြီးကတည်းက မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်ကြီးမေရယ်၊ တစ်ဘဝလုံးစာကိစ္စကို လွယ်လွယ်နဲ့ အတင်းအကျပ်လုပ်လို့ ကောင်းပါမလားလို့ သမီးက စဉ်းစားတာပါ"

"အိုကွယ်.... လူကြီးတွေလက်နဲ့ ရေးထားတဲ့ကိစ္စ သူက ခြေနဲ့ဖျက်ချင်လို့ ရမလား၊ သူ ဘာမှမလိုက်နာနိုင်စရာ အကြောင်း မရှိဘူး"

"စဉ်းစဉ်းစားစားလဲလုပ်ပါ ကြီးမေရယ်"

"အို....အေး၊ ငါးနှစ်ခြောက်နှစ်လုံးလုံး စဉ်းစားဆုံးဖြတ်ထားပြီးသားကိစ္စပဲဟာ၊ ကြီးမေရဲ့သား မျိုးဆွေဟာ သမီးနဲ့လေးမူကလွဲပြီး ဘယ်သူ့ကိုမှ ယူစရာမလိုဘူး"



ဒေါ်ခင်မေကြီးက သူ့ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ပြောချလိုက်၏။

နှဲ့လေးမူကလည်း လူကြီးနှင့် ဆန့်ကျင်ဘက် ဆက်၍ မပြောလိုတော့သဖြင့် စကားမဆက်တော့ဘဲ အလျှော့ပေးလိုက်၏။

"မဖြစ်ဘူး.... မဖြစ်ဘူး၊ အတတ်နိုင်ဆုံးဖြစ်အောင် စီစဉ်ရမယ်"

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

### အရှင်ဘဝက ထင်မထား

လ သာသည်။

လ သာသည်ဟု ဆိုသော်လည်း လပြည့်ညများလို ပီပီ ပြင်ပြင် လင်းလင်းချင်းချင်းတော့ မဟုတ်။

လ က တစ်ခြမ်းပဲ့ အနေအထားမျိုး၊ မှောင်သည်လည်း မဟုတ်၊ လင်းသည်လည်းမမည် မှောင်ရီပိုးတဝါး။

အိပ်မက်ထဲကလိုပင် စောနန်းရှင် ရောက်လာပြန်သည်။

လေပြည်လေညင်းလေးတွေက အခန်းတံခါး လိုက်ကာ များကို လှုပ်ယမ်းသွားပြီး မကြာခင် စောနန်းရှင် ရောက်



အလျှင် အမြဲရှုရှိုက်ရသည့် မွှေးရနံ့တစ်မျိုးကို မျိုးဆွေ ရှုရှိုက်ရသည်။

ထို့နောက် အငွေ့လိုလို အရာမှနေ၍ အစိုင်အခဲဘဝသို့ ကူးပြောင်းလာပြီး စောနန်းရှင်၏ ရုပ်လုံးက ပီပြင်လာ သည်။

စောနန်းရှင်က ထုံးစံအတိုင်း ခုတင်ခြေရင်းဘက်တွင် ဝင်ထိုင်လိုက်ပြီး အလှဆုံး အပြုံးဖြင့် နှုတ်ခွန်းဆက်လိုက် သည်။

"စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိရဲ့လား မောင်မျိုးဆွေ၊ နှလေးမှုဆိုတဲ့ ပညာတတ် မိန်းမချောကလေး တစ်ယောက်နဲ့ မကြာခင်အချိန်အတွင်းမှာ လက်ထပ်ရတော့မယ် ဆိုတော့ စိတ်တွေ အရမ်းကို ချမ်းသာနေမှာပဲနော်"

စောနန်းရှင်၏ စကားကြောင့် မျိုးဆွေ အံ့အားအသင့် ကြီး သင့်သွားမိ၏။

"ဘာဖြစ်တယ်၊ မကြာခင်မှာ လက်ထပ်ရတော့မယ် ဆိုတာလား"

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဘာမသိချင်ယောင်ဆောင်နေတာလဲ မောင်မျိုးဆွေ၊ လူကြီးတွေ အချင်းချင်း စီစဉ်နေကြပြီ မဟုတ်လား"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။ အမှန်တကယ်လည်း သူ ဘာမှမသိရသေးရိုးအမှန်ပင် ဖြစ်သည်။

"ဒါတွေ တစ်ခုမှ မသိဘူး"

"မင်းပြောတဲ့အတွက် ဘို့ယုံလိုက်ပါ့မယ် မောင်မျိုးဆွေ၊ တကယ့်ကို ဘာမှမသိသေးတာ သေချာရဲ့လား"

"တကယ်ပြောတာပါ မမလေးရယ်၊ လုံးဝမသိတာပါ"

စောနန်းရှင်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"လုံးဝမသိသေးဘူး လုပ်မနေနဲ့၊ အခု မောင်မျိုးဆွေနဲ့ နှဲ့လေးမှုကို အမြန်ဆုံးလက်ထပ်ပေးဖို့ စီစဉ်နေကြပြီ၊ အဲဒီ ကိစ္စကိုတော့ မမလေးစောနန်းရှင် လုံးဝ သဘောမတူနိုင်ဘူးနော်၊ ဒီကြားထဲက ဇွတ်လုပ်ကြရင် မမလေး အဆိုးမဆိုနဲ့၊ မောင်မျိုးဆွေ ကိုယ်တိုင် ဒီကိစ္စကို မဖြစ်မြောက်အောင် ငြင်းရလိမ့်မယ်"



မျိုးဆွေ စိတ်ပူပင်သောက ဖြစ်သွားသည်။

"မမလေး...စောနန်းရှင်၊ စိတ်လိုက် မာန်ပါတွေတော့ မလုပ်လိုက်ပါနဲ့"

"ဘာလဲ မောင်မျိုးဆွေ၊ မင်းက မင်းဟာမလေးကို ထိခိုက်သွားမှာ အတော်ကြောက်သလား"

"ဘာပဲဖြစ်ဖြစ် မကောင်းဘူးပေါ့ စောနန်းရှင်ရယ်"

"မကောင်းတာတွေ မဖြစ်စေချင်ရင်တော့ ခုလို စီစဉ်မယ့် ကိစ္စတွေကို ရပ်တန်းကရပ်ခိုင်းလိုက်ပါ မောင်မျိုးဆွေ"

မျိုးဆွေက အရှုပ်တစ်ရှုပ်ကဲ့သို့ ခေါင်းဆတ် ညိတ်လိုက်သည်။

"မောင်မျိုးဆွေရဲ့ တရားဝင်ချစ်သူက မမလေးစောနန်းရှင် ဖြစ်နေပြီဆိုတာ မောင်မျိုးဆွေ အသိဆုံးပဲ မဟုတ်လား၊ ဒီအတွက် နောက်ထပ် ဘယ်သူ့ကိုမှ လက်မခံရဘူး၊ နားလည်လား"

စောနန်းရှင်က ပြောပြောဆိုဆို မောင်မျိုးဆွေ၏ ရင်ခွင်ထဲသို့ ဖျတ်ခနဲ ပူးကပ်ဝင်ရောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေက အလိုက်သင့် အလျားသင့် ဖက်တွယ် ပေးထားလိုက်ရသည်။

သူ့ရင်ခွင်ထဲသို့ စောနန်းရှင်ကို ဆွဲယူဖက်တွယ် ထားလိုက်ရသည့်အချိန်တွင် မျိုးဆွေသည် ဆွေမေ့မျိုးမေ့ တစ်ကမ္ဘာလုံးကိုပင် မေ့နေလေသည်။

စောနန်းရှင်၏ အလှ....

စောနန်းရှင်၏ အယုအယ....

စောနန်းရှင်၏ အပြောအဆိုတို့တွင် မျိုးဆွေ နစ်မွန်းပျော်ပါးမိလေပြီ။

စောနန်းရှင်နှင့် တွေ့ဆုံနေရစဉ် တစ်ချိန်လုံး အရာအားလုံးကို မေ့ထားနိုင်ခဲ့သည်။

နွဲ့လေးမူ ဆိုသည့်ကား ကမ္ဘာလောကကြီး၏ ထောင့်ကလေး တစ်နေရာမှာ ရှိနေပါသေးသလားဟူသော အသိပင် မျိုးဆွေ ရင်၌ ရှိမနေနိုင်တော့ပါ။

စောနန်းရှင်ကလည်း ထိုကဲ့သို့ အရာအားလုံးတို့ကို မေ့ပျောက်ထားနိုင်လောက်အောင် စွမ်းအားရှိသည်။



လူမက နတ်တမျှ လှပချောမောသူလေး ဖြစ်လေရာ မျိုးဆွေ ဆွေမျိုးမေ့ခြင်းမှာ မဆန်းချေ။

စောနန်းရှင်သည် မျိုးဆွေထံသို့ တစ်ညခြား တစ်ခါ၊ နှစ်ညခြား တစ်ခါ ရောက်ရောက်လာတတ်သည်။

အချို့ရက်များတွင် ညစဉ်ရက်ဆက် ဖြစ်သွားတတ်သည့်အသည်း ရှိ၏။

မျိုးဆွေသည် စောနန်းရှင်နှင့် တွေ့ရဖန်များလာလေလေ သံယောဇဉ် ငြိတွယ်ရလေလေ ဖြစ်သကဲ့သို့ မတွေ့ရ မနေနိုင်သည့် အခြေအနေမျိုးပင် ဖြစ်လာရခဲ့သည်။

စောနန်းရှင် ရောက်မလာသည့် ညများတွင် လည်ပင်းညောင်ရေအိုး ဖြစ်သည်အထိ မျှော်တတ်လာသည်။

မျှော်ရင်း မျှော်ရင်း မောလာသောအခါ သက်ပြင်းများ ကြိုမ်ကြိမ်ချလျက် အိပ်မပျော်နိုင်တော့သည်အထိ ခံစားရသည်။

စောနန်းရှင်၏ ညှို့ငင်ချက်က ကြီးမားလှပေစွ။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေအဖို့ စောနန်းရှင် တစ်ယောက်က လွဲလျှင် ဤကမ္ဘာလောကကြီးထဲတွင် မိန်းမဟူ၍ မရှိတော့သည့်အလား ထင်မှတ်မှားရလောက်အောင်အထိ စောနန်းရှင်မှ စောနန်းရှင် ဖြစ်နေခဲ့ရ၏။

စောနန်းရှင်ကိုသာ အာရုံစေစားနေမိသည့် မောင်မျိုးဆွေသည် နွဲ့လေးမူကို ဖုတ်လေသည့် ငါးပိ ရှိသည်ဟုပင် မအောက်မေ့ခဲ့တော့ချေ။

နွဲ့လေးမူခမျာ ချစ်သူ၏ လုံးလုံးလျားလျား ပစ်ပယ်ခြင်း ခံရသည့် ချစ်သူပျောက်မလေး တစ်ယောက်အဖြစ် နင့်နင့်သီးသီး ခံစားနေရရှာသည်။

မျိုးဆွေအကြောင်း တွေးတော စဉ်းစားရင်း အိပ်ရေးပျက်ရသည့် ညတွေ မရေမတွက်နိုင်တော့။

တစ်ညသ၌ မျှော်လင့်မထားသည့် အိပ်မက်တစ်မက်ကို နွဲ့လေးမူ မြင်မက်ခဲ့မိ၏။

အိပ်မက်ထဲတွင် သူတစ်ခါမျှ မမြင်ဖူးသည့် သူနှင့်ရွယ်တူ မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။



တော်တော်ချောမောလှပသည့် မိန်းကလေးတစ်ယောက် ပါကလားဟု စိတ်ထဲက ချီးကျူးမိသည်အထိ ခံစားရသည်။

ထိုအမျိုးသမီး၏ ဦးခေါင်းမှ ဆံပင်များသည် ခြေမျက်စိသို့တိုင်အောင် ရှည်လျားသည်ကို အံ့သြစဖွယ်တွေ့ရ၏။

ခေါင်းပေါ်တွင်လည်း စံပယ်ပန်းကုံးတွေ ဝေနေအောင် ဝန့်ထားလိုက်သေးသည်။

အဝတ်အစားကမူ ရှေးဆန်ဆန် အဝတ်အစား ဖြစ်သည်။

လက်ကောက်၊ နားတောင်း၊ ခြေကျင်း၊ ဘယက်ဒွါဒရာ တွေ အစုံအလင် ဝတ်ဆင်ထားသည်။

မျက်ခုံး, မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း မည်သည့်အရာကိုမျှ အပြစ်ဆိုဖွယ် မရှိ။

အားလုံး လှလွန်းသည်ချည်းသာ ဖြစ်၏။

နွဲ့လေးမူသည် ထို မိန်းကလေးကို မိန်းကလေး ချင်းပင် နှစ်သက် သဘောကျမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....ဘဝင်မကျစရာကောင်းလွန်းလှသည်မှာ ဤမျှ နတ်သမီးသဖွယ် လှပသည့် မိန်းကလေး၏မျက်နှာမှာ တစ်စုံ တစ်ရာကို အလိုမကျဟန်ဖြင့် သုန်မှုန်ထားခြင်းပင်ဖြစ်၏။

နွဲ့လေးမူကိုလည်း လွန်စွာ မကျေနပ်သော အကြည့်ဖြင့် ကြည့်၏။

"ရှင့်ဆီကို ကျွန်မ ရောက်လာတာကို အံ့ဩနေသလား နွဲ့လေးမူ"

သြဇာသံ။

မိန်းကလေးတန်မဲ့ အသံသြဇာ ကောင်းလွန်းလှသည့် အသံဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"ရှင်....ရှင်က ဘယ်သူလဲ"

"ကျွန်မ ဘယ်သူလဲဆိုတာထက် ရှင်ဟာ ကျွန်မတွေ့ချင် တဲ့ နွဲ့လေးမူ ဟုတ်မဟုတ်ကို အရင်ပြောပါဦး"

"ဟုတ်ပါတယ်၊ ကျွန်မက နွဲ့လေးမူပါ၊ ရှင်က..."

မိန်းကလေးက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။



"နွဲ့လေးမူ ကြားဖူးသလားတော့ မသိဘူး၊ တို့က မောင် မျိုးခဆွေရဲ့ ချစ်သူ မမလေး စောနန်းရှင်ဆိုတာပဲ"

"မမလေး....စောနန်းရှင်"

"ဟုတ်တယ်"

"သြော်....စောနန်းရှင် ဆိုတာ ရှင်ကိုး၊ တွေ့တုန်းပြော ရဦးမယ် စောနန်းရှင်"

"အမယ်....ကြီးကြီးကျယ်ကျယ်နဲ့ ငါ့ကိုများ၊ ကဲ....ပြော စမ်း၊ ဘာများလဲ"

စောနန်းရှင်မျက်နှာက ပိုပြီးတင်းမာသွားသည်။

မာနရှိပ် ပို၍ ပေါ်လာသည်။

"ကျွန်မ နွဲ့လေးမူနဲ့ ကိုကိုနဲ့က မကြာခင် လက်ထပ်ကြ တော့မယ့် ချစ်သူတွေပါ စောနန်းရှင်..., ကျွန်မတို့ကြားမှာ မနှောင့်ယှက်ပါနဲ့"

"ကိုကိုဟုတ်လား....ကိုကိုဆိုတာ ဘယ်သူ့ကို ပြောတာ ပါလိမ့်"

စောနန်းရှင်က သိလျက်နှင့် တမင် ခနဲ့တဲ့တဲ့ ပြောလိုက် ခြင်း ဖြစ်၏။

www.burmeseclassic.com

“ကိုကိုဆိုတာ ကိုကိုမျိုးဆွေကို ပြောတာပါ”

နွဲ့လေးမူက သဘောရိုးအတိုင်း ပြန်ဖြေလိုက်၏။

“ဪ....ဪ.... ကိုကိုခေါ် ကိုမျိုးဆွေနဲ့ရှင်တို့က မကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေ ဟုတ်လား”

“ဟုတ်ပါတယ်”

“ဟား....ဟား....ဟား”

စောနန်းရှင်က ရယ်စရာမရှိဘဲနှင့် ဝါးလုံးကွဲ ရယ်ချလိုက်၏။

“ရှင်ပြောတာ သိပ်ကိုရယ်စရာကောင်းနေပြီ နွဲ့လေးမူ”

“ရှင်...ရယ်စရာကောင်းတယ်ဟုတ်လား”

“ဟုတ်တယ်....ဟုတ်တယ်၊ တကယ့်ကို ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ခုကို ကြားလိုက်ရသလိုပဲ”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ.... နောက်မှလဲလာသေးရဲ့ နာမည်ကို မောင်ဦးလို့လဲ မှည့်ချင်သေးတယ်ဆိုတဲ့ စကားလို ဖြစ်နေ



တာပေါ့၊ တကယ်ဆိုရင်.... ညည်းပြောတဲ့စကားကို ငါက ပြောရမှာ”

“ရှင်....”

“ဟုတ်တယ်၊ ညည်းတို့လက်မထပ်ရသေးဘူး။ မကြာခင် လက်ထပ်တော့မယ်ဆိုတဲ့ အဆင့်ပဲ ရှိသေးတယ်၊ ငါနဲ့ မောင်မျိုးဆွေက ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်နေပြီးသား၊ လင်မယား ဖြစ်တာတောင်မှလေ... အခုတစ်ဘဝတည်း ဖြစ်တာမဟုတ်ဘူး၊ ဟိုဘက်ဘဝကတည်းက လင်မယားဖြစ်ခဲ့တာ”

“ရှင်....”

“ဘာလဲ.... ညည်းကငါပြောတဲ့စကားကို မယုံလို့လား”

“မဟုတ်....မဟုတ်....”

နွဲ့လေးမူ သူ့ကို ဘာပြန်ပြောရမည် မသိတတ်အောင် ဆွံ့အ သွားမိသည်။

“အဲဒီတော့.... နွဲ့လေးမူ ငါပြောတဲ့စကားကို သေသေချာချာ နားထောင်ပါ၊ နားထောင်ပြီးရင်လဲ တိတိကျကျ လိုက်နာပါ၊ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင်တော့ ငါ့အဆိုး မဆိုနဲ့၊ ကြားလား”

www.burmeseclassic.com



"ကြွား....ကြွားပါတယ်"

စောနန်းရှင်က မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ မာန်မဲပြောဆိုလိုက်သည်ဖြစ်၍ နွဲ့လေးမူတစ်ယောက် အထိတ်ထိတ် အလန့်လန့် ဖြစ်သွားမိ၏။

"ငါပြောချင်တဲ့စကားက တခြားမဟုတ်ဘူး နွဲ့လေးမူ၊ မောင်မျိုးဆွေဟာ ငါ့ရဲ့ချစ်သူ လင်ယောကျ်ား.... ညည်းနဲ့ ဘာမှ မပတ်သက်ဘူး၊ တကယ်လို့ ညည်းတို့ အခုလုပ်ဖို့ ကြံစည်နေကြတဲ့ လက်ထပ်ပွဲကို ဖြစ်အောင် လုပ်မယ်ဆိုရင် ငါကလဲ မောင်မျိုးဆွေကို ငါ့ဆီ....မရောက် ရောက်အောင် ခေါ်ယူရမှာပဲ၊ အဲဒီအချိန်ကျမှ ရှင်ကွဲမကွဲဘဲ ညည်းတို့ သေကွဲ တွဲကြရမှာ၊ ညည်းကိုလဲ ချမ်းသာပေးမှာ မဟုတ်ဘူးနော်"

စောနန်းရှင်၏စကားကြောင့် နွဲ့လေးမူမှာ ပိုပြီး တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်။

"မလုပ်....မလုပ်ပါနဲ့ စောနန်းရှင်ရယ်"

"လုပ်မယ်၊ လုပ်ကိုလုပ်ရမယ်၊ နင်တို့နှစ်ယောက် ပြောစကား နားမထောင်ရင်တော့ သေကွဲကွဲအောင် လုပ်ပစ်ရမယ်၊ အဲသလို မဖြစ်စေချင်ဘူး ဆိုရင်တော့ နင်တို့နှစ်



ယောက် လက်ထပ်ဖို့လုပ်ထားတဲ့ အစီအစဉ်အားလုံး ဖျက်သိမ်းပစ်ရမယ်"

"လက်ထပ်ဖို့ လုပ်ထားတဲ့ အစီအစဉ်ကို ဖျက်သိမ်းပစ်ရမယ် ဟုတ်လား၊ မဖြစ်နိုင်တာဘဲ စောနန်းရှင်ရယ်"

"ဘာပြောတယ်၊ နင်ကငါ့ကို အာခံချင်တဲ့ သဘောလား၊ အဲဒါ....အာခံဦး"

"ဖြန်း...."

မမျှော်လင့်ဘဲ စောနန်းရှင်၏ လက်တစ်ဖက်ကမြောက်တက်သွားပြီးနောက် နွဲ့လေးမူ၏ လက်ဝဲဘက် ပါးတစ်ခုလုံး ပူထူသွားကာ မျက်လုံးအစုံတွင် မီးဝင်းဝင်းတောက်သွားသည့်နှယ် ခံစားလိုက်ရသည်။

"အမယ်လေး...."

နွဲ့လေးမူ အိပ်ရာမှ အော်ဟစ်ယောင်ယမ်းပြီး နိုးလာသည်။

သူ့ အော်သံကြောင့် တစ်အိမ်သားလုံး လန့်နိုးသွားကြသည်။

"ဘာဖြစ်တာလဲ....ဘာဖြစ်တာလဲ"ဟူ၍စိုးရိမ်တကြီးဖြင့် အပြေးအလွှား ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မှ ယောင်ယမ်းအော်မှန်းသိတော့မှပင် အားလုံး စိတ်သက်သာ သွားကြသည်။

သို့သော်....

သို့ပါသော်....

နွဲ့လေးမူ၏ ဝဲဘက်ပါးတစ်ခြမ်း ရောင်ကိုင်းနေသည့် အချက်ကိုမူ အံ့သြစဖွယ် တွေ့ရှိကြရလေတော့၏။

☆

## အခန်း(၁၁)

### မှတ်မိလွန်းသော အိပ်မက်တစ်ခု

နွဲ့လေးမူ ပြောပြသမျှကို တစ်ချိန်လုံး စိတ်ရှည်လက်ရှည် နားထောင်နေသည့် မိုးဦးက စကား ဆုံးချိန်လောက်တွင် ခေါင်းကိုဘယ်ပြန်ညာပြန် ခါယမ်းလိုက်၏။

“ဘယ်လိုလဲ ကိုမိုးဦး၊ ကျွန်မ ပြောပြတဲ့ အိပ်မက်ကို ရှင်က မယုံလို့လား”

“ဘာကို ယုံရမှာလဲ”

“အိပ်မက်ထဲမှာ စောနန်းရှင် ရောက်လာတယ်ဆိုတာကို လေ”

www.burmeseclassic.com

www.burmeseclassic.com



"**ယုံပါတယ်** နွဲ့လေးမှူး၊ အိပ်မက်တစ်ခုကိုတော့ ဇာတ်သိမ်း ဆင်ပြီး မပြောဘူးဆိုတာကို ယုံပါတယ်၊ ဒါပေမယ့် ဒီအိပ်မက်ကို သိပ်အစွဲအလမ်း မထားစေချင်ဘူး၊ တကယ်တော့ အိပ်မက်ဆိုတာမျိုးဟာ စိတ် စွဲလမ်းအားကြီးရင်လဲ မက်တတ်တာမျိုးပဲ"

"စိတ် စွဲလမ်းလို့ မက်တာ"

"ဟုတ်တယ်၊ ကျွန်တော်ကတော့ အဲသလိုပဲ ယူဆတယ်"

ယခုအကြိမ်တွင် ခေါင်းခါ ယမ်းလိုက်သူက နွဲ့လေးမှူ ဖြစ်သည်။

"ကျွန်မ ဒီအိပ်မက်ကို စိတ်စွဲဖြီး မက်တာမဟုတ်တာတော့ သေချာတယ် ကိုမိုးဦး၊ ဘာဖြစ်လို့လဲ ဆိုတော့ စောနန်းရှင်နဲ့ ပတ်သက်ပြီး ကိုမိုးဦး မယုံကြည်သလို ကျွန်မလဲ မယုံကြည်ဘူးလေ"

"မယုံကြည်ဘူးဆိုရင်လဲ ဒီအိပ်မက်ကို စိတ်ထဲက ဖျောက်ပစ်လိုက်ပေါ့ နွဲ့လေးမှူရယ်၊ ဘာလုပ်မလဲ"



"ဖျောက်လို့မလွယ်ဘူး ဖြစ်နေတာက အကြောင်းတွေရှိတယ် ကိုမိုးဦး၊ အဲဒီ စောနန်းရှင်ဆိုတဲ့ မိန်းမဟာ တော်တော့်ကို ကြောက်စရာကောင်းတယ်၊ အချစ်ကြီးတဲ့အတွက် အမျက်ကြီးမယ့်ပုံ ပေါ်နေတယ်၊ စိတ်ကူးယဉ်ပြီး ပေါ်လာတဲ့ သာမန်အာရုံ အရုပ်တစ်ခု မဟုတ်ဘူး၊ လောကကြီးထဲမှာ အမှန်တကယ် ရှိနေတဲ့ မိန်းမ တစ်ယောက်လို ခုချိန်ထိ ခံစားနေရတုန်းပဲ"

"အဲဒါကိုတ စွဲလမ်းမှုတစ်ခုပဲပေါ့ နွဲ့လေးမှူရယ်၊ စိတ်ဆိုတာကလဲ အဆန်းသား မဟုတ်လား၊ စွဲမိစွဲရာ စွဲတတ်တာမျိုးပဲ"

နွဲ့လေးမှူက ခေါင်းကို ယမ်းခါလိုက်ပြန်၏။

"ကျွန်မစိတ် အဲဒီလောက် မပျော့သေးပါဘူး ကိုမိုးဦး၊ အိပ်မက်တွေ ဘာတွေလဲ အများသူငါလို ခဏခဏ မက်တတ်တဲ့ လူစားမျိုးလဲ မဟုတ်ပါဘူး၊ အဲဒါကြောင့် ပြောနေတာပါ၊ စောနန်းရှင်ကို မက်တဲ့အိပ်မက်ကတော့ သိပ်ပြီးဆန်းကြယ်နေတယ်၊ အိပ်မက်တိုင်းဟာ ခုလောက် မပီပြင်ဘူး၊ ညဘက်မက်ရင် မနက်ဘက်မှာ မေ့ပျောက်သွားတတ်

www.burmeseclassic.com



တာက အများစုပဲ၊ မှတ်မိရင်လဲ ဟိုနားနည်းနည်း ဒီနား နည်းနည်းလောက်ပဲ၊ ခုဟာက အစအဆုံး တစ်လုံးမကျန် မှတ်မိတယ်၊ စောနန်းရှင် ဆိုတဲ့ မိန်းမရဲ့ ပုံစံကိုလဲ အလွတ် ပြောပြနိုင်လောက်အောင် စိတ်ထဲမှာ စွဲနေတယ်"

သည်တစ်ကြိမ်တွင်မူ မိုးဦးက ဆန့်ကျင်ဘက်မပြောတော့ဘဲ ခေါင်းတဆတ်ဆတ် ညိတ်ရင်း နားထောင်နေသည်။

"ဘာကြောင့်ပဲဖြစ်ဖြစ်လေ....အိပ်မက်ထဲက စောနန်းရှင် ပြောတာနဲ့ပဲ မျိုးဆွေနဲ့နွဲ့လေးမူတို့ရဲ့ မင်္ဂလာဆောင်ကိစ္စကို ဖျက်သိမ်းစရာတော့ မလိုတာအမှန်ပဲ"

"ကျွန်မ စိတ်ထဲမှာ စိုးရိမ်နေတယ်"

"ဘာလဲ... အိပ်မက် ထဲမှာ စောနန်းရှင် ခြိမ်းခြောက် လိုက်တာကိုလား"

"ဒါပဲပြောရမှာပေါ့"

"ပြောရင်း....ပြောရင်းနဲ့ နွဲ့လေးမူရဲ့ အစွဲအလမ်းကလဲ မသေးတော့ဘူး၊ မျိုးဆွေလောက်ကို ထပ်တူဖြစ်နေပြီ"



"ကျွန်မတော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ကိုမိုးဦးရယ်"

"ဘာပြောရမှန်း မသိရင်လဲ နွဲ့လေးမူ မပြောနဲ့တော့၊ ကျွန်တော်ပြောမယ်"

"ပြောလေ....ကိုမိုးဦး"

"တစ်အချက် အရေးကြီးဆုံးက ခင်ဗျား ခေါင်းထဲကနေ စောနန်းရှင် ဆိုတဲ့ အာရုံရုပ်ကို မောင်းထုတ် ပစ်လိုက်ပါ၊ နှစ်အချက်ကတော့ နွဲ့လေးမူတို့နှစ်ယောက် အမြန်ဆုံးလက် ထပ်ပါ၊ သုံးအချက်ကတော့ ဖြစ်နိုင်ရင် ခင်ဗျားတို့ လက် ထပ်ပြီးတဲ့အခါ ဒီမြို့နဲ့ အဝေးဆုံး အရပ်ဒေသကို ပြောင်း ရွှေ့နေလိုက်ရင် အကောင်းဆုံးပဲ နွဲ့လေးမူ"

နွဲ့လေးမူက ယက်ပြင်းရှိုက်လိုက်၏။

ကိုမိုးဦးက ခေါင်းထဲကနေ စောနန်းရှင်ကို မောင်းထုတ် ပစ်လိုက်ပါဆိုသော အချက်သည် အပြော လွယ်သလောက် အလုပ်ခက်သည်ကို နွဲ့လေးမူ အသိဆုံး။

www.burmeseclassic.com

www.burmeseclassic.com



စကားပြောဆို နေကြသည့် အချိန်မှာပင် မျက်ထောင့် ကြီးနှင့် ခက်ထန်စွာ စိုက်ကြည့်နေသော စောနန်းရှင်၏ ရိပ်များကသာ အာရုံထဲတွင် ထင်မြင်လျက်ရှိလေ၏။

ဤသို့ဖြင့် နှစ်ဖက်သော မိဘများသည် မျိုးဆွေနှင့် နွဲ့ လေးမှုတို့ မင်္ဂလာဆောင်အတွက် အမြန်ဆုံး အစီအစဉ်ဆွဲ ဖြစ်ကြလေတော့၏။

ထိုအခါ မမျှော်လင့်ဘဲနှင့် သတို့သားဖြစ်သူ မျိုးဆွေ ကိုယ်တိုင်က ဆန့်ကျင်ဘက်ဖြစ်သော စကားကို ဆိုလေရ မိခင်ဖြစ်သူ ဒေါ်ခင်မေကြီးမှာ မတ်တတ်က မူးမေ့လဲကျ သွားတော့မတတ် ခံစားရရှာလေတော့၏။

"ဘာ....ဘာ ပြောလိုက်တယ်သား၊ မင်းနဲ့ နွဲ့လေးမှုနဲ့ လက်ထပ်ကြမယ့်အစီအစဉ်ကို ဖျက်သိမ်းပေးပါ ဟုတ်လား၊ မေမေ နားကြားများလွဲသွားသလားသားရယ်"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။

"မေမေ နားကြားလွဲတာမဟုတ်ပါဘူး၊ သား ဒီအတိုင်း ပဲ ပြောလိုက်တာပါ၊ နွဲ့လေးမှုနဲ့သားနဲ့ လက်ထပ်လို့ ဘယ် နည်းနဲ့မှ မဖြစ်နိုင်လို့ပါ မေမေ"



"ဘယ်လိုများ ပြောလိုက်တာလဲသား၊ နှစ်ပေါင်း များ ကတည်းက စီစဉ်ထားခဲ့ကြပြီးမှ ခုလို လွယ်လွယ်နဲ့ ဖျက် ရရိုးလားကွယ်၊ လူကြီးတွေရဲ့ မျက်နှာကို အိုးမဲ မသုတ် င်စမ်းပါနဲ့"

"သားဆိုလိုတာကို မေမေတို့ သဘော ပေါက်အောင် ယ်လိုပြောရမှန်း မသိတော့ပါဘူး မေမေရယ်"

မျိုးဆွေက စိတ်ပျက် လက်ပျက်ဖြင့် ဆံပင်များကို ထိုးဖွ ိုက်သည်။

"မေမေတို့သဘောပေါက်အောင်လဲ ရှင်းပြမနေနဲ့တော့၊ မေမေတို့ စီစဉ်တဲ့အတိုင်း တစ်ခွန်းမှ မငြင်းဘဲ လိုက်နာ က်ခံတာဟာ အကောင်းဆုံးပဲသား"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်ပြန်၏။

"မေမေ မသိဘူးနော်၊ နွဲ့လေးမှုနဲ့ သား လက်ထပ်လိုက် ာနဲ့ တစ်ပြိုင်တည်း မလိုလားအပ်တဲ့ ဒုက္ခ သုက္ခတွေ ဖြစ် ာနိုင်တယ်၊ ပြောရမယ် ဆိုရင်တော့ သေရေးရှင်ရေး ွတွေ ပေါ်လာနိုင်တယ်"

"ဟဲ့သား....ဘာတွေလျှောက်ပြောနေတာလဲ၊ နိမိတ်မရှိ ာမရှိ စကားတွေ၊ သားနဲ့ နွဲ့လေးမှုနဲ့က ကြာသပတေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



စနေဆိုပေမယ့်ဓမ္မာဓာတ်အစစ်ကြီးမဟုတ်ပါဘူး၊ယောကျ်ား လေးက စနေဖြစ်ပြီး မိန်းကလေးက ကြာသပတေးဖြစ်မှ စိုးရိမ်ရတာ၊ ခုဟာက သားကကြာသပတေး နွဲ့လေးမူက စနေဖြစ်နေတယ်၊ဓမ္မာအစစ်မဟုတ်ဘူး၊ ဓမ္မာရဲ့ပြောင်းပြန် ဆိုတော့ သိပ် စိုးရိမ်စရာမရှိပါဘူး၊ မေမေ သေသေချာချာ တွက်ချက်ပြီးပါပြီ”

မျိုးဆွေက ခေါင်းကို သွက်သွက်ယမ်းခါလိုက်၏။

“မေမေ မသိဘူးနော်”

“ဟဲ့ .... ငါက နင့်အမေပါဟဲ့၊ ဘာဖြစ်လို့ မသိရမှာ လဲ၊ သိလွန်းအားကြီးလို့ ဟောဒီမှာကြည့်၊ ဆံသွားတွေ တောင် တုံးနေပြီ”

ဒေါ်ခင်မေကြီးက စိတ်ထွက်ထွက်ဖြင့် ပါးစပ်ကိုပါ လက် နှစ်ဖက်ဖြင့် ဖြဲပြလိုက်လေ၏။

“သားပြောချင်တာတွေက ဒါတွေမဟုတ်ဘူး မေမေ”

“ဒါတွေမဟုတ်ရင် ဘာတွေဖြစ်မလဲ၊ ပြောစမ်းပါဦး”

“အဲဒါကို ပြောရခက်နေတာပေါ့ မေမေရယ်”

မျိုးဆွေက စိတ်ညစ်ညူးစွာဖြင့် ပြန်ပြောလိုက်၏။



“အမယ်လေးလေ၊ ဒီမအေနဲ့ ဒီသားမှ ဖွင့်မပြောရင် ဘယ်သူ့ကိုသွားပြီး ပြောမလဲ၊ ပြောစမ်းပါဦး၊ သားက မေမေ့ထက် ပိုပြီးရင်းနှီးတဲ့လူတွေများ ရှိသေးလို့လား”

“ဘာလဲ၊ မင်း ရန်ကုန်မှာ အိမ်ထောင်တွေ ဘာတွေ ကျလာခဲ့လို့လား၊ မထွေးသာ ဖအေန်သာတွေများ ရှိနေ လို့လား”

ဒေါ်ခင်မေကြီးက မြူးထူးပြဲတဲ အာမ္မအာရုံဖြင့် မေး လိုက်၏။

မျိုးဆွေက ခေါင်းကို သွက်သွက် ယမ်းခါလိုက်သည်။

“ဒါဖြင့် ဘာလဲ”

“ဘာဆိုတာကို မေမေသိလို့လဲ အကြောင်းမထူးပါဘူး မေမေ၊ မေမေစိတ်ညစ်ရုံပဲ ရှိမှာပါ၊ ဒီတော့ သား တိုတိုပဲ ပြောမယ် မေမေ၊ သား နွဲ့လေးမူကို ဘယ်လိုမှ လက်ထပ်ယူ လို့ မဖြစ်တော့တာပါ”

“ဘာ....”

ဒေါ်ခင်မေကြီး၏ ‘ဘာ’ ဆိုသော အာမေဋိတ်သံသည် တော်တော် ကျယ်လောင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တယ် သား၊ နွဲ့လေးမှုကို ဘယ်လိုမှ လက်သင့်မခံနိုင်ဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ နွဲ့လေးမှုက သား မနှစ်သက်နိုင်လောက်တဲ့ အမူအကျင့် လုပ်ရပ်တွေ ရှိနေလို့လား"

"မရှိပါဘူး မေမေ"

"ဒါဆို နွဲ့လေးမှုက ရုပ်မချောလို့လား"

"ချောပါတယ်"

"ပညာကော မတတ်လို့လား"

"တတ်ပါတယ်"

"မိဘမျိုးရိုးကော ညံ့နေလို့လား"

"မညံ့ပါဘူး"

"ဒါနဲ့များ မင်းက ဘာလို့ ဒီလောက်တောင် ခါးခါးသီးသီး ဖြစ်နေရတာလဲ"

မျိုးဆွေ သက်ပြင်းရှည်ကြီး ရှိုက်လိုက်၏။

"သား ဆက်မပြောချင်တော့ဘူး မေမေ"

"မင်းက ဆက်မပြောချင်ပေမယ့် မေမေက သိချင်သေးတယ်သား၊ အေးလေ ကောင်းပြီ မင်းမပြောချင်လဲ နေလေ ရပါတယ်၊ မင်းမပြောဘဲ သိနိုင်တဲ့နည်းမျိုးနဲ့ မေမေ စုံစမ်းရမှာပေါ့၊ ဟုတ်တယ် မဟုတ်လား"



ဒေါ်ခင်မေကြီးက စိတ်လိုက်မာန်ပါ ပြောလိုက်ပြီးနောက်.... မျိုးဆွေ့ရှေ့မှ ထ,ထွက်သွားခဲ့သည်။

ရင်တွေပူ အာခေါင်တွေခြောက်ပြီး နေရာတွင် ကတုန်ကယင်နှင့် ကျန်ရစ်ခဲ့သူက မျိုးဆွေဖြစ်၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

### ကြံကြီးစည်ရာ

စိတ်မြန်လက်မြန်ဖြစ်သော ဒေါ်ခင်မေကြီးသည် အချိန်ဆိုင်း မနေတော့ဘဲ နွဲ့လေးမူတို့အိမ်သို့ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ချက်ချင်းကြီး ရောက်သွားခဲ့လေ၏။

နွဲ့လေးမူတို့အိမ်သို့ ရောက်သောအခါ နွဲ့လေးမူ၏ မိဘများနှင့် နှုတ်ဆက်စကား တစ်ခွန်းနှစ်ခွန်းမျှသာ ပြောပြီးနောက် နွဲ့လေးမူနှင့် နှစ်ယောက်ချင်းတွေ့ကာ အောက်ပါအတိုင်း မေးလေတော့၏။



"သမီး၊ ကြီးမေမေးတာကို မကွယ်မဝှက်ဘဲ ဖြေရမယ်နော်"

ဖြုန်းစားကြီး အမေးခံ လိုက်ရသော နွဲ့လေးမူပင် ကြောင်အမ်းအမ်း ဖြစ်သွားရှာလေ၏။

"ဘာများလဲ ကြီးမေ"

"တခြားတော့ မဟုတ်ပါဘူး သမီးရယ်၊ ညည်း ကိုကိုမျိုးဆွေအကြောင်း မေးမှာပါ"

"ကိုကို့ အကြောင်း"

"ဟုတ်တယ်၊ တိုတိုပဲမေးမယ် သမီး၊ သူဘာတွေဖြစ်နေတာလဲ၊ သမီးကို လက်မထပ်ချင်ဘူးလို့ ငြင်းနေတာ ဘာကြောင့်လဲ၊ သူ့မှာ ကြီးမေကို ပြောမပြနိုင်တာ ဘာတွေမို့လဲ၊ အဲဒါတွေ သိချင်တယ်"

ဖြုန်းခနဲတော့ နွဲ့လေးမူ ဘာပြန်ပြောရမည်မသိ။

"ပြောလေ သမီး၊ သမီးသိရှိသမျှ ရင်ထဲမှာမထားနဲ့၊ အကုန်ပြောပြနော်"

www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးမှုဘာတနေ ဘယ်လိုစပြောရမည်ကို စဉ်းစားနေဆဲ ဒေါ်ခင်မေကြီးက စိတ်မရှည်နိုင်ဘဲ ထပ်မေးလိုက်ပြန်၏။

"ပြော.... သမီး"

"ကိုကို့ကိစ္စက တော်တော် စဉ်းစားရကျပ်တယ် ကြီးမေ၊ သူ့ဟာက မယုံရအခက် ယုံရအခက်ကိစ္စကြီး ဖြစ်နေတယ်"

"ဘာများလဲ"

"ကိုကို မိန်းမတစ်ယောက်နဲ့ ဖြစ်နေတာတော့ အမှန်ပဲ"

"ဘာ.... ဘာပြောတယ်"

ဒေါ်ခင်မေကြီးက တအံ့တဩဖြင့် မျက်လုံးပြူးကာ မေးလိုက်၏။

"ဟုတ်တယ် ကြီးမေ၊ ကိုကို တခြား တစ်ယောက်နဲ့ ဖြစ်နေတယ်၊ ဒါပေမယ့် သူနဲ့ဖြစ်နေတာက ပြောရမယ်ဆိုရင် ဥစ္စာစောင့်လိုဟာမျိုး"

"ဘာ...."



ဒေါ်ခင်မေကြီး၏ ဒုတိယမြွက် 'ဘာ' ဆိုသော အာမေဋိတ် အသံကြီးက ပို၍ ကျယ်လောင်သွားသောကြောင့် နွဲ့လေးမှုပင် လန့်ဖျပ်သွားမိသည်။

"သူက ဥစ္စာစောင့်နဲ့ ဖြစ်နေတယ်၊ ဟုတ်လား....သမီး၊ ကြုံကြီးစည်ရာကွယ်....ဒါမျိုးတွေ ကြီးမေတို့ မျိုးရိုးထဲမှာလဲ မရှိပါဘူး၊ သူ့ကျမှ ပေါက်ပေါက်ရှာရှာ"

"ဟုတ်တယ်ကြီးမေ၊ သမီးလဲ မယုံချင်ပါဘူး၊ ဒါပေမယ့် ကိုကိုက သူ့အကြောင်းတွေကို သူ့သူငယ်ချင်း ကိုမိုးဦးကို အကုန်လုံးပြောပြထားတယ်"

"ရှက်စရာအေး၊ မဟုတ်ကဟုတ်ကဘယ်ကဥစ္စာစောင့်မနဲ့ သွားတွေ့ရတာလဲ"

"ရွှေနဒီလျှိုကလို့ ပြောတာပဲ ကြီးမေရဲ့"

"ရွှေနဒီလျှို၊ ဟုတ်လား...."

"ဟုတ်တယ်ကြီးမေ၊ မြို့မြောက်ဖျားနားက ရွှေနဒီလျှိုလေ...."

www.burmeseclassic.com

www.burmeseclassic.com



"ဥစ္စာစောင့်မနဲ့ တွေ့တယ်ဆိုရင်တော့ သားလေးတော့ ဒုက္ခပါပဲ သမီးရယ်၊ ဒီကလေး ဘယ်တုန်းကများ ရွှေနဒီလျှိုကို ရောက်သွားပါလိမ့်၊ ရွှေနဒီလျှိုဆိုတဲ့နေရာကတော့ ကြမ်းတယ်လို့ ကြီးမေတို့ ငယ်ငယ်တုန်းက ကြားဖူးထားတဲ့ နေရာပဲ၊ တော်ရုံလူတွေတောင် သွားရဲတာ မဟုတ်ဘူး"

"အခုသွားတာတော့ မဟုတ်ပါဘူး ကြီးမေ၊ ငယ်ငယ်တုန်းက ရောက်ဖူးတာလို့ ကိုမိုးဦး ပြောမြတာပဲ"

ဒေါ်ခင်မေကြီး မျက်နှာ အပျက်ကြီး ပျက်နေ၏။

"မဖြစ်ဘူး သမီး၊ ဥစ္စာစောင့်မနဲ့ တွေ့တာ ဆိုရင်တော့ စိုးရိမ်ရတယ်၊ ဒါကြောင့် ကြီးမေစိတ်ထဲမှာ တထင့်ထင့်နဲ့ ဖြစ်နေတာကိုး၊ ဟုတ်မယ်.... ဟုတ်မယ်၊ ဒါဆိုရင်တော့ မဖြစ်ဘူး၊ ပယောဂဆရာ ဆရာဖဲဆီပြေးမှပဲဖြစ်မယ်၊ ဒီကိစ္စတွေက သူမှပဲနိုင်မှာ၊ သူ့ကိုပဲပင့်ရမယ်"

ပယောဂဆရာဆိုသောကြောင့် နွဲ့လေးမှ မျက်လုံးပြူး သွားမိ၏။

"ပယောဂဆရာ ဆရာဖဲ၊ ဟုတ်လား....ကြီးမေ"



"ဟုတ်တယ်လေ၊ တို့မြို့မှာတော့ ဆရာဖဲဟာ ပယောဂဘက်မှာ နာမည်ကြီးပဲ၊ သူ့ကိုပဲသွားအကူအညီတောင်းရတော့မှာပေါ့၊ ကြာပါတယ်အေ....သမီးဆီက အပြန်မှာပဲ ဆရာဖဲဆီသွားမယ်၊ သမီးပါအားရင် လိုက်ခဲ့ပါလား"

"သမီး အားတော့ အားပါတယ် ကြီးမေ၊ ဒါပေမယ့်...."

"ဘာလဲ သမီးက မလိုက်ချင်လို့လား"

"မလိုက်ချင်တာ မဟုတ်ပါဘူး ကြီးမေရယ်၊ ပယောဂဆရာဆီ သွားမယ်ဆိုတာကို သွားသင့် မသွားသင့် စဉ်းစား နေတာပါ"

"ဘာ စဉ်းစားစရာ လိုသလဲ သမီးရဲ့၊ ဥစ္စာစောင့်တွေ ဘာတွေဆိုတာ ပယောဂဆရာမှ နိုင်မှာပေါ့၊ ခေတ် ဆရာ ဝန်တွေ ဒီရောဂါ ဘယ်ကုနိုင်မှာလဲ"

"ပင့်တာကတော့ ဟုတ်ပါပြီ၊ တော်ကြာ ကိုကို့ကို ရိုက်လားနှက်လား လုပ်ရင် ဒုက္ခပဲ ကြီးမေ"

"ဩော်....သမီးက စိုးရိမ်စရာမရှိတာကို စိုးရိမ်နေတာ ကိုး၊ ဆရာဖဲက ရိုက်သင့်တဲ့သူမှ ရိုက်တာပါ၊ မရိုက်သင့်ရင်

www.burmeseclassic.com

www.burmeseclassic.com



လဲ မရိုက်တဲ့နည်းနဲ့ ကုတယ်လို့ ကြားဖူးပါတယ်၊ စိတ်မပူပါနဲ့ သမီး၊ ပြီးတော့လဲ...အဲဒီလိုရိုက်တဲ့နေရာမှာလဲ အရိုက်ခံရတဲ့ လူက နာတာမဟုတ်ပါဘူး၊ သူ့ကို ပြုစားထားတဲ့ လူမှာ သွားပြီး နာတယ်လို့ သမီးမကြားဖူးဘူးလား”

“သမီး ဒါတွေကို သိပ် နားမလည်ပါဘူး ကြီးမေရယ်”

“အေး...နားမလည်ဘဲနဲ့ အရမ်းကာရော စိုးရိမ်မနေနဲ့၊ ကြီးမေနဲ့သာ လိုက်ခဲ့၊ ဟိုကျရင် ဆရာဖဲမေးတာကို သမီးက သိသလောက် ဖြေပေးနော်”

“ဟုတ်...ဟုတ်ကဲ့ ကြီးမေ”

နွဲ့လေးမူ လူကြီး၏ဆန္ဒကို ဘယ်လိုမှ မဆန့်ကျင်နိုင်ပါ။

ဒေါ်ခင်မေကြီး ခေါ်ရာသို့သာ ကောက်ကောက်ပါအောင် လိုက်လာခဲ့ရသည်။ ဘုမသိ ဘမသိနှင့်။

ဆရာဖဲ၏ အိမ်မှာလည်း မြို့စွန်မြောက်ဖျားတွင်ရှိသည်။

ဒေါ်ခင်မေကြီးနှင့် နွဲ့လေးမူတို့ ရောက်သွားကြသောအခါ ဆရာဖဲ၏ တပည့်တစ်ယောက်ကို တွေ့ရသည်။



ဆရာဖဲ၏ တပည့်သည် ညိုကြီးဟုခေါ်၏။

ညိုကြီးသည် နာမည်နှင့်လိုက်၍ အသားညိုရုံမျှမကဘဲ နက်မှောင် ပြောင်ချောနေ၏။

ကိုယ်လုံးကိုယ်ထည်မှာလည်းဘီလူးကြီးတစ်ကောင်ကဲ့သို့ မြင့်မြင့်မားမား ထွားထွားကျိုင်းကျိုင်းကြီးဖြစ်သည်။

ညိုကြီးသည် အပေါ်ပိုင်းကို ဗလာကျင်း ထားလျက် အောက်ပိုင်းမှာလည်း လုံချည်ကို ခါးတောင်းမြှောင်အောင် ကျိုက်ထားသည်။

ခြေသလုံး ဒူးနှင့်ပေါင်များတွင် တက်တူးဟုခေါ်သော ဆေးမင်ကြောင်များ ထိုးနှံ့ထား၏။

ထိုမျှသာမကသေး၊ ရင်အုပ် လည်ပင်း လက်မောင်းနှင့် လက်ဖျံ လက်ခုံ စသည်တို့တွင်ပါ ဆေးမင်ကြောင်တွေအပြည့် ထိုးထားလေရာ ညိုကြီးကို ကြည့်ရသည်မှာ လူတစ်ယောက်နှင့် မတူတော့ဘဲ နာနာဘာဝကြီးလို ဖြစ်နေ၏။

ဆေးမင်ကြောင် ထိုးထားသည့် အရုပ်များမှာလည်း အမျိုးစုံလှသည်။

www.burmeseclassic.com



ဘီလူးပုံ၊ ကြောင်ပုံ၊ ကျားပုံ၊ နဂါးပုံ၊ သိမ်းစွန်ငှက်ပုံ စသည်ဖြင့် အကောင်ပလောင် မျိုးစုံ၏။

ညိုကြီး၏ ခန္ဓာကိုယ်ပေါ်တွင် တိရစ္ဆာန်ရုံကြီး ရောက်နေသလို ဖြစ်၏။

ဒေါ်ခင်မေကြီးတို့ ရောက်လာချိန်တွင် ညိုကြီးသည် အိမ်ရှေ့ရှိ အုန်းပင်ပေါ်သို့ ရောက်နေ၏။

အုန်းသီးများတင်စေရန် အုန်းလက်များကို ပြုပြင်ခြင်း၊ ဆားထည့်ခြင်းများ လုပ်နေသောကြောင့် အပင်ပေါ်ရောက်နေခြင်း ဖြစ်၏။

သို့ဖြစ်၍ အိမ်ဝင်းထဲတွင် ဘယ်သူမျှ မရှိသလို ဖြစ်နေလေသည်။

"ဘယ်သူမှလဲ မရှိကြပါလား"

ဒေါ်ခင်မေကြီးက လွှတ်ခနဲ ပြောလိုက်၏။

"ရှိတယ်"



အသံကြီးတစ်သံသည် လူမမြင်ရဘဲ ထွက်လာလေရာ ဒေါ်ခင်မေကြီးရော နွဲ့လေးမူပါ ထိတ်ခနဲ တုန်သွားကြလေ၏။

တိုဟိုသည်သည် မျက်စိကစားကာ ရှာဖွေကြည့်သော်လည်း မည်သူ့ကိုမျှ မတွေ့။

"ဖုတ်"

"အမယ်လေး....ဗုဒ္ဓေါ ပလုတ်တုတ်"

ညိုကြီးက အုန်းပင် ခြေရင်းသို့ ဖတ်ခနဲ ခုန်အဆင်း ဒေါ်ခင်မေကြီး နှုတ်ဖျားမှ ယောင်ယမ်း၍ ထွက်သွားလေသည်။

"ဘာကြီးလဲ"

ယောင်ယမ်း၍ ထွက်သွားလေ၏။

"ဘာကြီးလဲ"

"ဘာကြီးလဲမဟုတ်ဘူး ဒေါ်ကြီး၊ ကျုပ်ကို ညိုကြီးလို့ ခေါ်တယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားတို့သိထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ညိုကြီးလို အရက်တစ်ပုလင်း၊ ကြက်ကြော် တစ်ကောင်လောက်နဲ့ မရဘူး၊ ကျုပ်က အရက်ကို နှစ်ပုလင်းခွဲလောက်မှ ကျေနပ်တာ၊ ကြက်ကတော့ အကောင်ကြီးကြီး တစ်ကောင်နဲ့ နောက်ထပ် အဆစ် ခပ်လတ်လတ်တစ်ကောင်လောက်မှ ဝတာ"

ကြောက်စရာကောင်းသည့် ညိုကြီးကိုကြည့်ရင်း နွဲ့လေးမှူ လန့်နေ၏။

"ဖြစ်ပါ့မလား ကြီးမေ"

ဒေါ်ခင်မေကြီးကို တိုးတိုးကပ်ပြီး မေးလိုက်မိ၏။

"ဖြစ်ပါတယ်၊ အသာနေပါ"

ဒေါ်ခင်မေကြီးက တံတောင်ဖြင့်တွက်၍ သတိပေးလိုက်သောအခါ နွဲ့လေးမှူ အသာကလေးငြိမ်၍ နေလိုက်ရ၏။

"ကဲ... ဒေါ်ကြီးတို့ ဒေါ်ကလေးတို့၊ ဘာကိစ္စရှိလို့လဲ"

"ဒါ... ဆရာဖဲအိမ်လား"

"ဟုတ်တယ်၊ ဒါ ဆရာဖဲအိမ်မှန်တယ်၊ ကျုပ်က ဆရာ့တပည့် ညိုကြီး၊ ဆရာဖဲကို တွေ့ချင်လို့လား"



"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ခဏနေဦး၊ ဟောဒီ သရက်ပင်အောက်က ကွပ်ပျစ်လေးမှာ ထိုင်စောင့်နေ၊ ကျုပ် ဆရာဖဲကိုသွားပြီး အကြောင်းကြားလိုက်ဦးမယ်၊ သူ အစီအရင်လုပ်နေတုန်းဆို တွေ့ရမှာမဟုတ်ဘူး"

ပြောပြောဆိုဆို ညိုကြီးက လှည့်ထွက်သွားပြီး ခြံထဲရှိ တဲအိမ်ကလေးဆီသို့ လျှောက်သွားသည်။

တဲအိမ်ကလေးသည် သူတို့ ထိုင်နေကြသော ကွပ်ပျစ်ကလေးနှင့် အတော်လှမ်းလှမ်းတွင် ရှိနေသော်လည်း ခြေလှမ်းကြဲကြီးများဖြင့် လျှောက်သွားသည်။ ညိုကြီးမှာ ခဏကလေးဖြင့် ရောက်သွားသည်။

တစ်အောင့်ယောက်နေသောအခါ ညိုကြီး ပြန်ရောက်လာသည်။

"ဆရာဖဲက ဒေါ်ကြီးတို့ကို ခေါ်ခဲ့လို့ မှာလိုက်တယ်"

ညိုကြီးကပြောပြီး ရှေ့မှဦးဆောင်၍ ခေါ်ငင်သောအခါ ဒေါ်ခင်မေကြီးနှင့် နွဲ့လေးမှူတို့လည်း ကြောက်ရွံ့ကြောက်ရွံ့ဖြင့် နောက်မှ ပါသွားကြလေ၏။

www.burmeseclassic.com



အိမ်ကလေးပေါ်သို့ တက်သွားသောအခါ ဆရာဖဲ့ကို အခန့်သင့် တွေ့ရလေ၏။

ဆရာဖဲသည် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး အရှည်ကြီး တွေနှင့် ဖြစ်၏။

အသားလည်း တော်တော်မည်း၏။ ကွမ်းများကို အဆက် မပြတ်စားသူဖြစ်၍ သူ၏သွားများသည် ကောက်ညှင်းငချိတ် ရောင် ပေါက်နေ၏။

ဆရာဖဲကား သူ၏တပည့် ညိုကြီး၏ ကိုယ်လုံး ကိုယ် ပေါက်နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ပုပုညှက်ညှက် သေးသေး လှလှလေး ဖြစ်လေ၏။

အသားမည်းမည်းကတော့ အတူတူပင် ဖြစ်သည်။ ဆရာ တပည့် နှစ်ယောက်ပြိုင်လျှင် သူမသာ ကိုယ်မသာ ဖြစ်နေ ကြ၏။

ဆရာဖဲသည် သူ့နံဘေးရှိ စားပွဲပေါ်တွင်တင်ထားသော လူဦးခေါင်းခွံပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိနေ ရင်း နောက်တို လှည့်မကြည့်ဘဲနှင့် ထိုင်ကြ၊ ထိုင်ကြဟု ပြောလိုက်၏။



ဆရာဖဲ၏ အိမ်ကြမ်းပြင်ကို ခင်းထားသည့် ကြမ်းခင်း သစ်သားများသည် တော်တော်ကြီးသော ပျဉ်ပြားများ ဖြစ်ကြ၏။ ထုထည်လည်း ကြီးမား၏။

ဒေါ်ခင်မကြီးနှင့် နွဲ့လေးမူတို့သည် ကြမ်းပြင်ပေါ်တွင် မထိုင်ရဲထိုင်ရဲဖြင့် ထိုင်ချလိုက်ကြ၏။

ထိုင်မိကြပြီး မကြာခင်မှာပင် နွဲ့လေးမူ၏ မျက်လုံးများ သည် ကြမ်းခင်း ပျဉ်ပြားများကို မကြည့်ရဲကြည့်ရဲဖြင့် သေသေချာချာ ကြည့်လိုက်ရာ....

ရွှေပေါ်ပြန်ထိုးထားသဖြင့် မထင်မရှား ပေါ်နေသော စာလုံးများကို ဝိုးတဝါး အောက်ပါအတိုင်း တွေ့ရ၏။

ဦးထွန်းသော် အသက် (၇၄) နှစ်။

ထိုသို့တွေ့ရပြီး ချပ်လှမ်းလှမ်းရှိ ပျဉ်ပြားတစ်ချပ်ကို လှမ်း ၍ ကြည့်မိသောအခါတွင်လည်း....

ဒေါ်ခင်စန်း အသက်(၃၄) နှစ်။

ဆိုသည့် သဘော်ခဲဖြင့် ရေးထားသည့် စာတန်းကို ဖတ်ရပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ သချိုင်းက ခေါင်းပျဉ်တွေကို ခွာယူပြီး ကြမ်းခင်းပျဉ်တွေ လုပ်ထားတာပါလား"

ထူးနွဲ့လေးမှုစိတ်ထဲ တွေးလိုက်မိပြီး ကြက်သီးဖြန်းဖြန်း ထသွားပါလေ၏။

နေရာမှ ဝုန်းခနဲထကာ အိမ်ကလေးပေါ်မှ ဆင်းပြေးသွားလိုက်ချင်၏။

သို့သော်လည်း ထိုသို့လုပ်၍မဖြစ်၊ ဒေါ်ခင်မေကြီးက ရှိသေးသည်။ သူ့စိတ်ကိုပြန်တင်းကာ နေရာတွင်ပင် ငြိမ်ငြိမ်သက်သက်ကလေး ထိုင်နေလိုက်ရ၏။

ထိုအချိန်တွင် ဆရာဖဲသည် လူရိုးခေါင်းကြီးကို ပါးစပ်မှ ပွစိပွစိဖြင့် ထစ်စုံတစ်ရာပြောကာ ခိုင်းနေ၏။

"ငါပြောတာ ကြားတယ်မဟုတ်လား၊ သင်းကို မှတ်လောက် သားလောက်အောင် ဆုံးမလိုက် ဟုတ်ပြီလား"

နွဲ့လေးမူ ကျောချမ်းသွားမိ၏။

အတန်ကြာသည်အထိ ဆရာဖဲသည် လူရိုးခေါင်းနှင့် တစ်ယောက်တည်း စကားပြောနေပြီးမှ သူတို့ဘက် လှည့်လာသည်။



"ကိုင်း.... ပြော၊ ဘာကိစ္စရှိလို့ ကျုပ်ဆီရောက်လာတာလဲ"

လူရိုးခေါင်းဘက်မှ ဆတ်ခနဲလှည့်ပြီး အသံဝါကြီးဖြင့် မေးလိုက်ရာ နွဲ့လေးမူသာမက ဒေါ်ခင်မေကြီးပါ တုန်ခနဲဖြစ်သွား၏။

"ပြောလေ....ပြောကြ၊ ကျုပ်ဆီရောက်လာမှတော့ ဘာမှမကြောက်ကြနဲ့နော်၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မောက်လုံးမောက်ပြား ဘယ်စုန်းကဝေ တစ္ဆေမဆို ကျုပ် ခြေဖဝါးအောက် ရောက်ရစေ့မယ်၊ ကြားကြလား"

"ဟုတ်.... ဟုတ်ကဲ့ဆရာ"

ဒေါ်ခင်မေကြီး အားတင်း၍ ပြန်ဖြေလိုက်မိ၏။

"ဟုတ်ပြီ၊ ကဲ.... ပြော၊ ဘာကိစ္စလာကြသလဲဆိုတာ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဟိုသင်း.... ဒီလိုပါ၊ ဥစ္စာစောင့်နဲ့ တွေ့သက်ပြီး...."

"ဗျာန်း"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေကြီး စကားပင် မဆုံးလိုက်ခင်ကလေးမှာပင် ဆရာဖဲ က ကြမ်းခင်းကို ဗျန်းခနဲ လက်ဝါးဖြင့် ရိုက်လိုက်သောကြောင့် အိမ်ကလေးမှာ သိမ့်သိမ့်တုန်သွားလေ၏။

"သိတယ်.... သိတယ်.... သိနေတယ်လေ၊ ဟုတ်ပါတယ်၊ ဒီကလေးမ အိမ်ပေါ် တက်လာကတည်းက ကျုပ်ကြည့်နေတာ၊ ဉစ္စာစောင့်ဘဝကလာတဲ့ မိန်းကလေးပဲ၊ ရုပ်လက္ခဏာကြည့်ရုံနဲ့တင် အရင်ဘဝက ဉစ္စာစောင့် ဖြစ်ခဲ့တယ်ဆိုတာ မပြောဘဲတောင်သိတယ်၊ကဲ.... ဆိုစမ်း၊ ညည်းဘယ်သိုက်ကလဲ၊ သစ်ယားလေးပင်သိုက်ကလား၊ ကန်ကိုးဆင့်သိုက်ကလား၊ နဂါးရှစ်ကောင်သိုက်ကလား"

ဆရာဖဲ၏ စကားများကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြသည့် ကြားက နွဲ့လေးမူ ရယ်ချင်သွား၏။

စကားကို ဆုံးအောင် နားမထောင်ဘဲနှင့် တလွဲတွေ လျှောက်ပြောနေသည့် ဆရာဖဲကို နွဲ့လေးမူ တွေ့တွေ့ချင်း စိတ်ကုန်ချင်သွားမိ၏။ ဆရာဖဲ ကမူ သူ့စကားကို မရပ်သေး။

"တစ်ဖက် ဘဝက ဉစ္စာစောင့် ဖြစ်လာခဲ့ဖေမယ့် အခုဘဝက တခြားပဲ၊ အာမှဘူနဲ့မဆိုင်ဘူး၊ သူတို့ နှောင့်ယှက်စရာ မလိုတော့ဘူး၊ ကလေးမ မကြောက်နဲ့၊ ဆရာနဲ့ တွေ့နေပြီပဲ၊ ဘာမှကြောက်စရာ မလိုတော့ဘူး"



နွဲ့လေးမူ ပိုပြီးရယ်ချင်သွားသော်လည်း မရယ်မိအောင် မနည်း အောင့်ထားရ လေသည်။

"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်မက ဉစ္စာစောင့်မဟုတ်ပါဘူး"

နွဲ့လေးမူက အလောတကြီး ပြောလိုက်မိ၏။

"ဘာ....ခုမှ မုန်လာဥ လုပ်နေတာလဲ ဟင်၊ နင်တို့သိုက်က လူတွေက တတ်ပဲတတ်နိုင်လွန်းတယ်၊ အခု စာကလေးကြော်၊ အခု ဆီထမင်း လုပ်ဖို့ပဲ စိတ်ကူးနေတယ်၊ ဘာ မဟုတ်ရမှာလဲ၊ ဒီကလေးမကို နင်တို့သိုက်က နှောင့်ယှက်နေတာ မဟုတ်လား"

"ဒိုင်း...."

ဆရာဖဲ က ဒေါသဖြင့် မာမာထန်ထန်ပြောလျက် ဖနောင့်တစ်ချက် ဆောင့်လိုက်ရာ အိမ်ကလေးမှာ တသိမ့်သိမ့် တုန်သွားပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်တွင် နွဲ့လေးမှု သိပ်မကြောက်တော့ဘဲ ရယ်ချင်စိတ်ကသာ ကြီးစိုးနေလေ၏။

ဒေါ်ခင်မေကြီးမှာ သည်အတိုင်း ထိုင်ကြည့်နေ၍ မဖြစ်တော့သည်ကို သိသောကြောင့် ဝင်ရောက် ဖြေရှင်းရန် ကြိုးစားရလေတော့၏။

"ဒါက ဒီလိုရှိပါတယ် ဆရာ"

"ဟုတ်တယ်...ကျုပ်သိတယ်၊ ဒါမျိုးတွေက မူရာ မာယာ သိပ်များတာ၊ ကျုပ်တို့လို ဆရာစစ် ဆရာမှန်နဲ့ တွေ့ရတဲ့အခါ သူတို့ နိုင်ပုံမရလို့ မဟုတ်ပါဘူး၊ ဘာညာနဲ့ ဟိုလိုလို ဒီလိုလို လုပ်ချင်တတ်ကြတယ်"

ယခုအချိန်အထိ ဆရာဖဲကဇွတ်ပြောနေပြန်သောကြောင့် ဒေါ်ခင်မေကြီးသည်ပင်လျှင် စိတ်ညစ်သွားမိသည်။

"မဟုတ်သေးပါဘူး ဆရာ"

"ဟုတ်ပါတယ်၊ ဟုတ်ကို ဟုတ်ပါတယ်"

"မဟုတ်ဘူးဆိုတာက ဒီလိုပါဆရာ"



"ပြော"

"မဟုတ်ဘူး ဆိုတာက ဟိုသင်း... ကျွန်မလာတဲ့ ကိစ္စကိုက ဒီကလေးမအတွက် လာတာ မဟုတ်ပါဘူးဆရာ"

"ဘာ"

ဆရာဖဲ၏ ဘာခနဲ အသံကြီးသည် ဒေါ်ခင်မေကြီးကိုပင် ဟုန်ခနဲ ဖြစ်သွားစေလေသည်။

"ဒါဆိုရင်လဲ ဘာလို့ အစကတည်းက မပြောတာလဲ"

"ပြောမလို့ပါပဲ၊ ဒီလိုပါ ဖြစ်တာက ကျွန်မသားပါ၊ သူ့ကို ဥစ္စာစောင့်မက နှောင့်ယှက်နေလို့"

ဆရာဖဲက နဖူးကြောကြီးကို တွန့်လိုက်၏။

"ဒါဆိုရင်လဲ ခင်ဗျားသားကို ဘာလို့ မခေါ်လာရတာလဲ"

"ကျွန်မသားက လိုက်မှာမဟုတ်ဘူး ဆရာရဲ့၊ ဒါကြောင့် ဆရာ့ကို လာပင့်တာပါ"

"ကျုပ်ကို လာပင့်တာ...ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီး"

"ကျုပ်ကို ပင့်တယ်ဆိုရင်တော့ ခြေကြွခက နည်းမှာ မဟုတ်ဘူးနော်"

"ကျသလောက် ပူဇော်ပါ့မယ် ဆရာကြီးရယ်၊ ကျွန်မ သားနဲ့ အဲဒီ ဥစ္စာစောင့်မနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်သွားအောင်သာ ဆောင်ရွက်ပေးပါ"

"ကောင်းပြီလေ၊ ကျုပ်ဒီကနေ့တော့မလိုက်နိုင်သေးဘူး၊ မနက်ဖြန်ကျမှပဲလာမယ်၊ ခင်ဗျားတို့ အိမ်လိပ်စာကို သေသေချာချာ ပေးခဲ့၊ မပျက်မကွက် ဆက်ဆက် လာခဲ့မယ်.... ဟုတ်ပြီလား၊ ဒီကနေ့တော့ အရေးကြီးတဲ့ ကိစ္စတစ်ခု ဆောင်ရွက်စရာ ရှိသေးတယ်"

"ကောင်းပါပြီ ဆရာကြီး"

"ကိုင်း....ကျုပ်လာခဲ့ရမယ် ဆိုရင်တော့ ခြေကြွခ အရင်ပေးခဲ့ကြ"

"ရပါတယ် ဆရာကြီး....ရပါတယ်"

ဤသို့ဖြင့် ဒေါ်ခင်မေကြီးသည် ဆရာဖဲအား ခြေကြွခ တောင်းသလောက် ပေးခဲ့ရလေသည်။



အပြန်လမ်းတွင် နွဲ့လေးမှုသည် အတော်ကလေး အဝင်မကျ ဖြစ်ခဲ့ရ၏။

ဒေါ်ခင်မေကြီး ကိုယ်တိုင်ကလည်း ဆရာဖဲကို ပင့်သာ ပင့်လာခဲ့ရသည် စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရသည်ကတော့ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### ဆရာဖဲ ထွက်ပြေးခြင်း

ဒေါ်ခင်မေကြီး မှာထားသောကြောင့် နောက်တစ်နေ့တွင် နွဲ့လေးမူက မျိုးဆွေတို့အိမ်သို့ စောစောရောက်နေ၏။

အတန်ကြာသည့်တိုင် ဆရာဖဲ ကို မျှော်နေကြသော်လည်း ဆရာဖဲ ရောက်မလာသေးချေ။

မနက်စာ စားပြီးသည်အထိ ဆရာဖဲ၏ အရိပ်အယောင်ပင် မတွေ့ရ။

ညနေစောင်းသော်လည်း ဆရာဖဲ ရောက်မလာ။



ဒေါ်ခင်မေကြီးနှင့် နွဲ့လေးမူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ဖြစ်ကြ၏။

"ဘယ်လိုလဲ ကြီးမေ၊ ကြီးမေရဲ့ ဆရာဖဲ ဒီကနေ့ လာမှ လာပါတော့မလား မသိဘူးနော်"

"ဟုတ်တယ် သမီး၊ မနက်စောစောလာခဲ့ပါလို့ မှာရဲ့သားနဲ့ ခုချိန်ထိ ဘာလို့ရောက်မလာသေးတာလဲ မပြောတတ်ဘူး၊ မခြကြွခ ငွေတွေတော့ အပြည့်ယူထားလိုက်ပြီး မဟန်သေးပါဘူး၊ ကြီးမေကို ဆရာ ပညာပြပြီလား မပြောတတ်ဘူး၊ ကြီးမေရဲ့ငွေကို ဒီလိုလိမ်ယူလို့တော့ လက်မခံနိုင်ဘူး၊ အကျိုးအကြောင်း သိရအောင်တော့ စုံစမ်းရမယ်"

"ကြီးမေ တစ်ယောက်တည်းသွားပြီး စုံစမ်းမလို့လား"

"သမီးက ထပ်ပြီး မလိုက်ချင်တော့လို့လား"

"ဟုတ်တယ် ကြီးမေ၊ အဲဒီအိမ်ကိုသွားရတာ စိတ်ထဲမှာ မသတီသလိုပဲ၊ သူ့အိမ်က ကြမ်းခင်းတွေကို ကြီးမေ သေသေချာချာ ကြည့်မိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ ကြီးမေရဲ့၊ အဲဒီကြမ်းခင်းပျဉ်တွေဟာ ရိုးရိုးပျဉ်တွေ မဟုတ်ဘူး၊ အခေါင်းအဟောင်းက ပျဉ်တွေကို ဖျက်ပြီးခင်းထားတာ"

"ဟေ...."

ဒေါ်ခင်မေကြီး မျက်လုံးပြူးသွားပြီး ထိုင်ရာမှ ထခုန်မတတ် ဖြစ်သွား၏။

"သမီးပြောတာ အဟုတ်ပဲလား"

"သမီး သေသေချာချာကြည့်မိတာ ကြီးမေ၊ အဟုတ်ကို ခေါင်းပျဉ်တွေ ခင်းထားတာ"

"မြတ်စွာဘုရား.... ဒုက္ခပါပဲ၊ မဖြစ်ဘူး.... မဖြစ်ဘူး၊ ဒီအိမ်ကို နောက်ထပ် ပစ်ခေါက်သွားလို့ မဖြစ်တော့ဘူး၊ ဘုန်းတွေကံတွေနိမ့်ပြီး သနကုန်လိမ့်မယ်"

"ဟုတ်တယ် ကြီးမေ၊ သမီးလဲ အဲဒီကို နောက်ထပ် ဘယ်လိုမှ မသွားချင်တော့ဘူး"



သူတို့နှစ်ဦးသား အချေအတင် ပြောဆိုနေကြစဉ်မှာပင် လူငယ်တစ်ယောက် အိမ်သို့ရောက်လာလေတော့၏။

"ကြီးကြီးက ဒေါ်ခင်မေကြီးပါလားခင်ဗျား"

"အေး.... ဟုတ်တယ် သူငယ်၊ ထိုင်ပါဦး"

လူငယ်က ဒေါ်ခင်မေကြီး ညွှန်ပြသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ဒေါ်ခင်မေကြီးရော နွဲ့လေးမူပါ စိတ်ဝင်စားစွာ ကြည့်နေစဉ် လူငယ်က....

"ကျွန်တော်က ဆရာဖဲ လွှတ်လိုက်တာပါခင်ဗျား"

ဟု ပြောလိုက်၏။

"ဟေ...."

"ဟုတ်ပါတယ် ကြီးကြီး၊ ကျွန်တော် ဆရာဖဲတို့အိမ်နားမှာ နေတာပါ၊ ဆရာဖဲ စာနဲ့ ဟောဒီငွေနဲ့ ပေးခိုင်းလိုက်ပါတယ်"

www.burmeseclassic.com



လူငယ်က ပြောပြောဆိုဆို စာတစ်စောင်နှင့်အတူ မနေ့က ဆရာဖွဲ့အားပေးခဲ့သည့် စရန်ငွေအားလုံးကိုပါ အကျီ[illegible]ရာထဲမှ ထုတ်ပေးလိုက်၏။

ပေးပြီးသည်နှင့် လူငယ်က နှုတ်ဆက်ပြီး ပြန်တော့မည် ပြုလေ၏။

“နေပါဦး ကလေးရဲ့၊ မင်းကို ကြီးမေ မုန့်ဖိုးပေးပါရစေဦး”

“ရပါတယ်ခင်ဗျာ၊ ဒီကိုလာခိုင်းတဲ့အတွက် ဆရာဖွဲ့က ကျွန်တော့်ကို မုန့်ဖိုးပေးလိုက်ပြီးသားပါ”

“ဩော်… ဒီလိုလား၊ ဒါပေမယ့် ကြီးမေဆီကလဲ ယူသွားပါဦးကွယ်”

ဒေါ်ခင်မေကြီးက ပြောပြောဆိုဆို ပိုက်ဆံတစ်ရွက် ထုတ်ပေးလိုက်ရာ လူငယ်လည်း ကျေးဇူးတင်စကားပြော၍ ယူငင်ကာ နှုတ်ဆက်ထွက်ခွာသွားလေတော့၏။

“ကဲ… ကဲ၊ သူ့စာကို အသံထွက် ဖတ်စမ်းပါသမီးရယ်”



ဒေါ်ခင်မေကြီးက နွဲ့လေးမူကို စာချက်ချင်းဖတ်ခိုင်းလေ နွဲ့လေးမူလည်း အောက်ပါအတိုင်း ဖတ်ပြရလေတော့၏။

ဒေါ်ခင်မေကြီးခင်ဗျား…

ကျုပ် ဆရာဖွဲ စာရေးလိုက်ပါတယ်၊ ခင်ဗျားရဲ့ အလုပ်ကို လက်ခံမိတဲ့အတွက် ကျုပ် ညက အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ မိန်းမတစ်ယောက်က ကျုပ်ကို ခင်ဗျားတို့ခိုင်းတဲ့ကိစ္စ မလုပ်ပေးဖို့ တားတယ်၊ ကျုပ်က လုပ်ရင် ဘာဖြစ်မလဲလို့ ပြန်မေးတော့ အကြောင်းသိမှာပေါ့လို့ပြောပြီး ပျောက်သွားတယ်။

အိပ်မက်မက်လို့ ပြီးတာနဲ့ ကျုပ်လဲ ဝမ်းတွေ ထ ပြီးသွားလိုက်တာ မြော့မြော့ပဲ ကျန်တော့တယ်၊ အစားလဲ လုံးဝမမှားဘဲနဲ့ ဖြစ်တာဗျို့။

ဒါဟာ ဥစ္စာစောင့်မရဲ့ လက်ချက်ပဲဖြစ်လိမ့်မယ်၊ တကယ်လုပ်မပေးရသေးတဲ့တောင်ခုလိုဖြစ်တာ၊ လုပ်များ လုပ်ပေးမိရင် ကျုပ်ကို အသေသတ်မှာ သေချာတယ်။

www.burmeseclassic.com



ကျူပ် မလုပ်ရဲတော့ဘူး။
ဒီရွာမှာလဲ မနေရဲတော့ဘူး။
ဒီအတွက် စရန်ငွေလဲ ပြန်ပြီးပေးလိုက်ပါတယ်။
မဆောင်ရွက်ပေးနိုင်လို့ စိတ်မကောင်းဘူး။

ဆရာဖဲ ။

နွဲ့လေးမူက ဆရာဖဲ၏စာကို ဆုံးအောင် ဖတ်လိုက်ပြီးနောက် ဒေါ်ခင်မေကြီးနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်ကြ၏။

အံ့ဩလွန်းသဖြင့် နှစ်ယောက်စလုံး ကြက်သေသေကာ ဘာမျှမပြောဖြစ်ကြ။

ဆရာဖဲ၏ အဖြစ်အပျက်သည် ယုံနိုင်စရာမရှိ။

ကာယကံရှင်က စာတစ်စောင်ပေတစ်ဖွဲ့ဖြင့် အကြောင်းကြားလိုက်၍သာ ယုံကြည့်ရခြင်းဖြစ်၏။

ဒေါ်ခင်မေကြီးသည် အံ့ဩလွန်းသည်ထက် သားဖြစ်သူမျိုးဆွေ၏ဝေဒနာကို မည်ကဲ့သို့ ကုသရမည် မသိတော့၍ ပူပင်သောကရောက်ခြင်းက ပို၍ဆိုးရွားနေလေတော့၏။



"ဒါဆိုရင် ကြီးမေတို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ သမီး"

နွဲ့လေးမူလည်း ထိုမေးခွန်းအတွက် ချက်ချင်း မဖြေနိုင်။

"ဒီကိစ္စ...တို့တစ်တွေဘယ်သူ့အကူအညီတောင်းကြမလဲ၊ နန်းတော်ဦးဆရာတော်ဆီ သွားရင် ကောင်းမလားမဲ့"

နွဲ့လေးမူက ခေါင်းကို ယမ်းခါလိုက်၏။

"ဒီကိစ္စမျိုးတွေကို သာသနာ့ဘောင်ထဲက သံဃာတော်တွေဆီသွားပြီး ပူမတတ်ရင် ကောင်းလိမ့်မယ်လို့ သမီးတော့ ထင်တယ်၊ ဆရာတော်တွေက ပရိယတ် ပဋိပတ် အလုပ်တွေ လုပ်နေရလို့ အားချိန် နားချိန်တောင် ရှိတာမဟုတ်ဘူး"

"ဒါဆို.... ဘယ်လိုလုပ်ကြမလဲ"

"ကိုမိုးဦးနဲ့တိုင်ပင်ပြီး သမီးတို့ အတတ်နိုင်ဆုံးကြိုးစားကြတာပေါ့ ကြီးမေ"

"လုပ်ကြပါ၊ မြန်မြန်လုပ်ကြစမ်းပါ၊ သားလေး တစ်စုံတစ်ခုမဖြစ်ခင် မြန်မြန်လေး ကြိုးစားကြပါ၊ သမီးရယ်...

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေတော့ သားဇေးဇော်နဲ့ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး၊ ကြည့်လေ.... ဒီမြို့မှာ နာမည်အကြီးဆုံး ဆရာဖဲကြီးတောင် လက်မြှောက်ပြီး ထွက်ပြေး သွားရပြီဆို တော့ အဲဒီဥစ္စာစောင့်မက ဘယ်လောက်တောင် အစွမ်း ထက်နေသလဲမှ မသိတာသမီးရဲ့"

"ဟုတ်တယ်နော်"

"ကြီးမေကြားဖူးတာတော့.... သူ့ပါရမီနဲ့သူ ဒီလိုကိစ္စ မျိုးတွေမှာ အစွမ်းသိဒ္ဓိ တော်တော်ရှိကြတဲ့သူတွေ ရှိတယ် တဲ့၊ နတ်တန်ခိုးလောက်ရှိတဲ့သူတွေတောင် ရှိဆိုပဲ"

"ဘာပဲဖြစ်ဖြစ်လေ.... ကြီးမေ.... သမီးတို့ ကိုကို့အတွက် အကောင်းဆုံး ကြိုးစားကြမှာပါ"

နွဲ့လေးမူက ဒေါ်ခင်မေကြီးကို နှစ်သိမ့်လိုက်ပြီးနောက် ကိုကိုမျိုးဆွေ အခန်းသို့ သွားမည်အပြု အိမ်ဖော်မလေး နန်းစိန်က....

"ကိုကိုကြီးမျိုးဆွေမရှိဘူး မမလေး"

"သူ....ဘယ်သွားလို့လဲ"



"မနက်ကတည်းက ထွက်သွားတာ.... ခုထိပြန်မလာသေး ဘူး မမလေးရဲ့"

"ကြည့်စမ်း....သူမရှိဘူးလား"

ဒေါ်ခင်မေကြီးက နန်းစိန်ကို လှမ်းမေးလိုက်၏။

"ဟုတ်ကဲ့ကြီးမေ.... နောက်ဖေး လှေကားကနေဆင်းပြီး နောက်ဖေးခြံပေါက်ကနေ အပြင်ထွက်သွားတာပဲ၊ ကျွန်မ က.... ဘယ်သွားမလို့လဲ ကိုကိုကြီးလို့ မေးတော့လဲ...ပြန် မဖြေဘူး၊ လှည့်လဲမကြည့်ဘူး၊ ခြေလှမ်းကျဲကြီးနဲ့ ခပ်သုတ် သုတ် ထွက်သွားတာပဲ"

ဒေါ်ခင်မေကြီး စိတ်ညစ်သွား၏။

"ဆရာဖဲ လာလိမ့်မယ်....ဘယ်မှမသွားပါနဲ့လို့ သေသေ ချာချာပြောထားရဲ့သားနဲ့၊ သားတစ်ယောက်တော့ ခက် တာပဲ"

"ကြီးမေက ဆရာဖဲလာမယ်လို့ သွားပြီးပြောလိုက်တော့ တမင်ရှောင်ထွက်သွားတာနေမှာပေါ့ ကြီးမေရဲ့"

"ဟုတ်မှာ....ဟုတ်မှာ.... ဘယ်တွေများ လျှောက်သွားနေ သလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်စိတ်ပူ မနေပါနဲ့ကြီးမေရယ်.... သူ ကိုမိုးဦးတို့ဆီ ရောက်ချင် ရောက်နေမှာပေါ့"

ပြောမည့်သာပြောလိုက်ရသည် နွဲ့လေးမူရင်ထဲလည်း ပူနေသည်။

မဖြစ်သင့်တာတွေ ဖြစ်မလာပါနဲ့ဟု ဆုတောင်းယုံမှလွဲ၍ လောလောဆယ် ဘာလုပ်ရမည် မသိသေး။

★

## အခန်း (၁၄)

### အဖြေမထွက်သည့် ပုစ္ဆာ

"ဟင်.... ကိုမိုးဦးဆီလဲတစ်နေ့လုံး ကိုကိုရောက်မလာဘူး ဟုတ်လား"

နွဲ့လေးမူ မိုးဦးတို့အိမ်သို့ ရောက်သောအခါ မျိုးဆွေ မလာကြောင်းသိရသဖြင့် ပို၍ ပူပင်သွား၏။

"သိမ်စိတ်မပူပါနဲ့နွဲ့လေးမူရယ်၊ သူ....တခြားကိုသွားမှာ မဟုတ်ဘူး၊ ဟိုနားဒီနားလျှောက်ပဲသွားမှာပါ"

နွဲ့လေးမူက သူနှင့် ဒေါ်ခင်မေကြီးတို့ ပယောဂဆရာ ဆရာဖဲထံသွားကြသည့်အကြောင်း ဖြစ်ပုံပျက်ပုံ အလုံးစုံကို မိုးဦးအား ပြောပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးဦးသည် ခေါင်းတဆတ်ဆတ် ညိတ်လျက် မှတ်ချက်ချ၏။

"အံ့တော့အံ့ဩချင်စရာ ထူးခြားမှုပေါ့နော်....ဒါပေမယ့် ဒါကို....အမှန်လို့လဲ တထစ်ချ မမှတ်လိုက်ပါနဲ့ဦး နွဲ့လေးမူ၊ ဆရာဖဲ ဝမ်းပျက်မယ့်ရက်နဲ့ ဒီအဖြစ်အပျက်တွေ တိုက်ဆိုင်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါဆို.... ဆရာဖဲ အိပ်မက် မက်တာ ကျတော့ကော၊ အိပ်မက်ထဲမှာ ဟိုဥစ္စာစောင့်မက ကြိမ်းမောင်းတယ်ဆိုတာကကော"

"ဒါလဲ...ဆရာဖဲ စိတ်စွဲလမ်းသွားတာ ဖြစ်နိုင်ပါတယ် နွဲ့လေးမူ၊ သိပ်လဲ ပူပူလောလောတွေ မဖြစ်ပါနဲ့၊ အဲ.... တစ်ခုတော့ ရှိတာပေါ့လေ.... နွဲ့လေးမူတို့ လက်ထပ်မယ့်ရက်ကိုတော့ ခဏဆိုင်းထားစေချင်တယ်၊ သိပ်ပြီးရှုပ်ထွေးသွားမှာစိုးလို့ ပြောတာပါ"

"ကိုမိုးဦးက ဆိုင်းထားစေချင်ရင်လဲ.... ဆိုင်းရမှာပေါ့ရှင်၊ အရေးကြီးတာက ကိုကိုမျိုးဆွေ တစ်ခုခု မဖြစ်ဖို့ဘဲ"



"ချက်ချင်းကြီးတော့ ဒုက္ခဆုတ်သွားမယ် မထင်ပါဘူး နွဲ့လေးမူရယ်... တကယ်လို့ လိုအပ်မယ်ဆိုရင် ကျွန်တော့်မှာ လောကီလမ်းစဉ်နဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် နားလည်တဲ့ ဦးလေးတစ်ယောက် ရှိပါတယ်"

"ဟုတ်လား....ကိုမိုးဦး၊ သူကဘယ်မှာနေတာလဲ၊ ကျွန်မပါ တစ်ခါတည်း လိုက်ခဲ့ရမှာလား"

မိုးဦးက ခေါင်းကို ယမ်းခါလိုက်၏။

"ကျွန်တော့် ဦးလေးက ဒီမှာမဟုတ်ဘူး နွဲ့လေးမူရဲ့၊ ရန်ကုန် မြောက်ဥက္ကလာပမှာနေတာ၊ ကုဏ္ဍသာယ ဆရာဟိန်းလို့ ခေါ်တယ်၊ သူက....ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရလို့ခေါ်တဲ့ လောကီပညာရပ်တွေကျွမ်းကျင်တယ်၊ တကယ်တမ်း အဲဒီကိစ္စတွေနဲ့ ပတ်သက်နေရင် သူအကူအညီပေးနိုင်တယ်"

"ဟုတ်လား ကိုမိုးဦး၊ အဲဒီ ကုဏ္ဍသာယ ဆရာဟိန်းနဲ့ ဘယ်လို ဆက်သွယ်နိုင်မလဲ"

"အင်း....သူနဲ့ဆက်သွယ်ရင်တော့ တယ်လီဖုန်းနဲ့ ဆက်သွယ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လဲ မြန်မြန်ဆက်သွယ်ပြီး အကူအညီ တောင်းပေးပါလား ကိုမိုးဦးရယ်၊ လိုအပ်ရင်လဲ ဒီကိုပင့်ကြရအောင်လေ၊ မြန်မြန်လာနိုင်အောင် ဖလိုက်နဲ့ဖြစ်ဖြစ် မင့်တာပေါ့"

"နေပါဦး....နေပါဦး....နွဲ့လေးမူ၊ ဒီလောက်လဲ ဆန္ဒမစောပါနဲ့၊ ဦးလေးနဲ့ တယ်လီဖုန်း ပြောကြည့်တဲ့အခါမှာ သူ ဘယ်လို စီစဉ်ညွှန်ကြားမလဲဆိုတာကို ကြည့်ပြီးမှ သူ့ကို ခေါ်ဖို့ လို မလိုဆိုတာကို ဆုံးဖြတ်ရမှာ"

"ဩော်....ဟုတ်လား"

"ဟုတ်တယ် နွဲ့လေးမူ၊ ကျွန်တော့်ရဲ့ ဦးလေး ဂုဏ္ဍာသယ ဆရာဟိန်းက အလုပ် လုပ်ရင် စည်းစနစ် ကျတယ်၊ တိကျပြတ်သားတယ်၊ သူခန့်မှန်းတွက်ချက်တဲ့ အကြောင်းအရာတွေဟာလဲ လွဲခဲတယ်"

"ဒါဖြင့်လဲ မြန်မြန် ဆက်သွယ်ကြည့်ပါလား ကိုမိုးဦး"

မိုးဦးက ခေါင်းကို ဆတ်ညိတ်လိုက်၏။



"ကောင်းပြီလေ နွဲ့လေးမူ၊ အခုပဲ ကျွန်တော်ဆက်ကြည့်လိုက်ပါမယ်"

ပြောပြောဆိုဆို မိုးဦးက တယ်လီဖုန်းထားသည့်ဆက်တီခုံဘက်သို့ ရွှေ့ထိုင်လိုက်သည်။

ထို့နောက် တယ်လီဖုန်းနံပါတ်များကို နှိပ်လိုက်သည်။

"ဟဲလို....ဆရာဟိန်း အိမ်ကပါလား ခင်ဗျာ၊ ဩော်....ဒေါ်လေးလား၊ ဘယ်လိုလဲ ဒေါ်လေး နေထိုင်ကောင်းကြရဲ့လား၊ ဦးလေးဟိန်းကော....ခင်ဗျာ....ဦးလေးဟိန်းမရှိဘူးဟုတ်လား၊ တိဗက်ကဖိတ်လို့ သွားတယ်၊ သုံးလလောက်ကြာမယ်....ဟုတ်လား၊ အာ....ဒုက္ခပါပဲ၊ ဩော်....မဟုတ်ပါဘူး၊ ဒါပဲ ဒေါ်လေး၊ ဦးလေးဟိန်း မြန်ရောက်လောက်မှ ကျွန်တော် တစ်ခါထပ်ဆက်ဦးမယ်"

မိုးဦးက တယ်လီဖုန်းကို စိတ်ပျက်လက်ပျက်အမူအရာဖြင့် မြန်ချထားလိုက်၏။

"ဘာတဲ့လဲ ကိုမိုးဦး၊ ကိုမိုးဦးရဲ့ ဦးလေးက ခရီးထွက်နေတယ်တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နွဲ့လေးမှူ၊ ဦးလေးဟိန်းက တိဗက်ကို သွားနေတယ်တဲ့၊ သုံးလတောင် ကြာမှာဆိုပဲ"

"ဒါဆို ကိုကိုမျိုးဆွေကိစ္စက ဘယ်လိုလုပ်ကြမလဲ ဟင်၊ ကိုမိုးဦး"

နွဲ့လေးမှူ မျက်စိပျက် မျက်နှာပျက်ဖြင့် မေးသည်။

"အင်းလေ....တစ်နည်းနည်းတော့ ကြံကြရမှာပေါ့၊ ဒီကြားထဲ သူ့ဘက်က အခြေအနေပိုပြီး ဆိုးမလာပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ နွဲ့လေးမှူ"

"ကျွန်မတော့ စိတ်သိပ်ညစ်တာပဲ ကိုမိုးဦးရယ်၊ ကိုကို့အတွက် သိပ်ပြီး စိုးရိမ်တာပဲ"

"စိုးရိမ်တာတော့ ကျွန်တော်လဲ မလိမ်တမ်း မညာတမ်း ဝန်ခံရမယ်ဆိုရင် စိုးရိမ်တာပါပဲ၊ ဒါပေမယ့် သိပ်ပြီး ပျာယာခတ်လို့တော့ မဖြစ်ဘူး၊ အခြေအနေကို အကဲခတ်ပြီး လုပ်သင့်လုပ်ထိုက်တာ လုပ်ရမှာပဲ"

"ကိုမိုးဦး ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"



နွဲ့လေးမှူက စိတ်ထက်သန်စွာဖြင့် မေးလိုက်၏။

"ကျွန်တော့်ရဲ့သူငယ်ချင်း စိတ်ရောဂါကုဆရာဝန်ထက်ယောက်နဲ့တော့ အရင်တိုင်ပင်ကြည့်လိုက်ဦးမယ်လေ"

"စိတ်ရောဂါကု ဆရာဝန်...."

နွဲ့လေးမှူက အံ့ဩစွာဖြင့် ပြန်မေးသည်။

"ဟုတ်တယ်လေ နွဲ့လေးမှူ၊ ဘာဖြစ်လို့လဲ"

"ကိုမိုးဦးက ကိုကို့ကို စိတ်ရောဂါလို့ပဲ ထင်နေတုန်းပဲလား...."

"ယတိပြတ် ဘာကိုမှ ပြောလို့မရသေးဘူး နွဲ့လေးမှူ၊ ဖြစ်ဖို့များတာကတော့ စိတ်ရောဂါပါပဲ၊ ဒီလိုအစွဲအလမ်းတွေက ငယ်ငယ်ကတည်းက စခဲ့တာဆိုတော့ အချိန်ကြာလာတာနဲ့အမျှ အဆောက်အအုံကြီးမားလာတာ၏ ကြွတာမျိုးပဲ မဟုတ်လား"

နွဲ့လေးမှူ တွေတွေကလေး စဉ်းစားနေမိ၏။

အတန်ကြာမှ....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ အဲဒီစိတ်အစွဲအလမ်းဆိုတာထက် ပိုနေမလား၊ ထူးခြားတဲ့ အဖြစ်အပျက် ဖြစ်နေမလား စဉ်းစားမိတယ် ကိုမိုးဦး"

ဟု၍ ပြောလေ၏။

"ဘယ်လိုလဲနွဲ့လေးမူ၊ နွဲ့လေးမူကပါ ယုံကြည် လက်ခံလိုက်တော့မလို့လား"

"ပြောရခက်တယ် ကိုမိုးဦး၊ ကျွန်မတော့... ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"ကျွန်တော်လဲ ဒီကိစ္စကို တော်တော် ဦးနှောက် စားနေရတယ်၊ ဒါမျိုး မကြုံဖူးသေးဘူး၊ ဒီတစ်ခါပဲ ထူးထူးခြားခြားကြုံရတယ်၊ ကြုံမယ့် ကြုံတော့လဲ... ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး ဖြစ်နေတယ်၊ ပြီးတော့လဲ... ပညာတတ်တစ်ယောက်၊ တကယ့်ကို မယုံချင်စရာဘဲ"

"စိတ်ညစ်တယ် ကိုမိုးဦးရယ်"

နွဲ့လေးမူက ညည်းလိုက်၏။

"ဒီကောက်လဲ စိတ်မညစ်ပါနဲ့နွဲ့လေးမူရယ်၊ တစ်နည်းနည်းနဲ့တော့ အဖြေရှာတွေ့မှာပါ"



မိုးဦးက နွဲ့လေးမူ စိတ်ပြေလက်ပျောက်ဖြစ်မည့် စကားလုံးတွေ ရှာပြီးပြောသည်။

ပြောမည့်သာပြောရသည် ဤကိစ္စမှာ သူကိုယ်တိုင်လည်း အဖြေမထွက်သည့် ပုစ္ဆာတစ်ပုဒ်ကိုထုတ်နေရသလိုမျိုးခံစားနေရသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

### နားမလည်နိုင်သော ဓာတ်လမ်းတစ်ပုဒ်

မျိုးဆွေ ပြောလိုက်သည့် စကားကြောင့် မိုးဦး အံ့အာ
သင့်သွားသည်။

"ဘာဖြစ်တယ်" မျိုးဆွေ၊ မင်းရဲ့စောနန်းရှင်က ရွှေ
လျှို့ဘက်ကို လာခဲ့ရမယ်လို့ပြောတယ် ဟုတ်လား"

"ဟုတ်တယ်မိုးဦး၊ သူနဲ့နီးချင်ရင်.... အတူ နေချင်
ရွှေနဒီလျှို့ဘက်ကို လာခဲ့ရမယ်လို့ စောနန်းရှင်က ပြေ
တယ်"



"မင်းကကော အဲဒီကိုသွားဖို့ ဆုံးဖြတ်ပြီးပြီလား"

မျိုးဆွေက ချက်ချင်း အဖြေမပေးဘဲ အဝေးသို့ ငေး
ကြည့်နေသည်။

"မျိုးဆွေ....မင်းကို ငါမေးနေတယ်လေ"

"ဘာကိုလဲ"

"ဟာ....ဒီကောင် သေတော့မှာပဲ၊ အဲဒီကိုသွားဖို့ ဆုံး
ဖြတ်ပြီးပြီလားလို့ မေးနေတာ"

"ငါ.... စောနန်းရှင်ကို ဖွဲလမ်းနေမိတာတော့ အမှန်ပဲ
သူငယ်ချင်း"

"ငါ့အနေနဲ့ပြောရရင်တော့ မင်း.... အဲဒီအကြံကို စွန့်
လွှတ်လိုက်ပါ၊ ရွှေနဒီလျှို့ဘက်ကို မင်းသွားတာနဲ့ မင်းရဲ့
အဝမှာ မဖြစ်သင့်တာတွေ ဖြစ်လာနိုင်တယ်လို့ ငါတော့
ယူဆတယ် သူငယ်ချင်း"

"ဘာပဲဖြစ်ဖြစ်.... စောနန်းရှင်ကို ငါမခွဲနိုင်တော့ဘူး
မိုးဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်.... နွဲ့လေးမူကိုကျတော့ မင်းဘယ်လို သဘောထားမလဲ"

"နွဲ့လေးမူဟာ.... ငါ့ရဲ့ တရားဝင်ချစ်သူ မဟုတ်ဘူးလို့ မင်းကို ပြောဖူးတယ်ထင်တယ်"

"ဒါတော့.... ဒါပေါ့ကွာ၊ ဒါပေမယ့် ဒီကနေ့အခြေအနေက မင်းသူ့ကို မကြာခင် လက်ထပ် ယူရတော့မှာ"

"ငါ... နွဲ့လေးမူကို ဘယ်လိုမှ လက်ထပ်ယူလို့ မဖြစ်တော့ဘူး မိုးဦး"

"ဘာလို့လဲ"

"နွဲ့လေးမူကို လက်ထပ်လိုက်မယ်ဆိုရင် မဖြစ်သင့်တာတွေ အဲဒီတော့မှ တကယ်ဖြစ်လာမှာ သူငယ်ချင်း၊ စောနန်းရှင်က ငါတို့ရဲ့မင်္ဂလာပွဲကို လက်ပိုက် ကြည့်နေမှာ မဟုတ်ဘူး၊ အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်"

"မင်း သိပ်အယူသီးလွန်းနေပြီထင်တယ် မိုးဆွေ"

မျိုးဆွေက ခေါင်းကို ယမ်းခါလိုက်၏။



"ငါ အယူသီးတာ မဟုတ်ဘူး၊ အရှေ့အကြိုကြိုနိုင်တဲ့ ကိစ္စကို ပြောနေတာ၊ မင်း စောနန်းရှင်ကို မျှော်လင့်လို့"

"ဘာပဲဖြစ်ဖြစ်ပါ၊ မင်းအနေနဲ့ ရွှေနဒီလျှိုဘက်ကိုတော့ မသွားသင့်ဘူးလို့ ငါထင်တယ် မျိုးဆွေ"

မျိုးဆွေက ဘာမှပြန်မပြောဘဲ ခပ်တွေတွေကြီး လုပ်နေသည်။

"ဘယ့်နှယ်လဲ မျိုးဆွေ၊ ငါပြောတာ ကြားရဲ့လား"

"ဘာကိုလဲ"

"ရွှေနဒီလျှိုဘက်ကို မင်း မသွားသင့်ဘူးလို့ ပြောနေတာ"

မျိုးဆွေက တွေဝေဝေကြီး လုပ်နေပြန်၏။

"ဘယ့်နှယ်လဲ မျိုးဆွေ၊ မင်း အဲဒီကိုမသွားပါဘူးလို့ ငါ့ကို ကတိပေးနိုင်ပါမလား"

"ကတိ၊ ဟုတ်လား"

www.burmeseclassic.com



"ဟုတ်တယ်၊ မင်း အဲဒီကတိကိုပေးရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်း အဲဒီရွှေနဒီလျှိုဘက်ကိုသွားရင် တစ်ခုခုဖြစ်သွားနိုင်တယ်၊ဒါကြောင့် အချစ်ဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ မင်းကိုတားတာ၊ မင်းကို ဘာမှ မဖြစ်စေချင်လို့"

မျိုးဆွေက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်၏။

"ငါက စောနန်းရှင်ကို ကတိပေးလိုက်ပြီးပြီ"

မျိုးဆွေ၏စကားကြောင့် မိုးဦး တွန့်ခနဲဖြစ်သွား၏။

"ဘာ... စောနန်းရှင်ကို ကတိပေးလိုက်ပြီ ဟုတ်လား"

"အင်း..."

"ဘာကတိလဲ"

"ရွှေနဒီလျှိုဘက်ကို လာခဲ့မယ်ဆိုတဲ့ ကတိပေါ့"

"ဟာ...ကွာ၊ မင်း မဟုတ်တာတွေ လျှောက်လုပ်နေတာပဲ၊ အားလေ ကိစ္စတော့ မရှိပါဘူး၊ ဒါ အရေးသိပ်မကြီးပါဘူး"



"အရေးမကြီးဘူး ဟုတ်လား၊ ဘာဖြစ်လို့ အရေးမကြီးရမှာလဲ"

"မင်းရဲ့ စောနန်းရှင်ဆိုတာ လူသားတစ်ယောက်မှ မဟုတ်တာ၊ မင်း သိပ်ဂရုစိုက်စရာ မလိုပါဘူး"

"ဘာကွ၊ မင်း အဲသလိုတော့မပြောနဲ့ မိုးဦး၊ စောနန်းရှင်ဟာလဲ လူပါပဲ"

"လူပေမယ့် မင်းပြောသလိုဆို သူဟာ ပရလောကသားပဲ၊ တို့နဲ့ ဘဝချင်းမတူဘူး"

"ဘဝချင်းမတူတာနဲ့ ကတိကဝတ်ကို ဖျက်သင့်သလား မိုးဦး"

"မင်းတောင်မှ နှုတ်ဆေးမှုကို လက်ထပ်ယူပါမယ်ဆိုတဲ့ ကတိကို ဖျက်သေးတာပဲ မျိုးဆွေရာ"

"ဒါကတော့...."

"တော်တော့ မျိုးဆွေ၊ မင်း ဆင်ခြေတွေ သိပ်တက်မနေနဲ့၊ ငါကတော့ ရွှေနဒီလျှိုဘက် မင်းသွားမယ့် အကြံ

www.burmeseclassic.com

www.burmeseclassic.com



အစည်ကို လက်မခံနိုင်ဘူး၊ မင်း အဲဒီကို မသွားဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ပိတ်ပင်ရမှာပဲ၊ ပြီးတော့ မင်းနဲ့ နွဲ့လေးမူ တို့ လက်ထပ်ရေးကို အမြန်ဆုံး ကြိုးစားရမှာပဲ"

မျိုးဆွေက လက်နှစ်ဖက် ယမ်းခါပြလိုက်သည်။

"မလုပ်နဲ့ မိုးဦး၊ ဒါတော့ မင်း မကြိုးစားပါနဲ့၊ ငါရော နွဲ့လေးမူရော ဒုက္ခလှလှကြီး ရောက်မယ့်ကိစ္စမို့ ပြောနေတာပါကွာ"

မျိုးဆွေ၏ လေသံက တောင်းပန်တိုးလျှိုးသံ ပေါက်နေသည်။

"ဘာလဲ၊ မင်းက စောနန်းရှင်ရဲ့ ပြောစကားနဲ့ သိပ်ပြီး ကြောက်လန့်နေပြီလားကွ၊ တကယ်တော့ လောကကြီးမှာ အရာရာဟာ ဖြစ်ချင်တိုင်းလဲ မဖြစ်နိုင်ကြပါဘူးကွာ၊ သိပ်ပြီးတော့လဲ မကြောက်ပါနဲ့"

"မင်း စောနန်းရှင်ကို အထင်သေးလွန်းနေပြီ"



"အေး.... မင်းလဲ စောနန်းရှင်ကို အထင်ကြီးလွန်းနေပြီ မျိုးဆွေ"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် စိုက်ကြည့်ဖြစ်လိုက်ကြ၏။

ပထမဆုံး အကြည့်လွှဲဖြစ်သည်က မျိုးဆွေ ဖြစ်သည်။

မျိုးဆွေ ရင်ထဲ အသည်းထဲမှာ နေရာယူနေသူက စောနန်းရှင် ဖြစ်နေကြောင်း သူငယ်ချင်းဖြစ်သူ မိုးဦး လက်မခံနိုင်သည့်အတွက်မူ မျိုးဆွေ အပြစ်မယူချင်ပါ။

သူ့အဖြစ်အမျက်က မိုးဦးသာမဟုတ်၊ မည်သူ တစ်ဦးတစ်ယောက်မှလည်း နားလည်လက်ခံနိုင်မည် မထင်ပါ။

နားလည်အောင်လည်း မျိုးဆွေ ဘယ်လိုမျှ မရှင်းပြတတ်ချေ။

စောနန်းရှင် နှင့် သူ တွေ့ထိ ချစ်ကျွမ်း ဝင်ခဲ့ရသည့် မှုံသဏ္ဍာန် အနေအထားမျိုးကို ကိုယ်ချင်းစာ နားလည်နိုင်ရန် မလွယ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း နားမလည်နိုင်သည့်သူများကိုလည်း အပြစ်တင်ချင်၍ မရ။

စောနန်းရှင်နှင့် မျိုးဆွေတို့၏ ဇာတ်လမ်း ကလည်း ဆန်းနေသည် မဟုတ်လား။

★

## အခန်း (၁၆)

### ချစ်သူ ခေါ်ရာ

စောနန်းရှင်၏ ဆန္ဒကို မျိုးဆွေ မဆန့်ကျင်နိုင်ချေ။

"မောင်မျိုး ... ရှ၊ မမလေး စောနန်းရှင်ကို တကယ်ချစ်တယ်ဆိုရင် မမလေးပြောတဲ့ စကားကို နားထောင်ပါ၊ ရွှေနဒီလျှို ကြီးရှိတဲ့ နေရာကို လာခဲ့ပါ၊ ဟိုတုန်းက ကတ္တီပါပင်ကြီးနားကို လာခဲ့ပါ၊ အဲသလို မောင်မျိုးဆွေ လာခဲ့မှ မမလေးနဲ့ ထာဝစဉ် နီးရမှာ၊ မမလေးနဲ့ မောင်မျိုးဆွေ အတူနေကြရမှာ"

www.burmeseclassic.com

www.burmeseclassic.com



စောနန်းရှင် ပြောသည့်စကားတွေက မျိုးဆွေ၏ နား ထဲတွင် ပဲ့တင်ထပ်မျှ ကြားနေရသည်။

ချစ်ဖွယ်ကောင်းသော စောနန်းရှင်၏ မျက်နှာကလေး ကိုလည်း အာရုံထဲတွင် မြင်နေရသည်။

အိပ်မက်ဆန်သည့် စောနန်းရှင်နှင့် တွေ့ထိသာယာခဲ့ သော အဖြစ်အပျက်များကိုလည်း မေ့ဖျောက်၍မရ။

မျိုးဆွေ၏ စိတ်ထဲ၊ နှလုံးသားထဲ၊ အသွေးထဲ၊ အသား ထဲ၊ အရိုး၊ အကြောထဲတွင်ပါ စောနန်းရှင်က နေရာယူ ထားသည်။

စောနန်းရှင်သည်သာ သူ့ကမ္ဘာဖြစ်နေသည့် မျိုးဆွေ သည် စောနန်းရှင် ခေါ်ထားသည့် ရွှေနဒီလျှို ရှိရာသို့ မသွားဘဲ မနေနိုင်တော့ချေ။

အိမ်သားများ အလစ်တွင် မောင်မျိုးဆွေသည် ရွှေနဒီ လျှိုရှိရာဘက်သို့ အိပ်မက်မက်၍ ယောင်ယမ်းလမ်းလျှောက် နေသည့်သူ တစ်ယောက်ကဲ့သို့ရှိသည်။



သူသည် နှစ်ပေါင်းများစွာ မသွားဘဲနေသည်မှာ ကြာ ပြီဖြစ်သော ရွှေနဒီလျှိုဘက်သို့ သွားရာလမ်းကို မေ့ပျောက် နေပြီဖြစ်သည်။

သို့သော်....

သိစိတ်က မေ့ပျောက်နေပြီဖြစ်သော်လည်း ပိုမိုအင်အား ကြီးမားသော မသိစိတ်ကမူ မှတ်မိနေဟန်တူသည်။

အိပ်မက်မှ ယောင်ယမ်းလျှောက်နေသည့်ပုံ ဖြစ်သော် လည်း သူသည် တိမ်းချော်လွဲဖယ်မသွားခဲ့ချေ။

တန်းတန်းမတ်မတ်ပင် လျှောက်လှမ်း သွားနိုင်ခဲ့သည်။

မကြာခင် အတွင်းမှာပင် ကတွတ်ပင်ကြီး ရှိရာနားသို့ ရောက်လာခဲ့၏။

ကတွတ်ပင်ကြီးသည် သက်တမ်းကြာရှည်ပြီ ဖြစ်သော ကြောင့် အိုမင်းလျက် ရှိနေပြီ။

သို့သော်လည်း ကတွတ်သီးတွေကမူ ပြွတ်ခဲနေအောင် သီးတုန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကတ္တတ်ပင်ကြီးနားရောက်သည်နှင့် မျိုးဆွေ၏ နှာခေါင်းဝတွင် သင်းပျံ့သော ရနံ့များ မွှန်ထွန်လာသည်။

ထိုရနံ့များသည် စောနန်းရှင် ရောက်လာလျှင် ရလေ့ရှိသည့် ရနံ့များပင် ဖြစ်၏။

"သူ....သူ....သူလာပြီ၊ မမလေးစောနန်းရှင် လာပြီ"

မျိုးဆွေက ဝမ်းသာအားရဖြင့် ရေရွတ်မိသည်။

စောနန်းရှင်နှင့် တွေ့ရမည့်အတွက် သူ ပျော်နေသည်။

စောနန်းရှင်နှင့် တွေ့ရလျှင် ကမ္ဘာလောကကြီး တစ်ခုလုံးကိုပါ သူမေ့ပျောက်ထားနိုင်သည်။

မျိုးဆွေ ထင်မှတ်သည့်အတိုင်း စောနန်းရှင်၏ပုံရိပ်သည် တဖြည်းဖြည်း ထင်ရှားလာသည်။

"မောင်မျိုးဆွေ ရောက်လာပြီကိုး၊ မမလေး ဝမ်းသာပါတယ် မောင်မျိုးဆွေရယ်၊ မမလေးကို မောင်မျိုးဆွေ ဘယ်လောက်ထိ ချစ်တယ်ဆိုတာကိုလဲ သိရပါပြီ၊ ခုဆိုရင် မောင်မျိုးဆွေနဲ့ မမလေးစောနန်းရှင်တို့ ဘယ်တော့မှမခွဲရတော့ဘူး....မောင်မျိုးဆွေ ပျော်သလားဟင်"



"ပျော်တာပေါ့ စောနန်းရှင်ရယ်"

"ဒါဆို ကောင်းပြီ...မောင်မျိုးဆွေ၊ မင်းမမလေးနောက် တစ်ခါတည်း လိုက်ခဲ့ပေတော့"

စောနန်းရှင်က ပြောပြောဆိုဆို မျိုးဆွေ၏ နဖူးကို ညာဘက် လက်ဝါးဖြင့် သာသာကလေး အုပ်ကိုင်လိုက်၏။

ထိုအခါ မည်ကဲ့သို့ ဖြစ်သည်ဟု မဆိုနိုင်ဘဲ မျိုးဆွေသည် မှုးမော်သကဲ့သို့ သူခံစားလိုက်ရပြီးနောက် ခန္ဓာကိုယ်သည် ပေါ့ပါးစွာ လေထဲသို့ လွင့်ပျံနေသလို ထင်မှတ်ရသည်။

အသေအချာ ကြည့်လိုက်သောအခါ မျိုးဆွေခန္ဓာကိုယ် နှစ်ခုဖြစ်နေသည်။

ခန္ဓာကိုယ်တစ်ခုကကတ္တတ်ပင်ခြေရင်းတွင်ခွေခွေကလေး လဲကျနေသည်။

အိပ်ပျော်နေသည့် ပုံစံပင်လား၊ သေဆုံးနေသည့်အသွင် သဏ္ဌာန်မျိုးလားတော့ မသိရချေ။

မျိုးဆွေ၏ ခန္ဓာကိုယ် တစ်ကိုယ်ကမူ စောနန်းရှင်ကို လက်တွဲလျက် ခေါ်ယူရာနောက်သို့ လိုက်ပါသွားခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင်....

မျိုးဆွေသည် ထူးဆန်းစွာ လင်းကျင်းနေသော ကျောက်ဂူကြီး တစ်ခုထဲသို့ ရောက်သွားပြီး တရင်းတနှီးတွေ့ဖူး သိကျွမ်းဖူးသော မိန်းကလေးနှစ်ယောက်ကို တွေ့ရသည်။

မမကြီး စောနန်းနွယ်နှင့် မမငယ် စောနန်းခင်တို့ ဖြစ်ကြောင်း မျိုးဆွေ ကောင်းကောင်းကြီး မှတ်မိနေ၏။

သူတို့နှစ်ယောက်ကမူ မျိုးဆွေရောက်လာသည့် အတွက် ပျော်ရွှင်နေကြသည်။

သို့သော်လည်း....

မြင်းဖြူကြီးစီးနေသော ကိုကိုမင်းရန်နောင်ကမူ မျိုးဆွေကို ခေါ်လာသည့်အတွက် သိပ်ပြီး သဘောကျပုံ မရချေ။

သူသည် မြင်းကို စီးနေရာက ရပ်တန့်လိုက်ပြီး သူတို့အနားသို့ လျှောက်လာခဲ့လေ၏။

"ဒါက ဘာသဘောလဲ စောနန်းရှင်၊ နင် သူ့ကို အပြီးခေါ်လာခဲ့တာလား"

ကိုကိုမင်းရန်နောင်က မေးလိုက်၏။

"ဟုတ်ပါတယ်....ကိုကိုမင်းရန်နောင်"



"နင်ဒီလိုလုပ်တာမျိုးကို ဘဘသိရင် ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး၊ မောင်မျိုးဆွေကို အခုလို သူ့ဘဝထဲကနေ ဆွဲထုတ်ခေါ်လာတာမျိုးကို သဘောတူမှာ မဟုတ်ဘူး"

မင်းရန်နောင်၏ စကားကြောင့် စောနန်းရှင် မျက်နှာ ကွက်ခနဲပျက်သွား၏။

"မတတ်နိုင်ဘူး ကိုကို၊ စောနန်းရှင်ကတော့ ဘဘကို တောင်းပန်ရမှာပဲ"

မင်းရန်နောင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

စောနန်းရှင်သည် မျိုးဆွေအား ရေကြည် တသွင်သွင် စီးဆင်း နေသော စမ်းချောင်းကလေး ရှိရာသို့ ခေါ်သွားလေသည်။

စမ်းချောင်းထဲရှိ ရွှေငါးလေးတွေ ကူးခတ် နေသည်ကို ထိုင်၍ကြည့်ကြသည်။

ကျောက်တုံးများပေါ်တွင်ထိုင်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျေနပ်ကြည်နူး နေမိကြသည်။

အချိန်တွေ အတော်ကုန်လွန်သွားသည်အထိ သူတို့ နှစ်ယောက် နေရာမှမရွေ့ဖြစ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိသော အချိန်များကို သူတို့နှစ်ဦးသည် အချစ်ဖြင့်သာ ချည်နှောင်လိုက်ကြ၏။

မျိုးဆွေသည် ထိုအချိန်တွင် ဘာကိုမျှ သတိမရတော့။

သူ့ရှေ့မှာ ထိုင်နေသည့် စောနန်းရှင်၏ တစ်မျက်နှာကိုသာ တစ်ကမ္ဘာ ထင်မှတ်နေမိရှာ လေ၏။

★

## အခန်း (၁၃)

### ဘဝ တစ်ခု အဆိုင်းအငိုင်း ဆော်ခု

မျိုးဆွေက အရာအားလုံးကိုမေ့လျော့နေသည့်အချိန်တွင် ဒေါ်ခင်မေကြီး၊ မိုးဦးနှင့် နွဲ့လေးစု တို့မှာမူ ကမ္ဘာ ပျက်တော့မတတ် အပူမီးလောင်နေကြလေတော့၏။

"မောင်မိုးဦး စဉ်းစားစမ်းပါကွယ်၊ မင်း သူငယ်ချင်းက ဘယ်များ ရောက်နေနိုင်မလဲ၊ သူ ဘယ်ကို သွားတော့မလဲ"

ဒေါ်ခင်မေကြီးက မိုးဦးကို ခရီးရောက်မဆိုက်ပင် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့....ကြီးမေ၊ ကျွန်တော်လဲ အဲဒါကိုပဲ စဉ်းစားနေတာ၊ ဪ....ဪ.... သိပြီ....သိပြီ၊ သူ ဟိုတလောတုန်းက ကျွန်တော့်ကို ပြောဖူးထားတာ ရှိတယ်"

"ဟုတ်လား....ဘာတဲ့လဲ"

"သူ ရွှေနဒီလှိုင်ဘက်ကို သွားချင်တယ်တဲ့"

"ရွှေနဒီလှိုင်"

"ရွှေနဒီလှိုင်"

ဒေါ်ခင်မေကြီးရော နွဲ့လေးမူကပါ ဖြိုင်တူလိုပင် ပဲ့တင်ထပ်မျှ ပြောမြစ်ကြ၏။

"ဟုတ်တယ်၊ သူ ရွှေနဒီလှိုင်ဘက်ကို သိပ် သွားချင်နေတယ်လို့ ကျွန်တော့်ကို ပြောဖူးတယ်၊ ကျွန်တော်က လူပြော သူပြောများတဲ့နေရာ ခေါင်တဲ့နေရာ လူပြတ်တဲ့နေရာမို့ သူ့ကိုမသွားဖို့ တားလိုက်သေးတယ် ကြီးမေ"

"ဟုတ်လား၊ ဒါဆို....ဒါဆို....သားနောက်ကို မောင်မိုးဦး လိုက်သွားပေးပါလားကွယ် ဟင်"



"ဟုတ်ကဲ့ဒေါ်ဒေါ်၊ ကျွန်တော်လိုက်သွားပေးပါ့မယ်"

"ကျွန်မလဲ လိုက်ခဲ့မယ် ကိုမိုးဦး"

"နွဲ့လေးမူ လိုက်လို့ မဖြစ်ဘူးနဲ့တူတယ်၊ တောက နက်တော့ မိန်းကလေး တစ်ယောက်အတွက် အန္တရာယ် ရှိနိုင်တယ်"

"ဟုတ်သားပဲ သမီးရယ်၊ လိုက်မသွားပါနဲ့လား"

ဒေါ်ခင်မေကြီးကပါ ဝင်၍တားလိုက်၏။

"ဒါဆို ကိုမိုးဦး တစ်ယောက်တည်းသွားမှာလား"

"မဟုတ်ဘူး၊ ကျွန်တော့် သူငယ်ချင်းနှစ်ယောက်ပါ ခေါ်သွားမှာပါ"

"မြန်မြန်တော့ သွားကြဖို့လိုလိမ့်မယ်နော် ကိုမိုးဦး"

"သွားမှာ၊ ကျွန်တော် ဗိုကပြန်တာနဲ့ တန်းပြီးသွားမှာပါ"

ဤသို့ဖြင့် မိုးဦးသည် ရွှေနဒီလှိုင်ဘက်သို့ အခြော် နှစ်ယောက်နှင့် အတူ ရေးကြီးသုတ်ပျာ ထွက်လာခဲ့ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လက်လှမ်းမီရာ လက်နက်များကိုလည်း တစ်ပါတည်း ယူဆောင်လာခဲ့ကြလေ၏။

ရွှေနဒီလှိုဏ်သို့ ရောက်သောအခါ သူတို့သည် သတိကြီးစွာထားလျက် ရှေ့ခရီးဆက်ရင်း မျိုးဆွေရှာပုံတော် ဖွင့်ကြရလေ၏။

ရွှေနဒီလှိုဏ်ထဲတွင် အတော်ကြာအောင် လျှောက်သွားမိကြသောအခါ လွန်စွာ ကြီးမားလှသည့် ကတွင်ပင်ကြီးကို တွေ့ကြရလေ၏။

ကတ္တွတ်ပင်အိုကြီး၏ ခြေရင်း၌မူ ခွေခွေကလေး လဲကျနေသော မျိုးဆွေကိုတွေ့လေရာ မိုးဦး၏ရင်ထဲတွင် ထိတ်ခနဲ ခံစားလိုက်ရပြီး အလေသုံးဆယ် ပြေးယူပွေ့ထူလိုက်၏။

"သူငယ်ချင်း၊ သူငယ်ချင်း မျိုးဆွေ"

မျိုးဆွေကို လှုပ်ယမ်း ခေါ်ငင်ကြည့်သော်လည်း မျိုးဆွေက တုပ်တုတ်မျှပင် မလှုပ်။

လက်ကောက်ဝတ်ကို ကိုင်ပြီး စမ်းသပ် ကြည့်သောအခါတွင်ကား သွေးမတိုးတော့။



"ဟင်...."

မိုးဦး ထိတ်ခနဲ ခံစားရသည်၊ အလာကောင်းပေမယ့် အခါနှောင်းခဲ့လေပြီလား။

မိုးဦးတို့ ထိုကဲ့သို့ ဖြစ်ပျက်နေချိန်တွင် ဂူကြီးအတွင်း၌ကား စောနန်းရှင်ကို သူတို့၏ ဘဘက မာန်မဲကြိမ်းမောင်းနေလေ၏။

"နင် ဘယ်လိုလုပ်ခဲ့တာလဲ စောနန်းရှင်၊ ဘဘ သေသေချာချာ ပြောထားရဲ့သားနဲ့၊ မျိုးဆွေကို သွားခေါ်ဖြစ်အောင် ခေါ်လာခဲ့ရသလားဟဲ့၊ လူ့ပြည်သက်တမ်းတစ်ရာဆိုတာ ဘာရှိတာမှတ်လို့....

"ညည်း နည်းနည်းကလေးတောင် မစောင့်နိုင်ဘူးလား၊ သူ့ခမျာ ဟိုဘဝ ဟိုခန္ဓာနဲ့ ဟိုမိသားစုအသိုင်းအဝိုင်းရှိနေတယ်ဆိုတာ နားမလည်ဘူးလား၊ ခုဆိုရင် သူတို့တွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကုန်ကြပြီပေါ့"

စောနန်းရှင်ကတော့ ဘာမျှပြန်၍မပြော။

ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းများ စီးကျလျက် ရှိုက်ငိုလျက်နေ၏။

www.burmeseclassic.com



"သွား.... သူ့ကိုပြန်ပို့လိုက်စမ်း စောနန်းရှင်၊ ပို့ပြီးရင်လဲ သူ့ရဲ့အတိတ်တွေအားလုံး ဘာကိုမှ သတိရအောင်မလုပ်နဲ့တော့၊ အားလုံးကို သူ မေ့သွားပါစေ"

"ရှင်.... ဘာ၊ သမီး သူ့ကို...."

"ငါ့ကို နင် ဘာမှပြန်ပြီးပြောမနေနဲ့တော့ အမိုက်မ၊ သူ့ကိုသာ ခေါ်ရာနေရာ ပြန်ပို့လိုက်...."

"နင် ငါ့စကားနားမထောင်ရင် နောက် ဘုရားကို မဖူးရတဲ့ကိုယ် ဖြစ်သွားမယ်နော် နားလည်လား"

စောနန်းရှင် ခေါင်းကြီးငုံ့နေသည်။

ဘာမှဝင်မပြောရဲဘဲ နံဘေးတွင် ငြိမ်ချေးကြည့်နေသူကား မျိုးဆွေသာဖြစ်ချေ ဖြစ်၏။

"နင် အခု အချိန်ရသေးတယ်နော် စောနန်းရှင်၊ ငါပြောတဲ့အတိုင်း နင် သူ့ကိုပြန်ပို့လိုက်၊ ချက်ချင်းပြန်ပို့ပေးရင် နင့်အတွက် ဒဏ်ခတ်ခံရတာ သက်သာမယ်၊ နို့မဟုတ်ရင် ငါ့ကိုအပြစ်မတင်နဲ့"

စောနန်းရှင် ဆန့်ကျင်ဘက် မပြုသာတော့ဘဲ မျိုးဆွေကို နေရာသို့ ပြန်ပို့ပေးရန် သဘောတူလိုက်ရလေတော့၏။



မျိုးဆွေ စိတ်ထဲတွင် တစ်စုံတစ်ရာ ပြောချင်ဆိုချင်နေသော်လည်း ဘာတစ်ခုမျှ မပြောဖြစ်။

မပြောနိုင်အောင်လည်း တစ်စုံတစ်ရာ ကြီးမားသောအင်အားကြီး တစ်ခုက စိုးမိုးချုပ်ကိုင်ထားသလို ခံစားရသည်။

ထို့နောက် စောနန်းရှင်သည် မျိုးဆွေ၏လက်ကိုဆွဲလျက် နောက်ကြောင်းသို့ ပြန်လှည့်ခေါ်ဆောင်ခဲ့သည်။

အလာတုန်းကလိုပင် လေထဲတွင် ပျံဝဲနေရသလို ခံစားရ၏။

ကတွတ်ပင်ကြီးသို့ရောက်လျှင် ခွေခွေကလေး လှဲနေသည့် သူ့ခန္ဓာကိုယ်ပတ်လည်တွင် မိုးဦးနှင့် အခြားသူငယ်ချင်း နှစ်ယောက်က စိုးရိမ်တကြီးဖြင့် ငုံ့ကြည့်နေကြသည်။

မျိုးဆွေသည် လေထဲမှာ ပျံဝဲရင်း သူ့ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်မိပြီးသောအခါ....

"ဟော.... ဟော.... လှုပ်လာပြီ၊ သူ လှုပ်လာပြီ ကိုမိုးဦး"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း တစ်ယောက်က အော်ပြော လိုက်သဖြင့် မိုးဦးလည်း သူမျက်စိမမှားကြောင်း သတိထားမိပြီး လွန်စွာ ဝမ်းသာအားရ ဖြစ်သွားလေ၏။

"သူငယ်ချင်း မျိုးဆွေ၊ မင်း.... မင်း.... မသေတော့ဘူး၊ မသေတော့ဘူး"

ပြောပြောဆိုဆို မိုးဦးသည် မျိုးဆွေအား တင်းကျပ်စွာ ဖက်တွယ်ထားလိုက်မိလေတော့၏။

★

## အခန်း ( ၁၈ )

### မလိုလားအပ်သည်များကို မေ့ပစ်

ထူးဆန်းလှသည်မှာ မျိုးဆွေသည် အထက်ပါ ဖော်ပြခဲ့ပြီးသော အကြောင်းအရာ အားလုံးတို့ကို မေ့လျော့သွားခဲ့ခြင်းပင် ဖြစ်၏။

မေ့သည်မှ မမလေးခေါ် စောနန်းရှင်ဆိုသည့် မိန်းကလေးကိုပါ မေ့လျော့သွားခြင်း ဖြစ်လေ၏။

ထို့အပြင် ရွှေနဒီလှိုု၊ ကတွတ်ပင်ကြီး၊ မမကြီး စောနန်းနွယ်၊ မမငယ် စောနန်းခင်၊ မမလေး စောနန်းရှင်၊ ကိုကိုမင်းရန်နောင် စသည့် အားလုံးကိုပါ လုံးဝအမှတ်မရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းနှင့်စပ်လျဉ်း၍ သူ့ကိုမေးမြန်းသည့် သူငယ်ချင်း မိုးဦးအား လည်းကောင်း၊ နွဲ့လေးမူအား လည်းကောင်း သူက နားမလည်စွာဖြင့် ငေးစိုက်ကြည့်နေခြင်းအတွက် မိုးဦးနှင့် နွဲ့လေးမူတို့မှာ အံ့အားအသင့်ကြီး သင့်ကြရလေ၏။

သို့သော်လည်း ထိုကဲ့သို့ အရာအားလုံး ကို မေ့လျော့သွားခြင်းအတွက် သူတို့ ကျေနပ်ကြရပါ၏။

ဆန်းကြယ်ထွေပြားလှသော သဘာဝတရားကြီးထဲတွင် ရံဖန်ရံခါ၌ ထိုကဲ့သို့ မလိုလားအပ်သည်များကို မေ့လျော့ပျောက်ဖျက်နိုင်ခြင်းသည်လည်း လိုအပ်လှသည့် အကြောင်းအရာ အချက်အလက်တစ်ခုပင် ဖြစ်လေတော့၏။

ဧယျာတုသဗ္ဗမင်္ဂလံ

ထင်းရှောင်ထင်

BURMESE CLASSIC
www.burmeseclassic.com